
www.burmeseclassic.com

# သင်းပဝဒ်

## နှလုံးသားကိုနင်းတဲ့အချစ်ခြေရာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ကျွန်တော့်ကိုမွေးဖွားရာ ကျွန်တော့်ရဲ့ ဇာတိမြေဟာ ကြံဖန်ကျေးရွာတင်မည်ဆိုပါက ကျေးရွာရှိပါသည်။

သို့သော် ...

ထို ကျေးရွာကို ဆပ်ဖို့မလိုဟု ကျွန်တော်က ကျွန်တော့် ဖာသာကျွန်တော် ခံယူခဲ့သည့်အတွက် ဇာတိမြေကို ကျောခိုင်း ထွက်ခွာဖြစ်ခဲ့ပါ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော်က ရန်ကုန်ကို ရောက်ဖူးသည်ဆိုသော်လည်း သိပ် ကျွမ်းကျွမ်းကျင်ကျင်ကြီး သွားတတ်၊ လာတတ်တာ မဟုတ်။ ဘယ်နေရာ ဘာရှိပြီး၊ ဘယ်ကဘယ်လို သွားရမှန်းလည်း မသိ။ ထို့ကြောင့် ....

အညာက စထွက်လာတဲ့နေ့ကတည်းက ကိုကိုမောင့်ကို ကြိုတင်၍ ဖုန်းဆက်ထားပြီးသား။ ဒါကိုပဲ လွဲဖြစ်အောင် ကြံဖန် လွဲသည်။

''မန္တလေးရောက်ရင်လည်း ဖုန်းထပ်ဆက်လိုက်ဦး။ အဲဒီက ထွက်လာတဲ့ ရထားချိန်သိမှ ရန်ကုန်ဘူတာကြီးမှာ လာကြို

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



လို့ အဆင်ပြေမှာ .... ကြားလား ညီ"

ကိုကိုမောင်ကလည်း ကျွန်တော် ရွှေဘိုမြို့က မထွက်ခင်ကတည်းက မှာသည်။ သူ မှာသည့်အတိုင်း မန္တလေးဘူတာကြီး ရောက်တော့ ရထားလက်မှတ်လဲ၊ တွဲနံပါတ်၊ ခုံနံပါတ်သိကတည်းက ဖုန်းဆက်သည်။ ရထားမထွက်မချင်း ဆက်သည်။ ရထားသာထွက်ပေမယ့် ကိုကိုမောင့်ရုံးကို ဘယ်လိုမှ ဖုန်းခေါ်၍ မရခဲ့။

ဘယ်ခေါ်လို့ ရပါ့မလဲ။ ကိုကိုမောင်တို့ ရုံးဖုန်းက ကျွန်တော်ထွက်လာသည့်နေ့ကစပြီး ပျက်နေပါသတဲ့လေ။

ကျွန်တော့်မှာဖြင့် ရန်ကုန်ဘူတာကြီးကို ရထားဆိုက်တော့လည်း ယောင်ချာချာနှင့် သူများဆင်းသလို ရောယောင်ဆင်းလိုက်လာခဲ့သည်။ ခရီးသည် လူတန်းကြီးနောက် တရွေ့ရွေ့တိုးဝှေ့လာရင်း ကိုကိုမောင့်ကို ပြူးပြဲနေအောင် ရှာရ၏။

ဖြစ်နိုင်လျှင် ကုန်းအော်ခေါ်ပစ်လိုက်ချင်မိ၏။ မတတ်သာသည့်အဆုံး ဘူတာတွင်းဝန်းကျင် ခရီးသည်များ နားနေသည့် နေရာတစ်ဝိုက် ဟိုသည်လျှောက်ကြည့်ရင်း တယ်လီဖုန်း

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ရုံတွေ၌ ကိုကိုမောင့်ရုံးကို ထပ်ဆက်ကြည့်ပြန်သည်။

ကံကောင်းချင်တော့ အဲဒီအခါကျမှ ဖုန်းက လိုင်းဝင်သွား၏။

"ဪ၊ ကိုကိုမောင့်တူ ဆိုဆိုတာလား၊ ကိုကိုမောင် အခုပဲ ဘူတာကြီးကို သွားတယ်"

"............"

"ဟုတ်တယ်၊ မနေ့ကတည်းက ဖုန်းပျက်သွားတာ၊ ဒါကြောင့် ကိုကိုမောင်က ရထားချိန် မသိရလို့ စိတ်ပူနေတာ၊ ဘယ်မှမသွားဘဲ ဘူတာရှေ့က စောင့်နေလိုက်နော်"

တော်သေးသည်။ အခုမှပဲ ကျွန်တော် စိတ်ပူပန်စိုးရိမ်နေရသည့် အပူလုံးကြီးကျသွားတော့၏။

"ဟူး"

ကျွန်တော်က ဖုန်းခွက်ကိုချ၊ ပိုက်ဆံရှင်း၊ လေပူ တစ်ချက်မှုတ်ထုတ်လိုက်စဉ် သုတ်သီးသုတ်ပျာနှင့် ဘူတာထဲဝင်လာသော လူတစ်ယောက်ကို တွေ့ရသည်။ သူကလည်း ကျွန်တော့်ကို မြင်သွားပြီး ကျွန်တော်ကလည်း သူ့ကိုမြင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သွားသည်။

အဲဒါ ကိုကိုမောင်ပေါ့။ ကျွန်တော့်ဦးလေးတစ်ဝမ်းကွဲ လူပျိုကြီး ကိုကိုမောင်ပေါ့။

"တော်သေးတာပေါ့ကွာ၊ လွဲမကုန်လို့ ငါ့မှာဖြင့် စိတ်ပူ လိုက်ရတာ"

ကိုကိုမောင်က စိတ်အေးသွားပုံဖြင့် ပြောသည်။ ရန်ကုန် ရာသီဥတုသည် ကိုကိုမောင့်အား တော်တော်နှိပ်စက်ထားပုံရ၏။ ချွေးတွေနှင့် ရွှဲနေသည်။ ပြီးတော့ အသက်သုံးဆယ်ကျော်နှင့် မလိုက်အောင်ပင် ဝလုံးနေ၏။

ကိုကိုမောင်သည် ကျွန်တော့်ဦးလေးဟုဆိုသော်လည်း ကျွန်တော်က ဦးလေးဟု မခေါ်ပါ။ ကိုကိုမောင်ဟုသာခေါ်ပြီး သူငယ်ချင်းလို ပေါင်း၏။ ကျွန်တော့်အဖေနှင့် ကိုကိုမောင်က ညီအစ်ကိုတစ်ဝမ်းကွဲတော်ပြီး ကျွန်တော်နှင့်က ငယ်ကတည်းက တတွဲတွဲပေါင်းသူ။ အသက်ကလည်း သိပ်မကွာ။ ခုနစ်နှစ် ရှစ်နှစ်သာကွာသည်။

"ကျောပိုးအိတ်တစ်လုံးနဲ့ ပေါ့ပေါ့ပါးပါးဆိုတော့ ဘတ်စ်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကားပဲ စီးရအောင်ကွာ၊ တက္ကစီခတွေက ဈေးကြီးတော့ နှမျော တယ်''

''သဘောပဲ''

ကျွန်တော့် ဦးလေးကတော့ ဒီလိုပါပဲ။ အလွန်နှမြော တတ်သည်။ နှမြောတတ်လွန်းလို့လည်း အတွက်မှားကာ ခဏခဏမှားပြီး ပိုကုန်တတ်၏။

''ဟော့ကောင် ညီ၊ ရန်ကုန်မှာ နေမှာက တစ်လ နှစ်လထဲ မဟုတ်ဘူးကွ၊ မင်း အဝတ်အစားတွေက ဒါလေးပဲ လား''

ကိုကိုမောင်ကတော့ လုပ်ပြီ။ သူ့အဝတ်တွေ လိုက်ဝတ် မှာကြောက်ပြီး လူကို မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် ပြောဟန်တူ ၏။

''ဘယ်ကလာ ဒါလေးပဲရမှာလဲ၊ နောက်က လိုက်လာ လိမ့်မယ်''

''ဘာ''

ကိုကိုမောင်က အဝတ်အစားတွေ နောက်ကလိုက်လာ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



လိမ့်မည်ဟု ပြောလိုက်သော ကျွန်တော့်စကားကြောင့် အံ့ဩကာ အော်လိုက်၏။

"ကျွန်တော် ဒီကို ထွက်မလာခင်တစ်ရက်က အားလုံး ထုတ်ပိုးပြီး စာတိုက်ကနေ ချောထုပ်နဲ့ ပို့ခဲ့တယ်"

"ဩော်"

ဟုတ်တယ်လေ။ ချောက ဘယ်လောက်မှ မကုန်ဘူး။ ရထားပေါ် ကျွန်တော် စိတ်ချလက်ချအိပ်လိုက်နိုင်ခဲ့တာပေါ့။

ကိုကိုမောင်က ကျွန်တော့်ကို ၄၅ ဘတ်စ်ကားဂိတ်ကို ခေါ်လာခဲ့သည်။ ကျွန်တော့်ဦးလေးက ကမာရွတ် ဘူတာရုံလမ်းတွင် တိုက်ခန်းလေးတစ်ခန်းဝယ်ပြီး တစ်ယောက်တည်းနေသည်။ တစ်ယောက်တည်းနေသော်လည်း ဆွေမျိုးသားချင်း၊ မိတ်ဆွေ သူငယ်ချင်း၊ ညော်သည် ပြတ်သည်မဟုတ်။

အလွန်ကပ်စေးနဲသော ကျွန်တော့်ဦးလေးက နေဖို့ထိုင်ဖို့ အလွန် ညော့်ဝတ်ကျေပွန်သော်လည်း အကျွေးအမွေးညံ့လှသဖြင့် စားတာသောက်တာတော့ ကိုယ့်အစီအစဉ်နှင့်ကိုယ် နှစ်ပါးသွား ကြရသည်ဆိုပဲ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဘတ်စ်ကားကြီးက ဆင်းသူ၊ တက်သူများနှင့်တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင် ကျော်ဖြတ်လာခဲ့သည်။ ကျွန်တော်တို့စီးလာတာက မြို့တော်ခန်းမရှေ့ ၄၅ နံပါတ် ဂိတ်အစဖြစ်၍ ထိုင်စရာနေရာရသည်။ ကား၏ နောက်ဆုံးတန်းတွင် ကျွန်တော်နှင့်ကိုကိုမောင်အပါအဝင် စုစုပေါင်း ခြောက်ယောက်ထိုင်နေကြသည်။

ထို ခြောက်ယောက်ထဲတွင် လေးယောက်က (ကိုကိုမောင် အပါအဝင်) ခပ်ဝဝများ ဖြစ်ကြ၏။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်ကျပ်ညပ်နေသည်။

ကျွန်တော့်ဘေးမှာ ထိုင်နေသော ခပ်ဝဝအမျိုးသမီးကြီး၏ ကိုယ်လုံးတစ်ခြမ်းစာနီးပါး ကျွန်တော့်ရင်ခွင်ထဲရောက်နေ၏။

''ကားစီးရင်း လမ်းတွေ၊ မှတ်တိုင်တွေ တစ်ခါတည်း မှန်နော် ညီ''

ကိုကိုမောင်က ကျွန်တော့် ဘယ်ဘက် နားရွက်နားတိုးတိုးကပ်ပြောရင်း သင်ပေးသည်။ ကျွန်တော် ခေါင်းညိတ်နေလိုက်၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ဒါ ပြည်သူ့ရင်ပြုန်နဲ့ ရွှေတိဂုံဘုရား''

ပြောရင်း ကိုကိုမောင်က လက်အုပ်ချီ၍ ဘုရားကို အာရုံပြုလိုက်သည်။ ကားပေါ်က လူတချို့လည်း ထိုနည်းငှင်းပင်။

''ဒါဒါ စိန်ဂေဟာကွ''

ကျွန်တော် ဘာမှန်းမသိဘဲ ခေါင်းညိတ်လိုက်ရပြန်သည်။

''မြေနီကုန်းရောက်ပြီ၊ ဟိုးမှာ Dagon Centre ပေါ့''

ကြာတော့ ကျွန်တော် ရှက်လာသည်။ ကိုကိုမောင်လုပ်ပုံနှင့် ဘေးကလူတွေက ကျွန်တော့်ကို တောသားဟု ထင်ကုန်ကြတော့မည်။ (တောသားတော့ တောသားပေါ့လေ) သိသာသိစေ မမြင်စေနဲ့ ဆိုတာလိုပေါ့။

ဒါနှင့်ပဲ ကိုကိုမောင် ပြောတာတွေကို ကျွန်တော် မသိချင်ယောင်ဆောင်၍ အနန်တိဝဝကြီးကိုကျော်ကာ အပြင်ကို ငေးလိုက်လာခဲ့သည်။

လှည်းတန်းမှတ်တိုင်ကိုကျော်တော့ ကျွန်တော့်ဘေးက အန်တီကြီး ထသွားသည်။ နောက် နှစ်မှတ်တိုင်ကျော်လျှင်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော်တို့ ဆင်းရမည့်မှတ်တိုင်။

"လာ ညီရေ၊ ရှေ့တိုးထားမယ်"

ကျွန်တော်က ကိုကိုမောင်နှင့်အတူ ထိုင်ရာမှ ထလိုက်သည်။ ထိုအချိန် ကားပေါ်တွင် ရုတ်ရုတ်သဲသဲလိုလို ဖြစ်ဟန် တွေ့ရ၏။ ကိုယ်နှင့်မဆိုင်သောကြောင့် အေးအေးသာ နေလိုက်ကြသည်။

"ရှေ့မှတ်တိုင်ဆို ဆင်းရပြီ ညီ၊ ဘူတာရုံပါတယ်နော်"

ကိုကိုမောင်က ကျွန်တော့်ကို ပြောရင်း တစ်ဆက်တည်း အောက်ကာ အပေါက်ဝသို့ တိုးသွားသည်။ သို့သော် သူတို့ဆင်းရမည့် ဘူတာရုံလမ်းတွင် ကားက မရပ်။

"ဟ"

ကိုကိုမောင်၏ တအံ့တသြသံ မဆုံးခင် စပယ်ယာ၏ အသံ ထွက်ပေါ်လာသည်။

"ခရီးသည်များ ခင်ဗျာ၊ ဘယ်သူမှ ဆင်းလို့မရသေးပါဘူး၊ အခု လှိုင်မြို့နယ်ရဲစခန်းကို မောင်းနေတာပါ"

ကျွန်တော့်မှာ စပယ်ယာပြောစကားကြောင့် လန့်သွားရ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တော့သည်။ ကိုကိုမောင်က

"ဘာလဲ၊ ဘာဖြစ်တာလဲ"

"ခါးပိုက်နှိုက်ခံရလို့ပါ ခင်ဗျာ၊ မှတ်ပုံတင်နဲ့ ပိုက်ဆံ သုံးသောင်း ပါတယ်တဲ့"

ကျွန်တော်က ကျွန်တော့် ဘောင်းဘီအိတ်ကို မောင် ရပ်း စမ်းလိုက်မိ၏။ လမ်းတွင် အလွယ်သုံးရန် ထည့်လာသော ပိုက်ဆံကို စမ်းမိသည်။ သုံးသောင်းလောက်တော့ ရှိဦးမည်။

ကိုယ့်ပိုက်ဆံ မပျောက်တာတော့ ဟုတ်ပြီ။ သို့သော် ကိုယ့်မှာရှိတာကို သူ့ ပျောက်တဲ့ပိုက်ဆံပါပဲ့ ဖွင့်ပြလျှင်တော့ ခက်ပြီ။ ဒါမျိုးတွေက ဖြစ်တတ်လေ့ရှိသည်။

ကျွန်တော် Taxi ခ နေမြဲသော ကိုကိုမောင့်ကို ဘု ကြည့်ကြည့်ရင်း ချွေးနှစ်ဆ ပိုထွက်လာ၏။

"အန်တီ့ဘေးမှာထိုင်တာ ဒီသားလေးပဲ၊ ဒီသားလေးက အန်တီနဲ့ တစ်ခုံတည်းပဲ"

"ဟိုက်"

ကျွန်တော့်စိတ်ထဲ ဟိုက်ခနဲအော်လိုက်မိသည်။ ကြောက်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ပါသည်ဆိုမှ [ပြုံး]ခြောက်နေပြန်ပြီ။ ပြဿနာပဲ။

"ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော် Taxi ငှားစီးလိုက်ရင် အကောင်းသား၊ ကိုကိုမောင် နှမြောတာနဲ့ ကျွန်တော် ဒုက္ခ ရောက်တော့မယ်"

ကျွန်တော်က ကိုကိုမောင့်ကို ကျိတ်အပြစ်တင်လိုက် သည်။ ကိုကိုမောင့်မျက်နှာက အိလယ်လယ်၊ စပ်ဖြီးဖြီးနှင့်။

"ရဲစခန်းရောက်ပြီး ရှာလိုက်ရင် ကိုယ် မဟုတ်ရင် ပြီးသွားမှာပါကွာ"

သူကတော့ ပြောအားရှိတာပေါ့။ ဘောင်းဘီအိတ်ထဲ ကွက်တိပါနေသော ငွေသုံးသောင်းက ကျွန်တော့်ကို ပြုံးခြောက် နေ၏။

"ပိုက်ဆံအိတ်က အနက်ရောင်အသေးလေး။ မှတ်မိတယ် ပါတယ်"

ပိုက်ဆံအိတ်လိုက်ဆို၍ ကျွန်တော် စိတ်အေးသွားရ သည်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်မြေခြေချသည့် ပွဲဦးထွက် အတွေ့ အကြုံကား သင်းလှသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်ကို ရန်ကုန်မြေကြား စကတည်းက ယဉ်သကို ဆိုသလို လှုပ်လှုပ်ရှားရှားလေး ကြိုဆိုလိုက်ပေ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"အန်တီ့နားမှာ ထိုင်တာ ဒီသားလေးပဲ"

မိန်းမကြီးက ထိုစကားကိုပဲ ထပ်ခါထပ်ခါပြောတော့ ကျွန်တော် စိတ်တိုလာသည်။ ပတ်ဝန်းကျင်က လူတွေကလည်း ကျွန်တော့်ကိုပဲ ကြည့်လှပြီ။

"ဟာ အန်တီကလဲဗျာ၊ ဒါပဲ ခဏခဏပြောနေတာပဲ၊ ထိုင်မှာပေါ့ဗျ၊ ဘာတစ်ခုကားပဲဟာ၊ အန်တီ့နား ကျွန်တော် ထိုင်တာနဲ့ပဲ ပိုက်ဆံအိတ်ပျောက်ရမှာလား"

"ဒါတော့ကွယ်၊ အဖြစ်နိုင်ဆုံး အနီးစပ်ဆုံးကို ပြောရတာပေါ့"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


မိန်းမကြီးကလည်း သူနှင့်အနီးဆုံး ပူးကပ်ထိုင်နေသည့် ကျွန်တော့်ကို လုံးဝ သက်ာပုံ မရ။

အံမယ် ဘွားတော်ကြီးက အသက်က ကျွန်တော့်အမေ အရွယ်လောက်ရှိပြီး ခန္ဓာကိုယ်က ဝနေသော်လည်း မျက်နှာကျပုံ နှင့် မျက်နှာပေါ်က အင်္ဂါအစိတ်အပိုင်းတွေက အတော်လှ၏။ ငယ်တုန်းကဆိုလျှင် ဘော်တော်ချောမည့်ပုံ .....။

"ရဲစခန်းရောက်ရင် တာဝန်အရတော့ အရှာခံရဦးမှာ ပေါ့ကွာ၊ ကိုယ် မဟုတ်တော့လည်း ပြီးတာပဲ ညီရာ"

ကိုကိုမောင်က ကျွန်တော့်ကို နှစ်သိမ့်သလိုပြောသည်။

လှိုင်ရဲစခန်းဝင်းထဲ ဘတ်စ်ကားရပ်ပြီး ခရီးသည်တွေ ကို တစ်ယောက်ချင်းဆင်းခိုင်းကာ အိတ်တွေဖွင့်ရှာ၊ နှိုက်ရှာ သည်။

ခရီးသည်တွေအားလုံးကုန်သော်လည်း ပျောက်သော ပိုက်ဆံအိတ်ကိုကား မတွေ့။

"ပိုက်ဆံထက် မှတ်ပုံတင်က အရေးကြီးလို့ပါကွယ်"

မိန်းမကြီးက ညည်းညူရင်း ကျွန်တော့်ကို အားနာသံလို

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

ယာဉ်ထိန်းရဲသားတစ်ဦး ဝင်လာ၏။

"အန်တီ့ပိုက်ဆံအိတ်က ဒီဟာ မဟုတ်လား"

"ဟယ် ဟုတ်တယ်၊ ဟုတ်တယ်၊ ဝမ်းသာလိုက်တာ ကွယ်၊ ဝမ်းသာလိုက်တာ"

"အန်တီ့နာမည်နဲ့ မှတ်ပုံတင်နံပါတ်ပြောပါ"

ရဲသားလေးက မှတ်ပုံတင်တစ်ခုကိုကိုင်ကာ မေးသည်။

"ဒေါ်ပတ္တမြားသွေး၊ မှတ်ပုံတင်နံပါတ်က......."

မိန်းမကြီးက သူ့နာမည်နှင့် မှတ်ပုံတင်နံပါတ်ကို ရွတ်ပြ လိုက်သည်။ အလဲ့ လူတင်ချော့တာ မဟုတ်ဘူး။ နာမည်က လည်း အပျံစားပါလား။ ပတ္တမြားသွေးတဲ့။

"ဟုတ်ပြီ၊ ဒါဆို မှန်တယ်၊ ရော့ အန်တီ့ပိုက်ဆံအိတ်၊ စစ်ကြည့်ပါဦး၊ လှည်းတန်းမှတ်တိုင်မှာ ကျသွားတာတွေ့လို့ ကျွန်တော် ကောက်ပြီး လှမ်းအော်ပါသေးတယ်၊ အန်တီက ဒီကားပေါ် အတင်းပြန်တက်ပြီး ထွက်သွားတော့ မမီလိုက်တာ၊ ဒီရဲစခန်းရပ်မှာပဲမှန်းပြီး လိုက်လာတာ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဟုတ်ပါတယ်ကွယ်၊ အန်တီက လှည်းတန်းမှာ ဈေးဝယ်မယ်ဆိုပြီး ဆင်းလိုက်တာ၊ ပိုက်ဆံအိတ်စမ်းလို့ မတွေ့တော့ ကားပေါ်မှာ အနှိုက်ခံရတယ်ထင်ပြီး ချက်ချင်းပြန်တက်သွားလိုက်တာ၊ ကျေးဇူးတင်ပါတယ်ကွယ်"

"ပိုက်ဆံအိတ်ပျောက်တာ သိသိချင်း ကျွန်တော့်ကို တန်းပြီး မြင်ယောင်လိုက်တာပေါ့နော်"

ကျွန်တော်က စိတ်ချဉ်ပေါက်ပေါက်နှင့် ထိုအန်တီကြီးကို အငေါ်တူးမေးလိုက်သည်။

"မဟုတ်ရပါဘူးကွယ်၊ အဟင်း ဟင်း ငါ့တူက အန်တီ့ကို စိတ်ဆိုးနေတယ်ထင်တယ်"

ကျွန်တော် ဘာမှ ပြန်မပြောလိုက်တော့ပါ။

"ကဲ ခရီးသည်များအားလုံး၊ လိုရာသွားနိုင်ကြပါပြီခင်ဗျာ"

"အလကားသက်သက် အလုပ်ရှုပ်တယ်"

"အေးလေ၊ ကိုယ့်ပိုက်ဆံအိတ်ကိုယ် နိုင်အောင် ထိန်းပါလား၊ ဘာမှမဆိုင်ဘဲ ကြားက ငါတို့ခရီးသည်တွေက ခရီးဖင့်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တယ်၊ တကတည်း''

ခရီးသည်များက တစ်ယောက်တစ်ပေါက်နှင့် မိန်းမကြီးကို မကြားတကြား ဝိုင်းမေတ္တာပို့ကာ ပွစိပွစိဖြင့် ထွက်သွားကြသည်။

''ငါတို့ဆင်းရမယ့် ဘူတာရုံလမ်းမှတ်တိုင်က နှစ်မှတ်တိုင်ကျော်ခဲ့ပြီကွ၊ ဒီကနေ နောက်ပြန်စီးရမယ်''

''တော်ပြီဗျာ၊ Taxi ပဲ ငှားတော့၊ ရန်ကုန်ရောက်မှပဲ တစ်သက်လုံး မကြုံဖူးတဲ့ ရဲစခန်းကို ခြေချဖူးတော့တယ်''

''ဟကောင်ရ၊ မြို့ထဲကနေ တစ်ယောက်နှစ်ဆယ်ပဲ အကုန်ခံလာပြီး ရောက်ခါနီးမှ လေးငါးရှစ်ရာကုန်နေမှာပေါ့ကွ၊ လာပါကွာ နှစ်မှတ်တိုင်ပဲ ပြန်စီးရတော့မှာပါ''

''ဟော ဟိုမှာ ဆိုက်ကားတွေ၊ ဆိုက်ကားနဲ့သွားလို့ ရတယ် မဟုတ်လား''

''ရတော့ ရတာပေါ့၊ လာပါကွာ၊ ဆိုက်ကားခကလည်း အလကားနေရင်း သုံးရာလောက်ကုန်နေဦးမှာ၊ လာ လာ ဟိုမှာ Aircon ဘတ်စ်တစ်စီးလာနေပြီ တက် တက်''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော် ဘာမှမတတ်နိုင်ဘဲ တွန့်တွန့်တိုက်တိုက် နှင့် ဘတ်စ်ကားပေါ်တက်သွားသော ကိုကိုမောင့်နောက် လိုက်တက်လိုက်ရပြန်သည်။

"အထဲထိ တိုးစီးကြပါ ခင်ဗျာ"

"ရှေ့က ဘူတာရုံလမ်းတင် ဆင်းမှာ"

ကျွန်တော်နှင့်ကိုကိုမောင် အပေါက်ဝမှာပဲ ရပ်လိုက်ကြသည်။ မိန်းမကြီးတစ်ယောက်ကလည်း ကျွန်တော်တို့လိုပင် အပေါက်ဝမှာပဲ တိုးဝှေ့ရပ်လိုက်၏။

"ဟာ"

ကျွန်တော့် ပါးစပ်ကြီး ပြဲခနဲဟသွားရသည်။

ကျွန်တော့်နား ရပ်လာသူက ဒေါ်ပတ္တမြားသွေး။

"အန်တီလည်း ဘူတာရုံလမ်း ဆင်းမှာပဲကွယ့်"

မိန်းမကြီးက အားနာလက်စနှင့် ကျွန်တော့်ကို မျက်နှာချိုသွေးကာ ပြောလေသည်။ ကျွန်တော်ကတော့ မိန်းမကြီးနှင့် ခပ်ခွာခွာ နောက်သို့ ဆုတ်ရပ်သည်။ တော်ပါပြီ။ ကြောက်လွန်းလို့ပါ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ရန်ကုန်က မလွယ်ဘူးကွယ့်၊ လူဆိုးတို့ လူကောင်းတို့ ဆိုတာလည်း ချိုပါတာ မဟုတ်တော့ အန္တရာယ်လည်း အဟင်း"

မိန်းမကြီးက ကျွန်တော့်ကို မျက်နှာပူ အားနာလက်စနှင့် စကားရော ဖော်ရောလုပ်ရင်း ဆင်းရမည့်မှတ်တိုင်ရောက်ခါနီးပြီမို့ ရှေ့သို့ တိုးသည်။

ကျွန်တော်နှင့် ကိုကိုမောင်ကလည်း လိုက်တိုးကာ မိန်းမကြီးနောက်မှ လိုက်ဆင်း၏။

"ငါ့တူက ရန်ကုန်သားတော့ ဟုတ်ပုံ မရဘူး၊ လေသံကတော့ အညာလေသံပဲ၊ အညာသားထင်ပါရဲ့နော်၊ ဟင်း ဟင်း ဟင်း ဟင်း"

ဒေါ်ပတ္တမြားသွေးက ကားအောက်ရောက်တော့ ထိုကဲ့သို့ အမှီအရပြောမိအောင် ပြောသွားပါသေးသည်။ သူ့လေသံက ကျွန်တော့်ကို တောသားဟု မပြောရုံ တမယ်ပင်။

"သူ့မှာ သမီးချောချောသာရှိရင် ကျွန်တော်နဲ့ညားပါစေဗျာ၊ တကယ်ပဲ ဟင်း"

ကျွန်တော်က စိတ်ပေါက်ပေါက်နှင့် ခပ်တိုးတိုးကျိတ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကဲ ကျိန်ဆဲလိုက်သည်။

"ဟား ဟား ဟား ဟား"

ကျွန်တော် ကျိန်ဆဲတာကိုကြည့်ရင်း ကိုကိုမောင်က တဟားဟားနှင့် အော်ရယ်သည်။

"မင်းကလည်း မင်းပဲ ညီရာ၊ ပုဆိုးက ခြေသလုံး တစ်ဝက်၊ ခါးပုံစက တစ်တောင်လောက်ထွက်နဲ့၊ အင်္ကျီက လည်ကတုံးရှပ်အဖြူ၊ ဆံပင်က ဘိုကေတိုတိုဆိုတော့ တကယ့် အညာသား တောသားရုပ်စစ်စစ်"

"ဟာ ဘာဖြစ်လဲဗျာ၊ သူခိုး ဂျပိုးရုပ်ထွက်နေတာမှ မဟုတ်တာ၊ ဟွန်း၊ ရန်ကုန်ကိုက မဟာရန်ကုန် မဟုတ်ဘူး၊ မာယာရန်ကုန်"

"ရောမရောက်ရင်တော့ ရောမလို ကျင့်ရမှာပဲ၊ မင်း ဒီမှာ ကျောင်းတက်ရင် ပုံစံနည်းနည်းပြောင်းမှ ကောင်းမယ်"

ကိုကိုမောင်ကတော့ ပြောအားရှိတာပေါ့။ ရန်ကုန် ရောက်တာပဲ ဆယ်နှစ်ကျော်နေပြီဆိုတော့ ရန်ကုန်သားစတိုင် ဖြစ်ကာ လူပုံကလည်း ကုမ္ပဏီပိုင်သူဌေးလိုလို၊ ဘာလိုလို၊

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



စီးတော့သာ ဘတ်စ်ကား။

''အဲဒါတွေ အသာထားပါဗျာ၊ ကျွန်တော် ဗိုက်လည်း ဆာပြီ၊ နားလည်း နားချင်နေပြီ၊ မရောက်သေးဘူးလား''

''ရောက်ပါပြီကွ၊ ဟိုးမှာ လေးထပ်တိုက် မြင်လား''

''အင်း''

''အပေါ်ဆုံးထပ် ညာဘက်တိုက်ခန်းပဲကွ''

''ဗျာ''

လေးထပ်ဆို၍ ကျွန်တော် လန့်သွားသည်။ ကျွန်တော်တို့မြို့က အိမ်တွေက နှစ်ထပ်အမြင့်ဆုံး မဟုတ်လား။ (မှတ်ချက်။ နောက်ပိုင်းတွင် လေးငါးခြောက်ထပ်အမြင့်တွေ ဆောက်ကုန်ကြပါပြီ)

နယ်က လူတွေက အထပ်အမြင့်ဆို တကယ်ကြောက်ကြသည်။

''ငါတောင် နေ့စဉ်တက်နိုင်သေးတာပဲ၊ နောက်တော့ ကျင့်သားရသွားမှာပါကွ ညီရ''

ကျွန်တော်က လေးကန်သော ခြေလှမ်းများဖြင့် ကိုကို

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မောင့်နောက်မှ စိတ်ပျက်လက်ပျက်လိုက်လာခဲ့သည်။

လေးထပ်တိုက်၏ လှေကားထစ်များကား ကျွန်တော့်ကို စိန်ခေါ်လျက်။

ပြီး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဝန်းကျင်သစ်၊ နေရာသစ်က ကျွန်တော့်အတွက် နေသားမကျသေးဘဲ ခိုးလိုးခုလုဖြစ်နေစေသည်။ လာမိတာမှားပြီလားဟု အတွေးရောက်မိသော်လည်း လှည့်ပြန်ဖို့ လုံးဝ စိတ်ကူးမရှိတာကိုပါ တစ်ဆက်တည်း စဉ်းစားတွေးမိသည်။ ဒီလမ်းက ကျွန်တော်ကိုယ်တိုင် ရွေးချယ်ခဲ့သော လမ်း။

"နောက်ဆို တစ်ပတ်က နှစ်ပတ်၊ တစ်လက နှစ်လ ကြာလာရင် အပေါင်းအသင်းတွေရပြီး၊ မင်း နေတတ်သွားမှာပါ ညီ"

"ပျင်းတယ်ဗျ ကိုကိုမောင်ရ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''အမလေး၊ နောက်တော့ ပျော်သွားမှာ မပူနဲ့၊ ခုက စိမ်းနေသေးလို့၊ ငါ အားတဲ့အချိန် ဟိုဟိုဒီဒီ လိုက်ပို့ပေးမယ်၊ မင်း တက်ရမယ့်ကျောင်းလည်း တစ်ရက်နှစ်ရက်ပို့ပေးမယ်၊ ပြီးရင် မင်းဖာသာသွားတတ်အောင် သွား''

ကိုကိုမောင်က ကျွန်တော့်ကို သွားတတ်၊ လာတတ်၊ ဘတ်စ်ကားစီးတတ်အောင် လိုက်ပို့သည်။ ဆွေမျိုးနီးစပ်အိမ်၊ အပေါင်းအသင်းမိတ်ဆွေအိမ်များသာမက မြို့ထဲက သူ့ရုံးကိုပါ ခေါ်သွားတတ်သည်။

''နောက်တစ်ခါ ကိုယ့်ဖာသာသွားတတ်အောင် မှတ်ထားကွာ''

ကိုကိုမောင်က ဒါကိုပဲ ထပ်ခါ ထပ်ခါ ပြောသည်။

သို့သော် .....

မိဘအပါအဝင် ဘယ်သူ့စကားကိုမျှ ဘယ်တုန်းကမှ နားထောင်လေ့ မရှိခဲ့သော ကျွန်တော်သည် ကိုကိုမောင်ပြောသလို မှတ်မထားခဲ့ပါ။

ထို့ကြောင့် .....

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တာမွေသွားလျှင် သာကေတ ရောက်သွား၏။ ၃၈ လမ်းက ကိုကိုမောင့်ရုံးရှိရာ လိုက်လျှင် ဗိုလ်တထောင်ဘက် ရောက်ချင်ရောက်သွားတတ်၏။ ဒါကြောင့်မို့လည်း နာရီဝက်ကြာ မည့်ခရီးကို တစ်နာရီကြာမှ ရောက်၏။ ကားခ တစ်ခါကုန်ရ မည့်နေရာကို နှစ်ခါကုန်၏။

ကိုကိုမောင်က .....

"ငါ ရန်ကုန်ရောက်ခါစကဆို တစ်နေရာကို တစ်ခါ ရောက်ဖူးရင် မှတ်မိပြီး နောက်တစ်ခါ မမှားအောင် သွားနိုင် တာကွ"

ထိုသို့ ပြောတတ်သည်။ ကျွန်တော်ကလည်း ကိုယ့် အယူအဆနှင့်ကိုယ်မို့ အကျိုးနှင့်အကြောင်းပြောကာ ပြန်လည် ချေပလေ့ရှိ၏။

"မှတ်မထားလို့ နေရာစုံရောက်တော့လည်း ရောက်ဖူး တာပေါ့၊ ခုဆို ရန်ကုန်တစ်မြို့လုံး ကျွန်တော် ရောက်ဖူး သလောက်ရှိနေပြီ"

"ဟုတ်မှာပေါ့ကွ၊ မင်းက မှတ်မထားဘဲ ရောက်ချင်

www.burmeseclassic.com
Scanned by CamScanner

ရာရောက် တွေ့တဲ့ကား တက်စီးသွားပြီး မပြန်တတ်တော့ရင် Taxi လေး လက်ပြတား ပြန်လာတာကိုး''

''ဟဲ ဟဲ ဟဲ''

ကိုကိုမောင်ပြောတာ ဟုတ်နေ၍ ကျွန်တော်က စပ်ဖြဲဖြဲနှင့် ရယ်နေလိုက်သည်။

''Taxi ခတွေက တစ်ရက်နှစ်ရက်လောက်ဆို မသိသာပေမယ့် ကြာရင် စရိတ်ထောင်းတယ်ကွ၊ မလိုအပ်ဘဲ ဘာမှ အရေးမကြီးဘဲ တော်ရုံဆို **Taxi** မငှားနဲ့၊ ရန်ကုန်မှာ မင်း နေမှာက တစ်လ နှစ်လထဲ မဟုတ်ဘူး ညီ''

ဒါတော့ ဟုတ်သည်။ ခုတောင် တစ်ပတ်အတွင်းမှာပင် Taxi ခက တစ်သောင်းနီးနေပြီ။

''အခု မင်း ငါနဲ့ လိုက်ခဲ့ ညီ၊ သိမ်ကြီးဈေးမှာ မင်းအတွက် လိုတာတွေလိုက်ဝယ်ပေးပြီး ငါက ငါ့ရုံးငါ ဆက်သွားမယ်၊ မင်းက အိမ်ပြန်''

ကျွန်တော် ဘာမှမပြောဘဲ ကိုကိုမောင်နှင့် လိုက်ခဲ့သည်။ ဈေးကတော့ ကျွန်တော် မဝယ်တတ်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကိုကိုမော ်ကတော့ သိမ်ကြီးဈေးတွင် ဈေးဝယ်ကောင်းသည်၊ ဈေးချို ့သည်ဟုဆိုကာ အမြဲဝယ်လေ့ ရှိသည်ဟု ပြောသည်။ စားစရာဝယ်လျှင် အဆစ်တောင်းသည်။ အပိုထည့်ခိုင်းသည်။ ပစ္စည်းဝယ်လျှင် စေ့စေ့စပ်စပ် နှံ့နှံ့စပ်စပ် လှည့်ပတ်ကိုင်တွယ်ကြည့်သည်။ ဥပမာ သရက်သီးဝယ်လျှင်တောင် သရက်သီးတစ်လုံးကို ပွတ်သပ်ကိုင်တွယ် လှည့်ပတ်ကြည့်နေသည်မှာ တကယ့် သိန်းကျောက်၊ သိန်းကျောက် ကျောက်စိမ်းတုံးကို ကြည့်တာထက်ပင် ပို၏။

ကိုကိုမောင် ဈေးဝယ်လျှင် ကျွန်တော် ကြားကအားနာသည်။ ရှက်သည်။ ဒါကို ကိုကိုမောင်က .....

"မင်းကလည်းကွာ၊ အညာသား မဟုတ်တာ ကျနေတာပဲ ညီရာ"

ဟု ပြောတတ်၏။

အညာသားတွေက ဈေးဝယ်လျှင် အဆစ်တောင်းတာ၊ စေ့စေ့စပ်စပ်ဝယ်သည့်နေရာမှာ နာမည်ရသည်။ ကျွန်တော်က လွဲလျှင်ပေါ့။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော်သည် ကိုကိုမောင် ဈေးဝယ်သည့်နောက် လိုက်ရင်း ကုပ်ကုပ်ကပ်ကပ်ဈေးဆစ်တာ၊ ပစ္စည်းတစ်ခုကို အားမနာလျှာမကျိုး ပွတ်သပ်ကိုင်တွယ်ကြည့်နေတာတွေ့လျှင် ကိုယ်နှင့်အတူ လာတာမဟုတ်သလို ခပ်ဝေးဝေး လှမ်းလှမ်းမှာ ရပ်နေတတ်သည်။

''ပိုက်ဆံပေးဝယ်တာပဲကွာ၊ ကောင်းမကောင်းတော့ ကြည့်ရမှာပဲ''

ဒါ ကျွန်တော့် ဘိုးဘွားမိဘကအစ အညာက တစ်ဆွေလုံး တစ်မျိုးလုံး၏ လက်သုံးစကား။ (ကျွန်တော်က လွှဲလျှင်ပေါ့)

''ဒါတွေယူပြီး ပြန်ကွာ၊ မင်း မနက်ဖြန်ကျောင်းစတက်ရတော့မှာဆိုတော့ လိုအပ်တာတွေ ပြင်ဆင်ထားနှင့်''

ကျွန်တော် ဘာမှမပြောဘဲ အထုပ်ပလုပ်များနှင့် အိမ်ပြန်ခဲ့၏။ အပြန်ကားပေါ်ကို သေချာလိုက်တင်ပေးသော ကိုကိုမောင်က

''ဆင်းရမယ့် မှတ်တိုင်ကို သေချာနားထောင်၊ ကျော်ပါသွားလို့ Taxi ခ အပိုကုန်နေဦးမယ်''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဘတ်စ်ကား ရောက်တော့ ကျွန်တော့်မျက်လုံးက ထိုင်ခုံလွတ်ကို ဝေ့ရှာကြည့်သည်။ မရှိ။ သို့နှင့် ညာဘက်တောင့် တိုင်လုံးနားတွင် ရပ်ကာ နေရာယူလိုက်၏။

''အထဲတိုးစီးပါလား၊ ဒါမှ ထိုင်ခုံမှာ ထိုင်တဲ့လူကို အထုပ်တွေပေးထားလို့ ရတာပေါ့''

ဦးလေးကြီးတစ်ယောက်က မနေနိုင် မထိုင်နိုင် စေတနာနှင့် ပြောလာသည်။

''ရပါတယ် ခင်ဗျာ၊ ကျွန်တော် မလေးပါဘူး''

ကျွန်တော်က ကျွန်တော့်အကြံနှင့်ကျွန်တော်မို့ အထဲတိုးမစီးဘဲ ပေရပ်နေလိုက်သည်။ အနောက်ရောက်သွားလျှင် ဆင်းရမည့်မှတ်တိုင်ကို စပယ်ယာအော်က မကြားမှာစိုး၍ ဖြစ်၏။

မှတ်တိုင်တစ်တိုင်ပြီးတစ်တိုင်နားစွင့်လိုက်လာရင်း မြေနီကုန်းရောက်လာသည်။ ဆင်းသူက ဆင်းပြီး၊ တက်သူက တက်လာသည်။ ထိုင်ခုံမှ လူအချို့ဆင်းသွားသောအခါ အထဲတိုင်မစီးမိတာကို နောင်တရချင်သလိုလို ဖြစ်မိ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



သို့သော် .....

''ခုမှတော့ မထူးပါဘူး၊ ရောက်တော့မှာပဲ''

ဟု ကျွန်တော် တွေးရင်း ရပ်မြဲနေရာက မရွှေ့ဖြစ်တော့။ ကားပေါ် လူအတော်အတန်ပြည့်သောအခါ ကားက ဆက်ထွက်ဖို့ ပြင်သည်။

ထိုအချိန်မှာပဲ ကျွန်တော့်ဘေးတစ်ယောက်ကျော်နေရာတွင် မိန်းကလေးတစ်ယောက် လာရပ်တာ တွေ့ရ၏။ သူမက ကားခထုတ်ပေးသောအခါ စပယ်ယာက 'ဘယ်လဲ' ဟု မေးသံကြားရ၏။ သူမက 'ဘူတာရုံလမ်း'ဟု မတိုးမကျယ် ဖြေသည်။

ကျွန်တော့်စိတ်ထဲ ''အင်း ငါဆင်းရမယ့်မှတ်တိုင်နဲ့ အတူတူပဲ'' ဟု စဉ်းစားရင်း သူမကို မသိမသာ အကဲခတ်နေမိသည်။

ထိုကဲ့သို့ ကျွန်တော် အကဲခတ်ခြင်းက မရိုးသားစိတ်လုံးဝ မပါပါ။ ဆင်းရမည့်မှတ်တိုင်တူနေ၍ သူမကို အရိပ်အခြေကြည့်ကာ လိုက်ဆင်းမည်ဟု စဉ်းစားပြီး ကြည့်မိခြင်းသာ ဖြစ်၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မဟူရာသွေးကတော့ ထိုသို့ မမြင်။ သူမ ကားပေါ်တက်လာပြီး ရပ်လိုက်ကတည်းက ထို တောသားလိုလို၊ အညာသားလိုလို မအူမလည်ရုပ်နှင့် လူအား သတိထားမိသည်။ ထိုသူ မိမိကို ကွက်ကြည့် ကွက်ကြည့် လုပ်နေတာကိုလည်း မျက်လုံးထောင့်စွန်းမှ မြင်နေရ၏။

လျှော့တွက်၍ တော့မရ။ ထို မအူမလည်တောသားပုံတွေက တစ်ခါတလေကြောက်ရတတ်သည်။ အခုလည်း ကြည့်လေ၊ လူကို ကျားခြောင်းသလို ခြောင်းနေ၏။

ဟွန်း မုန်းစရာကောင်းလိုက်တာ။ လူပုံကိုက ဘိုကေတိုတိုမှာ အုန်းဆီတွေ ရွှဲနေအောင် လိမ်းထားသေးသည်။ ပုဆိုးကတိုတိုနှင့် ခြေသလုံးမွှေးတွေကလည်း ပေါ်နေသေးသည်။

သြော် ငါ့နှယ်၊ အမြင်ကပ်ပါတယ်ဆိုမှ ဘာလို့ သူ့ကိုလိုက်ကြည့်နေမိပါလိမ့်။ မဟူရာက တွေးရင်း မျက်နှာလွှဲကာ ပြတင်းမှ တစ်ဆင့် အပြင်သို့ ငေးနေလိုက်သည်။

ကျွန်တော် မျက်နှာလွှဲထားသောအခါ သူမက ကွက်ကြည့်ကွက် ကြည့်လုပ်သည်။ ကျွန်တော် ကြည့်လိုက်လျှင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သူမက မျက်နှာလွှဲသွားသည်။

သို့နှင့် .....

ဆင်းရမည့်မှတ်တိုင် နီးလာသည်။ သူမက အနေအထားကို ပြင်သည်။ ကျွန်တော်က မသိမသာ သူမနား ကပ်၏။ သူမ ဆင်းလျှင် ကျွန်တော် လိုက်ဆင်းရမည်ပဲ။

မဟူရာ ထိုလူ့ကို အတော်စိတ်တိုနေပြီ။ သူမကို အရိပ်အခြေကြည့်နေရုံမက သူမ လှုပ်လျှင် လိုက်လှုပ်သည်။ သူမ ရွေ့လျှင် လိုက်ရွေ့သည်။ ခု သူမ ဆင်းမည့်ဟန်ပြင်တော့ သူပါ လိုက်ဆင်းမည့်ပုံ။

မဟူရာ နှုတ်ခမ်းကို စူနိုင်သမျှ စူထားလိုက်ပြီး ဆင်းရန် အသင့်ပြင်ထားလိုက်သည်။ ဒါလည်း ဟိုတောသားက အနောက်မှာ ကပ်ရပ်လာသည်။ ပိုက်ဆံအိတ်ကို ရှေ့သို့ဆွဲယူကာ ရင်ခွင်တွင် ပိုက်ထားလိုက်၏။

''သွက်သွက်လေး ဆင်းကြပါ''

စပယ်ယာက အော်တွန်း တွန်းသည်။ မဟူရာက စပယ်ယာကို ကြည့်သလိုလိုနှင့် နောက်သို

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကြည့်သည်။

"ဟင်း၊ တောက်"

ဟုတ်သည်။ ကိုရွှေတောသားက မဟူရာ့နောက် လိုက်ဆင်းနေပြီ။ ဒေါသက ငယ်ထိပ်ထိ တက်ဆောင့်လေ၏။

"ဒီမှာ"

ဆတ်ခနဲလှည့်ကာ အော်လိုက်သော ကောင်မလေး အသံကြောင့် ကျွန်တော် လန့်သွားသည်။

"ဒီမှာ"

"ခင်ဗျာ"

"ရှင် ဘာကြောင့် ကျွန်မနောက် လိုက်လာရတာလဲ"

"ဗျာ"

"ကားပေါ်က ကျွန်မ ဆင်းတော့ လိုက်ဆင်းတယ်၊ အခုလည်း လိုက်လာပြန်ပြီ၊ လူကို ဘာထင်နေလဲ၊ သေသွားမယ် ဟွန်း"

"ဟ"

ကျွန်တော် ဘာမှကို မပြောရ။ သူပဲ ပြောသွားသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ခြေဘ် ရန်ကုန်သူတွေ လှလည်းလှ စွာလည်းစွာလှပါလား။

ရန်စွယ်ငေါ်ငေါ်နှင့် နှုတ်ခမ်းတလန်၊ ပန်းတလန် ရန်ထောင်နေသော ကောင်မလေးကို ကျွန်တော် ငေးခနဲ စိုက်ကြည့်လိုက်မိ၏။

အားပါး၊ ချစ်စရာကောင်းလိုက်တာ၊ လှလိုက်တာ။

ရွှေဘိုသူ ညိုပြာညက်တွေကြား ကြီးပြင်းခဲ့ရသော ကျွန်တော့်မှာ ကောင်မလေး၏ ဝင်းဝင်းအိအိ၊ ရက်ရက်စက်စက် အလှမှာ တဒင်္ဂ မှင်သက် မိန်းမောသွားမိသည်။

နှုတ်ခမ်းကို စူတူတူလုပ်ထားတာတောင် ဒီလောက်လှနေလျှင် ပြုံးရယ်လိုက်ပါက မိုနာလိဇာ၏ ကမ္ဘာကျော်ပါသည် ဆိုသောအပြုံးသည် နောက်ကောက်ကျသွားနိုင်၏။

ဒေါသခပ်ပါးပါးထင်နေသော ကောင်မလေးမျက်လုံးများက အရည်တလဲ့လဲ့ဖြင့် ဝိုင်းစက်တောက်ပနေကြသည်။

မျက်နှာကျပုံလေးကလည်းလှ၍ ဆံပင်ပုံစံကို ဘယ်လိုပုံပဲထားထားလိုက်မည့် မျက်နှာပေါက်မျိုးပင်။

ဝင်းမွတ်ချောမွေ့နေသော မျက်နှာတွင် အပ်ဖျား

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တစ်ဖျားစာလောက် အစက်အပျောက်မျှပင် ရှိမနေပါ။

အခုနေ မိန်းကလေးတစ်ယောက်၏အလှကို တပွဲ၌ ရေးပြရသော စာစီစာကုံးမျိုး ရေးပြိုင်ပါဆိုလျှင် ကျွန်တော် ပထမရမည် ထင်ပါ၏။

ကျွန်တော့်နှလုံးသားသည် မိန်းကလေးလှလှမြင်တိုင်း လည်း ရင်မခုန်တတ်ပါ။

သို့သော် .....

ယခု ကျွန်တော်သည် မိန်းမလှလှလေးကြောင့် ရင်ခုန် နေလေသည်။ ကောင်မလေးက အဲဒီလောက်ကို လှပါ၏။

တကယ်ပါ။

''ဘာကြည့်နေတာလဲ၊ သွား အူကြောင်ကြောင်နဲ့''

''ဟောဗျာ''

ကောင်မလေး အထင်လွဲတာကို ကျွန်တော် ရိပ်မိလိုက် သည်။ ပြီးတော့ ဒီမျက်နှာပေါက်အလှမျိုး ဘယ်မှာ မြင်ဖူးတာ ပါလိမ့်။

မဟူရာက အူကြောင်ကြားနှင့် ထိုလူကို မျက်စောင်းထိုး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကာ ခြေဆောင့်လှည့်ထွက်ခဲ့သည်။

"ဟွန့်"

အင်း လူကသာ တောသားပုံနဲ့ အူကြောင်ကြောင်ဆို ပေမယ့် ထိုလူ၏ ညိုစိုသောအသား၊ မြင့်မားသောအရပ်၊ ပိရိ သေသပ်၍ မွတ်စင်းသောနှာတံတို့က အတော်ညို့အားကောင်း ပြီး ကြည့်ကောင်းတာ သတိထားမိလိုက်သည်။

သို့သော် နောက်ကနေ ကလေကချေပုံစံမျိုးနှင့်လိုက် လာတာမျိုးကိုတော့ မဟူရာ သဘောမတွေ့နိုင်အောင်ဖြစ်ရ သည်။

မဟူရာသွေးသည် နောက်သို့ဆတ်ခနဲလှည့်ကြည့်လိုက် ၏။ ထိုအခါ လေးထပ်တိုက်ပေါ်သို့တက်ရန် လှေကားဆီသို့ ဦးတည်သွားနေသော သူ့ကို လှမ်းတွေ့လိုက်ရလေသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ပထမတစ်ရက် ကျောင်းအပ်တော့ ကိုကိုမောင် လိုက်ပို့သည်။ အချိန်ဇယားနှင့် တက်ရမည့် Class တွေကို လိုက်ကြည့်ပြီး လက်ဖက်ရည်သောက်ကာ ပြန်ခဲ့ကြသည်။

ဒုတိယတစ်ရက်တွင်လည်း ကျောင်းသို့ ကိုကိုမောင်လိုက်ခဲ့ကာ ဟိုဒီ လိုက်ပြပေးသည်။ သွားတတ်၊ လာတတ်ဖြစ်အောင် သင်ပြပေးသည်။ Class တစ်ချိန် လိုက်ကူတက်ကာ ပြန်ခဲ့ကြပြန်သည်။

သုံးရက်မြောက်သောနေ့မှာတော့ .....

"ကဲ ညီရေ၊ ဘာကားစီးပြီး သွားရမယ်၊ ပြန်ရမယ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ဆိုတာတွေ မင်း သိပြီ၊ အဲ့ဒီတော့ ဒီနေ့ မင်းဖာသာကျောင်း
သွား၊ ပြီးရင် ကျောင်းမှန်မှန်တက်၊ စာမေးပွဲအောင်အောင်လုပ်၊
အခုလို ငါနဲ့ ပြန်တဲ့အတိုင်း အိမ်တန်းပြန်၊ ဒါပဲ''

သို့နှင့်ပင် ကျောင်းကို ကျွန်တော် တစ်ယောက်တည်
သွားတက်ရပါတော့သည်။ တစ်ပတ်လောက်ဆိုလျှင်တော
သူငယ်ချင်းအဖော် တစ်ယောက်မဟုတ်တစ်ယောက် ရမည်
ထင်သည်။

တက္ကသိုလ်တက်ခြင်းသည် ကျွန်တော့်အတွက် အစိမ်း
သက်သက်တော့ မဟုတ်။ ရွှေဘိုမြို့တွင် ပထမနှစ်ကို နှစ်နှစ်၊
ဒုတိယနှစ်ကို နှစ်နှစ်တက်ခဲ့ဖူးသည်။ တစ်တန်းကို နှစ်နှစ်နှုန်းဖြင့်
တတိယနှစ် ရောက်လာသောအခါ ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ
ရန်ကုန်ကို ထွက်လာခဲ့ခြင်း ဖြစ်၏။

''ဖေဖေ တားလည်း ရမှာမှ မဟုတ်တာ သွားပေါ့၊
တစ်လတစ်ခါ သား ကျောင်းစရိတ် ဖေဖေ ပို့ပေးမယ်''

ဟု ဖေဖေက ပြောသည်။

ကျွန်တော် ဖေဖေ့ကို ဘာမ ပြက်...

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မပြောမိ။ ဒါလည်း အကြောင်းရှိသည်။

ကျွန်တော် ဆယ်တန်းတက်စနှစ်တွင် မေမေဆုံးသည်။ တက္ကသိုလ် စ,တက်တော့ ဖေဖေက ကျွန်တော်နှင့် ရွယ်တူ မိန်းကလေးတစ်ယောက်ကို နောက်အိမ်ထောင် ထူထောင်လိုက်သည်။ တက်သစ်စအရွယ် ကျွန်တော့်အသည်းနုနုသည် အရှက်တရားကြောင့် အရောင်ပြောင်းသွားခဲ့သည်။

အဲ့ဒီကတည်းက ကျွန်တော်သည် ဖေဖေ့အိမ်တွင် မကပ်တော့ဘဲ ပိုက်ဆံတောင်းချိန်သာ အိမ်ပြန်၏။ တေပေလေလွင့်ရင်း ကျွန်တော့်ဘဝသည် အဆုံးအစမဲ့နေ၏။ ဘယ်သူတစ်ဦးတစ်ယောက်၏ ဆိုဆုံးမစကားကိုမျှ ကျွန်တော် နားမထောင်တော့ပါ။ ဆုံးမစကား ပြောလာသူတိုင်းကို .....

''ဖေဖေ့ကို အရင်ဆုံးမသင့်တယ်''

ဟု ပြန်ပြောလေ့ ရှိသည်။

ထိုစကားတစ်ခွန်းတည်းကိုသာ အစဉ်အမြဲ ခနိုးခနဲ့ ပြန်ပြောတတ်လေ့ရှိသော ကျွန်တော့်ကို နောက်ဆုံး ဘယ်သူမှ မဆုံးမတော့ဘဲ လက်လျှော့သွားကြ၏။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''မိန်းကလေးက ငယ်ပေမယ့် မင်းတို့အိမ်ထောင်စုနဲ့ မင်းအဖေအတွက် အစစစိတ်ချရသူပါ၊ တောသူတောင်သားတွေက ရိုးသားကြပါတယ်ကွာ၊ မင်း ထင်သလို မင်းအဖေကို ငွေမက်ပြီး လက်ထပ်ခဲ့တာ မဟုတ်ပါဘူး''

''ဟုတ်တယ် ညီ၊ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီသဘောပေါ့ကွာ၊ ကောင်မလေးက ဆင်းရဲတဲ့ တောသူဖြစ်တာကလွဲရင် ရိုးသားပြီး အရုပ်အရှင်းကင်းပါတယ်ကွ''

ကျွန်တော်သည် ဘယ်သူ့စကားကိုမှ နားမဝင်ဘဲ ရွယ်ပူ မိထွေးတစ်ယောက်နှင့် တစ်အိမ်တည်းမနေလိုဟု သဘောပိုက်ကာ ထင်ရာစိုင်းခဲ့၏။ ရွှေဘိုမြို့တွင် ထင်ရာစိုင်းစရာလမ်းစုံပြီး ကုန်သောအခါ ကျွန်တော် ပျင်းသွားပြန်သည်။

သို့နှင့် .....

ကျွန်တော် သံယောဇဉ်ရှိသော ကိုကိုမောင်ရှိရာ ရန်ကုန်သို့ လာနေရန် ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်သည်။

''ပထဝီဆရာ လာပြီဟေ့''

ကျောင်းသားကျောင်းသူများ၏ လှုပ်လှုပ်ရွရွနှင့်အော်သံ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



များကြောင့် ကျွန်တော့်အတွေးစများ ပြတ်သွားရသည်။ ဒီနှစ်တော့ စာမေးပွဲကို တစ်နှစ်ထဲအောင်အောင် ဖြေရန်အတွက် ကျွန်တော်-မှဆုံးဖြတ်ရသေး။ နယ်မြေသစ်တွင် တောပေလေလွင့်ဖို့ အခွင့်အရေးမရှိပါက အောင်ချင်လည်း အောင်သွားပါလိမ့်မည်။

လောလောဆယ်တော့ ကျွန်တော်နှင့် မေဂျာတူ၊ အတန်းတူ ကျောင်းသား၊ ကျောင်းသူ အားလုံး ကျွန်တော့်ထက် အသက်ငယ်ကြမှာတော့ သေချာသည်။

တက်ကြွလန်းဆန်းသောစိတ်တွေ အလည်လွန်နေကြသော ကျွန်တော့်အတွေးများကား ပထဝိဆရာ၏ ဘရာဇီးနိုင်ငံအကြောင်း၊ ကော်ဖီစေ့၊ ရာဘာနှင့် ကြက်ပေါင်စေးများအကြောင်းသည် လွန်စွာငိုက်မြည်းစေပါ၏။

နောက်ဆုံးခုံတန်း ထောင့်စွန်းတွင်ထိုင်နေသော ကျွန်တော့်ဘေးတွင် မည်သူတစ်ဦးတစ်ယောက်မျှလည်း လာမထိုင်ပါ။ သူ့အစုနှင့်သူ နှစ်ယောက်တွဲ သုံးလေးယောက်တွဲများဖြင့် ထိုင်နေကြသည်။

အတန်းနားချိန်တွင် ငိုက်မြည်းနေသောစိတ်တို့ကို

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



အဖော်ပြုရန် Canteen သို့ ကျွန်တော် လက်ဖက်ရည် သောက်ထွက်လာခဲ့၏။

စားပွဲဝိုင်းပြည့်သောဆိုင်ကို ရှောင်ကွင်း၍ လူအနည်းငယ်ရှင်းသောဆိုင်ကို ရွေးဝင်ခဲ့သည်။

ကျွန်တော် တစ်ယောက်တည်းထိုင်နေစဉ် တခြားသူဝင်ထိုင်ချင်က ထိုင်နိုင်သော်လည်း သူများထိုင်နေသောဝိုင်းကို ခွင့်တောင်းပြီး ဝင်ထိုင်ရန်ကိုမူ ကျွန်တော် ဝန်လေးသည်။ ကျွန်တော့်နယ်က ကျောင်းမှာမှာတော့၊ ထိုင်နေကြသော စားပွဲဝိုင်းတိုင်းကကျောင်းသား၊ ကျောင်းသူကို မသိသူရှားသည်။

ရွှေဘိုကောလိပ်တွင် နှစ်စဉ်စာမေးပွဲကျသော ကျွန်တော့်ကို ပထမနှစ်မှ နောက်ဆုံးနှစ်ထိ သိကြတာ များ၏။

ဆရာ၊ ဆရာမများကြားတွင်လည်း ဆန်စက်ပိုင်ရှင်၊ ပွဲရုံပိုင်ရှင် ဦးကျော်ရင်၏သား ညီညီဆိုလျှင် မသိသူ မရှိ။

"အစ်ကို၊ ဘာသောက်မလဲ"

"ကော်ဖီမစ်ပလိန်းတစ်ခွက်၊ အဲ တစ်ခွက်ဆိုပေမယ့် တစ်ခွက်ကို ကော်ဖီမစ် နှစ်ထုပ်ယူခဲ့"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဗျာ"

ကျွန်တော်ပြောတာကို စားပွဲထိုးကောင်လေးက သဘောပေါက်ပုံ မရ။ ကျွန်တော်က ကော်ဖီမစ်တစ်ခါဖျော်သောက်လျှင် နှစ်ထုပ်ပူးသောက်တဲ့ အကျင့်ရှိ၏။ ကျွန်တော် ထပ်ရှင်းပြတော့မှ ကောင်လေးသဘောပေါက်သွားသည်။ နောက်တစ်ပတ်လောက်ဆိုလျှင်တော့ ကျွန်တော် သောက်နေကျကို အထူးမှာစရာလိုတော့မည် မထင်။

"နေဦးကွ၊ ဒီ ရေနွေးခွက်ကို ခွက်ကြီးကြီးနဲ့ လဲပေးဦး၊ မဟုတ်ရင် မင်း ကော်ဖီနှစ်ထုပ်ဖောက်ထည့်တာနဲ့ လျှံကုန်မှာကွ၊ မှတ်ထားဦး၊ ငါ နောက်နေ့လည်း ဒီအတိုင်းပဲသောက်မှာ ဒီဆိုင်ပဲလာမှာ"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်တော်က ကော်ဖီမစ်နှစ်ထုပ်ပူးကို ခွက်ကြီးနှင့်ဖျော်ကာ ချက်ချင်းမသောက်သေးဘဲ ခဏ နှပ်ထားလိုက်သည်။ သူများလို ကော်ဖီကို ပူပူလောင်လောင်လည်း ကျွန်တော်မသောက်တတ်။ အေးသွားမှ တဂွပ်ဂွပ်ဖြင့် ကျွန်တော်က

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တစ်ကျိုက်ထဲ မော့တတ်သည်။

ကျွန်တော်က ကော်ဖီကို အအေးခံနှုပ်ထားရင်း ဥဒဟို သွားလာနေကြသော ကျောင်းသား၊ ကျောင်းသူများကို လိုက်ငေး ကြည့်နေမိသည်။ ဒီလူတွေများစွာထဲမှာ မည်သူသည် ကျွန်တော် နှင့် ပဋ္ဌာန်းဆက်ပါ၍ ဆုံဆည်းခင်မင် တွေ့ဆုံရမည်နည်း။

တိုင်ပင်ဖော်တိုင်ပင်ဖက်ပဲ ဆိုဆို၊ 'တေဖော်တေဖက် ဆိုးဖော်ဆိုးဖက်ပဲပြောပြော စိတ်တူကိုယ်တူ အပေါင်းအသင်း သူငယ်ချင်းတစ်ယောက်၊ နှစ်ယောက်လောက်တော့ ရချင်မိ သည်။ ဒါလောက်ပါပဲ။

တက္ကသိုလ်နောက်ခံ အချစ်ဇာတ်လမ်းမျိုးကိုတော့ ကျွန်တော် စိတ်ကူးမယဉ်ချင်သေးပါ။

သို့သော် .....

ကြုံလာဆုံလာခဲ့ပါကလည်း ရှောင်လွှဲသွားလိမ့်မည် တော့ မဟုတ်။

"ဝို ဝို ဝို"

ယင်ကောင်တစ်ကောင်က အတွေးလွန်ကာ ငြိမ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တာကို အခွင့်ကောင်းယူ၍ ကျွန်တော့်နှာခေါင်းကို ပွတ်ပြီး နားရွက်နားကနေ ဖြတ်ပျံသွားသည်မှာ ဝိုခနဲပင်အသံကြားရ၏။

ကျွန်တော် ထောင်းခနဲ ဒေါသထွက်သွားသည်။ ထွက်မှာပေါ့။ ယင်ကောင်အလွန်ပေါသော အညာဒေသကလာသော ကျွန်တော်သည် ယင်ကောင်ဆို အလွန်မုန်း၏။ ဘယ်ဘဝက ရေစက်မှန်း မသိ။ ယင်ကောင်သည် ကျွန်တော့်အဖို့ ကမ္ဘာ့ရန်။

ငယ်စဉ်ကတည်းက စာကျက်နေတုန်း စာအုပ်မှာ ယင်ကောင်လာနားလျှင် ဖျပ်ခနဲလက်နှင့် ဖမ်းဆုပ်၏။ တစ်ခါတလေ ယပ်တောင်နှင့် ရိုက်ချ၏။ စားစရာပေါ်နားတာတွေ့လျှင် ဒါမှ မဟုတ် ရှေ့မှာ ပျံဝဲနေတာတွေ့လျှင် ဖမ်းရ၊ ရိုက်ရမှ ကျွန်တော် ကျေနပ်သည်။ နှစ်ပေါင်းများစွာ ဖမ်းလာသော အလေ့အကျင့်က ခုဆို ပျံနေ၊ နားနေသော ဘယ်ယင်ကောင်မျိုးမဆို မလွတ်တမ်း နီးပါး ကျွန်တော်ဖမ်းနိုင်နေပြီ။ ယင်အကောင်တစ်ရာတွင် ကိုးဆယ့်ကိုးကောင်ကို မလွတ်တမ်း ကျွန်တော် ဖမ်းနိုင်၏။

"ဝို ဝို ဝို"

ယခုလည်း ကျွန်တော့်နားနားကနေ ကော်ဖီခွက်နှုတ်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ခမ်းပေါ်နားရန် တာစူပျံ့ဝဲနေသော ယင်ကောင်ကို ကျွန်တော် ဆတ်ခနဲဖမ်းလိုက်သည်။ မိသည်။

ဟော နောက်တစ်ကောင် စားပွဲပေါ်မှာ နားနေပြန်ပြီ။ ဖမ်းတာပေါ့။ လက်သုတ်ပဝါပေါ်မှာရော တစ်ကောင်။ လာစမ်း။ ဟိုမှာတစ်ကောင် ပျံလာပြန်ပြီ။ ကဲ။

ကျွန်တော်သည် စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်ရင်း အလုပ်ရှုပ်နေ၏။

ကျွန်တော့် ညာဘက်လက်တစ်ဖက်သည် ယင်ကောင်နှင့်အပြိုင် စားပွဲပေါ်တွင် မနားတမ်းပျံ့ဝဲလှုပ်ရှားနေသည်။ ယင်ကောင်အသေတွေကလည်း စားပွဲပေါ်တွင် စုပုံထားသည်မှာ အတော်များနေပြီ။

တဒင်္ဂတော့ ပတ်ဝန်းကျင်ကို ကျွန်တော် မေ့နေ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"ဟဲ့ ဟိုစားပွဲမှာ တစ်ကိုယ်တော်သိုင်းသမားရောက် နေတယ်၊ ကြည့်ကြစမ်း"

ဝေဝေ့စကားကြောင့် မဟူရာသွေးရော၊ မိတိုးပါ ပြုံင်တူ လှမ်းကြည့်မိလိုက်ကြသည်။

စားပွဲတစ်လုံးတွင် တစ်ယောက်တည်းထိုင်နေသော ကျောင်းသားတစ်ယောက်ကို တွေ့ရ၏။ သို့သော် သူ့ကို ရိုးရိုး ထိုင်နေတာ တွေ့မြင်ရခြင်းတော့ မဟုတ်။ သူ့လက်က ဘာတွေ လုပ်နေသည် မသိ။ အပေါ်ရောက်လိုက်၊ ဘေးကိုရမ်းလိုက်၊ စားပွဲပေါ်ပုတ်ချလိုက်နှင့် လေမှာဝဲလျက် ရှိသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ကဲ မရွှေစာတို့ရေ၊ ဆိုင်တိုင်း၊ စာပွဲတိုင်း၊ လူပြည့်နေ
တာ၊ တို့တွေ ရွေးစရာလမ်း မရှိဘူး၊ အဲ့ဒီစားပွဲမှာပဲ ဝင်ထိုင်ကြ
တာပေါ့၊ အဆင်ပြေရင် သွေးသောက်မောင်နှမတောင် ဖွဲ့လိ
ရသေးတယ် ဟိး ဟိး''

ဝေဝေက ပြောပြီး ရယ်နေသည်။ သူ့ ပြောတာလည်
ဟုတ်နေတော့ မဟူရာတို့သုံးယောက် ထိုစားပွဲဆီကိုပဲ ဦးတည်
လိုက်ကြ၏။

''ကဲ ဒီစားပွဲက သူပိုင်တာ မဟုတ်ပေမယ့် သူက
အရင်ရောက်နေတာဆိုတော့ ယဉ်ကျေးမှုအရ ခွင့်တောင်းရမှာပဲ

စားပွဲနားရောက်တော့ ဝေဝေက မတိုးမကျယ်ပြေ
သည်။ ထိုသူက ကြားဖြစ်အောင်ကြားသွားကာ သူ့လက်
ရပ်၍ မော့ကြည့်လာ၏။

''ဘယ်သူမှ မလာတော့ဘူး မဟုတ်လား၊ ဝေတို့ ဒီမှ
ထိုင်မယ်''

''ခင်ဗျာ''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



နှင့် ခင်ဗျာဟုဆိုကာ အူကြောင်ကြောင်ဖြင့် ကြောင်ကြည့်နေပြန်သည်။

''ဟင်''

ဒီမျက်နှာကို မဟူရာ မှတ်မိလိုက်သည်။ မကြာခင်က ဘတ်စ်ကားပေါ်ကနေ သူ့နောက်လိုက်ဆင်းသူ။ သူ့ပုံစံက ဘယ်လိုမှ မှားစရာမရှိ။ မှန်းစရာကောင်း လိုက်တာ။ ပုံစံကိုက တောသားရုပ်၊ အညာသားရုပ်နဲ့၊ ဟွန့်။

''ပြောမနေနဲ့တော့ ဝေ၊ နားလေးရှာတယ်ထင်တယ်''

မဟူရာက ခုံတစ်လုံးဆွဲကာ ဝင်ထိုင်သည်။ ဝေဝေနှင့် မိတိုးကလည်း ဝင်ထိုင်လိုက်ကြသည်။ စားပွဲပေါ်တွင် ယင်ကောင် အသေလေးငါးခြောက်ကောင်လောက် စုပုံထားတာတွေ့ရတော့ သူတို့အားလုံး တွန့်သွားကြသည်။

''ထိုင်ပါဗျာ၊ ကျွန်တော့်ဆီ ဘယ် သူငယ်ချင်းမှလည်း လာစရာ မရှိပါဘူး''

တွေ့လား၊ ခုနပြောတုန်းကတော့ မကြားလိုက်သလို 'ခင်ဗျာ' 'ခင်ဗျာ'နဲ့ လုပ်နေပြီးမှ အခုကျမှ ပြန်ပြောနေတာလေ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဟာ"

ကျွန်တော်က မျက်လုံးရွှေကာ မိန်းကလေးသုံးယောက်ကို တစ်ယောက်ချင်း မသိမသာ ကြည့်လိုက်၏။ ရွှေအိုရောင်နှင့် ကောင်မလေးဆီ အကြည့်ရောက်ချိန်မှာတော့ ဟိုတစ်ခါကလိုပင် ကျွန်တော့်ပါးစပ်ကြီး ပြဲခနဲဟသွားရပြန်၏။

ဒီမျက်နှာမျိုးက နှစ်ခါပြန်ကြည့်စရာမလိုအောင် လှပသော မျက်နှာ။

"ဒီတစ်ခါတော့ ကျွန်တော်ရှိရာ ခင်ဗျားဖာသာလာတာနော်၊ ဟဲ ဟဲ"

"ဘာရှင့်"

ကျွန်တော့်စကားကြောင့် အလှမဖုရားလေးက မျက်လုံးပြူးပြီး ခပ်စူးစူးလေး အော်လိုက်သည်။ ကျွန်တော် ဘာကိုဆိုလိုမှန်း သူလေး နားလည်ပါလိမ့်မည်။

"နားလေးနေတယ် ထင်တယ်နော်"

"ဟင် ရှင် တော်တော်ရိုင်းပါလား"

"ဒီစကားလုံးတွေက ခင်ဗျားလေးလည်း သုံးခဲ့တာပဲ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဒီမှာ၊ ရှင့်ကိုယ်ရှင် သိပ်အထင်ကြီး မနေနဲ့၊ တခြားမှာ ထိုင်စရာစားပွဲမရှိလို့ လာထိုင်တာ သိလား"

"ဒါပေါ့ဗျ၊ လူဆိုတာ သူ့အကြောင်းနဲ့သူပဲလေ၊ ကျွန်တော်က အဲဒီနေ့က ခင်ဗျားကို လိုက်နှောင့်ယှက်တာ မဟုတ်ပါဘူး၊ ကျွန်တော့်အိမ်က အဲဒီလမ်းထဲမှာ"

ကျွန်တော်တို့နှစ်ယောက်ရဲ့စစ်ပွဲအသေးစားလေးကို သူ့သူငယ်ချင်းနှစ်ယောက်က တအံ့တဩ ငေးကြည့်နေကြသည်။

"ဟဲ့ မဟူရာ၊ နင်တို့က သိနေတာလား"

"ကျွန်တော်က ညီညီပါခင်ဗျာ၊ တတိယနှစ် ပထဝီက"

ကျွန်တော်က သူမထေ့ေး ဘာမှ ပြန်မပြောနိုင်ခင် ကိုယ့်ကိုယ်ကိုယ် ဝင်မိတ်ဆက်လိုက်သည်။

ဝေဝေနှင့်မိုးတိုးက ချိုသာယဉ်ကျေးစွာသိမ်မွေ့စွာပြောဆို မိတ်ဆက်လာသောကျွန်တော့်ကို အပြုံးဖြင့် တုန့်ပြန်ကြသည်။

"ကျွန်မက ဝေဝေပါ၊ သူက မိုးတိုး၊ အဲ သူကတော့ ရှင် သိပြီးဖြစ်တဲ့ မဟူရာသွေး"

"ဗျာ၊ မဟူရာသွေး"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကြည့်၊ ကြားလျက်သားနဲ့အဲ့လို ပြန်ပြန်မေးတာကိုက အမြင်ကပ်ချင်စရာ။

ကျွန်တော်က မဟူရာသွေးဆိုသော အမည်ကြောင့် တအံ့တဩ ဖြစ်သွားရသည်။

ကျွန်တော် ကြားရခဲ့သော နာမည်ဆန်းဆန်းလှလှများတွင် ကြားဖူးရပြန်သော နာမည်။

မဟူရာသွေး၊ ဘူတာရုံလမ်း။

ဒေါ်ပတ္တမြားသွေး၊ ဘူတာရုံလမ်း။

မျက်နှာကျ လှပပုံချင်းက ဆင်ဆင်တူသည်။ နေရပ်တူ နာမည်အလိုက်တူ။ ကျွန်တော် တစ်စုံတစ်ခုကို တွေးမိ၍

"ခင်ဗျားက ဒေါ်ပတ္တမြားသွေးရဲ့သမီး ထင်တယ်"

ကျွန်တော့်အမေးကြောင့် မဟူရာဆတ်ခနဲ တွန့်သွားသည်။ ပြီး တအံ့တဩဖြင့် .....

"ရှင် ရှင် မေမေနဲ့ သိလားဟင်"

ကျွန်တော် အထင်နှင့် ရမ်းပြောလိုက်တာ မှန်သွား၍ ဘာရယ်မဟုတ် ဝမ်းသာသွားမိသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ဆိုပါတော့၊ မိဘချင်းက ပိုခင်ကြတယ်''

ကျွန်တော်က ခပ်တည်တည်ဖြင့် ဆက်လိမ်သည်။ မဟူရာပြောသော အညာသားအူကြောင်ကြောင်၏ လူလည်လုပ်ခြင်းပဲ ဆိုပါတော့။

ကျွန်တော့်စကားကြောင့် မဟူရာတို့သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

မဟူရာက နည်းနည်းတော့ လန့်သွား၏။ မေမေနှင့်သိသည်၊ မေမေ့မိတ်ဆွေရဲ့သားဆိုတော့ မဟူရာတို့ကို စောင့်ကြည့်ပြီး မေမေ့ကို ချွန်တွန်းလုပ်လျှင် ခက်ဦးမည်။ ဒါဆို နေရ၊ စားရ၊ သွားရလာရတာ လွတ်လပ်မည် မဟုတ်။

အင်း ညီညီဆိုတဲ့လူကို တတ်နိုင်သမျှ ရှေးလိုက်ငါး လိုက်ဆက်ဆံပြီး ရှောင်နိုင်သမျှရှောင်ရမည်။

''ဝေဝေတို့က တတိယနှစ် သမိုင်း၊ အရင်နှစ်တွေက ကိုညီညီနဲ့ ဘာလို့ မတွေ့ရတာလဲ''

''သြော် ဒါလား၊ ကျွန်တော်က ဒီနှစ်မှ ပြောင်းလာတာ ကိုးဗျ''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ရှင်က လှတောသားလား"

"လှတောနားကဗျ"

"ခ်စ်"

ဝေဝေတို့က ရွဲ့မေးသည်ကို ညီညီက အတည်ဖြေနေ၍ ခစ်ခနဲ ရယ်လိုက်ကြသည်။

"ဒါဆို အခု ရှင်အပေါင်းအသင်း မရှိသေးဘူးပေါ့"

"ဆိုပါတော့ဗျာ၊ အန်တီပဗ္ဗမြားကတော့ ဒီကျောင်းမှာ သူ့သမီးရှိတယ်လို့ ပြောဖူးသား၊ ကျွန်တော်က တွေ့တုန်းကလည်း သေချာမေးမထားမိဘူး၊ ခုတော့ တော်သေးတယ်"

မဟူရာက နှုတ်ခမ်းကို အနည်းငယ်စူလိုက်သည်။ မေမေတို့က ဘယ်တုန်းကများ အညာမှာ မိတ်ဆွေရှိခဲ့ပါလိမ့်။

ပြီးတော့ မဟူရာ နည်းနည်းတော့ စိတ်ညစ်သွားသည်။ တော်ကြာ ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို လူကြီးချင်းရင်းနှီးပြီး လူငယ်ချင်းစပ်ဟပ်ပေးစားတာမျိုးတွေ ဘာတွေ လုပ်မလာဟု မပြောနိုင်။

**မဟူရာ့ရင် တစ်ချက်ဆောင့်ခုန်၏။ အလကားနေရင်း**

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



စိုးရိမ်မိသောစိတ်ကြောင့်လားတော့ မသိ။

ညီညီဆိုသော ကိုလူညို့ထွားက အညာသားသာဆိုပေမယ့် မျက်နှာက အဖုတစ်ဖု၊ အမဲစက်တစ်စက်မရှိ ဝင်းမွတ်ချောမွေ့နေသည်။

''ကျွန်မတို့ ပြေပြေလည်လည် ခင်ခင်မင်မင်နေကြတာပေါ့ရှင်''

''ကောင်းတာပေါ့ဗျာ၊ ဒီဝိုင်းကို ကျွန်တော် ရှင်းလိုက်ပါ့မယ်''

ကျွန်တော်က ပိုက်ဆံအိတ်အနက်ကလေးကိုထုတ်ကာ ကျသင့်ငွေကို ရှင်းလိုက်သည်။

''ဒါနဲ့ ကျွန်တော်တို့ အတူပြန်ကြမယ် မဟုတ်လား မဟူရာ၊ တစ်လမ်းထဲဆိုတော့''

ကျွန်တော်က ခပ်တည်တည်နှင့် မဟူရာ့ကို မေးလိုက်သည်။

''အိုး ရှင်တို့ ပထဝီသမားတွေက ပရက်တီကယ်ရှိတော့ နောက်ကျမှာပေါ့၊ ကျွန်မတို့က ပရက်တီကယ် မရှိဘူး''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဒါဆို ကျွန်တော် ပရက်တိကယ် မရှိတဲ့နေ့ပေါ့"

မဟူရာက မျက်စောင်းထိုးသည်။ ကျွန်တော်ကတော့ မမျှော်လင့်ဘဲ ကောက်ရလိုက်သော သူငယ်ချင်းမလေး သုံးယောက်ကြောင့် စိတ်ဓာတ်တွေ အားပြည့်လာရ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

ကျောင်းဖွင့်၍ တစ်ပတ်သာ ကုန်သွားသော်လည်း အထာမကျသေးဘဲ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက် ရောက်လာသည်။

ပရက်တီကယ်မရှိသေးဟုဆိုသော်လည်း မဟူရာသည် ကျောင်းဆင်းချိန်၌ ကျွန်တော့်ကို စောင့်မနေပါ။ ကျွန်တော်က မရဲတရဲအယောင်ပြ ညို့မြူလုပ်သော်လည်း သူငယ်ချင်းများနှင့် လည်ပတ်ဦးမည်ဟု ကျွန်တော် မကြားကြားအောင်ပြော၍ ထွက်သွားတတ်သည်။

မဟူရာ့အိမ်နှင့် ကျွန်တော်နေသည့်နေရာက တစ်လမ်း

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တည်းဆိုသော်လည်း သူက အလည်မခေါ်သလို ကျွန်တော်ကလည်း သွားဖို့ စိတ်မကူးပါ။

ကျွန်တော် မသွားချင်တာက အလိမ်ပေါ်မှာစိုး၍ဖြစ်ပြီး မဟူရာကတော့ သူ့မိခင်က ကျွန်တော့်ကို စောင့်ရှောက်ပေးပါဘာညာပြော၍ အပ်နှံကြည့်ရှုခိုင်းမည်စိုးသောကြောင့်ဖြစ်သည်။

ကျွန်တော်သည် ကျောင်းပိတ်ရက်တွင် ပျင်းပျင်းရှိတာရော၊ မဟူရာ့ကို သတိရတွေ့ချင်နေတာကြောင့်ရော ဘူတာရုံလမ်းတစ်ဝိုက်ဈေးနှင့် ကားဂိတ်တွင် လမ်းသလားနေလိုက်သည်။ ကံကောင်းလျှင် မဟူရာနှင့် တွေ့နိုင်သည်။ ကံမကောင်းလို့မတွေ့ရလည်း လက်ဖက်ရည်ဆိုင်ထိုင်ပြီး ကိုကိုမောင်ပြန်လာလျှင် အိမ်ပေါ်တက်မည်။ ထိုသို့ တွေးထား၏။

ကျွန်တော် ဘတ်စ်ကားမှတ်တိုင်နားက ကွမ်းယာဆိုင်တွင် အပျင်းပြေကွမ်းယာဝယ်စားသည်။ ပြီးလျှင် ကားပေါ်အတက်အဆင်းနှင့် လမ်းသွားလမ်းလာများကို ပလက်ဖောင်းပေါ်ရပ်ရင်း လိုက်ကြည့်နေမိ၏။

ဘယ်သူ့ကိုမှ ဦးတည်ကြည့်နေတာ မဟုတ်သော်လာငြ်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်ဘေးတွင် ကောင်လေးသုံးယောက်ရပ်လာတာကို တွေ့နေရသည်။ ကျွန်တော့်ထက် တစ်နှစ်ကျော်ငယ်ပုံရသည်။

သူတို့သုံးယောက်က Taxi တွေကို တစ်စီးပြီးတစ်စီး လက်ပြတားနေကြ၏။ သူတို့တားသမျှ Taxi တွေက ခရီးသည်ပါတဲ့ ကားတွေချည်းဖြစ်နေသည်။ တစ်ခါတစ်ရံ အလင်းပြန်လျှင် ကားထဲခရီးသည်ပါတာ မတွေ့ရတတ်ပေ။ ခရီးသည်မပါတဲ့ကား တားမိပြန်လည်း ဈေးမကြိုက်၍ မငှားနှင့် Taxi ဆယ်စီးလောက် လွတ်သွားပြီ။

ကျွန်တော် ရပ်ကြည့်နေရင်း ကြာတော့ မနေနိုင်လာတော့။ သို့နှင့် Taxi တစ်စီးလာနေတာ တွေ့သောအခါ ဖမ်းတားပေးမိ၏။

"လာ လာ ညီလေးတို့၊ ဒီမှာ Taxi ရပြီ"

ကျွန်တော် ခေါ်လိုက်တော့ ကောင်လေးတွေ ကြောင်ငေးကာ အံ့သြသွားကြ၏။

"ဘယ်သွားမှာလဲ"

ကားသမားက မေးသည်။ ကောင်လေးသုံးယောက်ထဲမှ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မျက်လုံးလှလှ၊ ဖြူနွဲ့နွဲ့တစ်ယောက်က .....

"ကျောက်ရေတွင်း"

"ထောင့်ရှစ်ရာပဲပေးပါ"

"ဟာ များတာပေါ့၊ ရှစ်ရာဗျာ"

ကားသမား အံ့သြသွားပုံရသည်။ ကျွန်တော်လည်း အံ့သြသွား၏။ ဘူတာရုံလမ်းကနေ ကျောက်ရေတွင်းကို ရှစ်ရာနှင့် ဆစ်သည်ဆိုတော့ တစ်ဆိတ် လွန်လွန်းသည် ထင်သည်။ မသကာ ထောင့်နှစ်ရာလောက်ဆို ထားဦး။

"ရှစ်ရာကတော့ ဆီမကုန်တဲ့ဆိုက်ကားတောင် မရဘူးဌါညီ၊ ထောင့်ငါးရာ အနည်းဆုံးပဲ"

"ရှစ်ရာမရရင် မလိုက်တော့ဘူး၊ သွားတော့"

"ပြီးတာပဲ၊ အဲဒီမှာ အရိုးဆွေးအောင် စောင့်ပေတော့"

"ရပါတယ်ဗျ၊ ကျွန်တော့်အဖေကားဆိုရင် ပြောတာဗျ"

"ယောက်ဖကားဆိုရင်လည်း ရပါတယ်ကွ ဟား ဟား"

ကောင်လေးတွေက တစ်ယောက်တစ်ပေါက်ပြောကာ ရယ်ကြသည်။ ကားသမားက ဘုကြည့်ကြည့်၍ မောင်းထွက်သွား

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



လေသည်။ ဘယ်လို ကောင်တွေပါလိမ့်။

''ဒီက အစ်ကို့ကိုတော့ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့်''

တစ်ယောက်က ပြောသည်။ ထိုတစ်ယောက်စကားမဆုံးသေး၊ နောက်တစ်ယောက်က ဝင်ပြောသည်။

''ကျွန်တော်တို့က ရှစ်ရာမရရင် ဘယ်ကားမှ မလိုက်တော့ဘူးလို့ တိုင်ပင်ထားတာဗျ''

ဒီခရီး ရှစ်ရာကတော့ ခဏကားသမားနေပြောသလိုပင် အရိုးဆွေးအောင်စောင့်တောင် ရမှာ မဟုတ်။

''ဟာ နေပါဦး၊ အစ်ကို့ကို ကျွန်တော် မြင်ဖူးပါတယ်''

အရပ်ရှည်ရှည်နှင့်ကောင်လေး ပြောလာခြင်းဖြစ်သည်။ အသားဖြူဖြူနှင့်တစ်ယောက်က .....

''ဟာ ကျောင်းမှာ မြင်တယ်လေကွာ''

ဟု ဝင်ပြောသည်။

''ဟုတ်တယ်၊ ဟုတ်တယ်၊ နောက်ဆုံးခုံတန်းမှာ တစ်ယောက်ထဲ ထိုင် ထိုင်နေတာ ခင်ဗျားပဲ''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သကောင့်သားသုံးယောက်က ကျွန်တော့်ကို မျောက်ပွဲကြည့်သလို လှည့်ပတ်ကြည့်နေရင်း တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။

''မင်းတို့က .....''

''အစ်ကိုက တော်တော် ပိန်းတာပဲ၊ ကျွန်တော်တို့ သုံးယောက်က ဘယ်ဘက်ထောင့်နောက်ဆုံးခုံတန်းမှာ နေ့တိုင်း ထိုင်တာဗျ''

''ဟုတ်တယ်၊ ကျွန်တော်တို့ အားလုံးတစ်ခန်းထဲပဲလေ''

''ဩော်၊ ကိုယ် သတိမထားမိဘူးကွ''

''ကျွန်တော်တို့က အစ်ကို့ကိုမြင်သားပဲ၊ ဟာ မဟုတ်သေးဘူးလေ၊ ငါတို့က တစ်ခန်းထဲ၊ တစ်တန်းထဲဆိုတော့ ဘာ အစ်ကိုခေါ်စရာလိုလဲ၊ ကျွတ် အောက်လိုက်တာ''

''ကဲကွာ၊ မင်းတို့ ကားဆက်ငှားဦးမှာလား၊ မဟုတ်ရင် ကိုယ် လက်ဖက်ရည်တိုက်မယ်၊ ကိုယ်က ဒီလမ်းထဲမှာပဲ နေတာလေ''

''အိုကေ၊ သိပ်ကောင်းတဲ့အစီအစဉ်ပဲ''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ကျွန်တော်တို့က ကားတကယ်ငှားနေတာ မဟုတ်ဘူး ဗျ၊ ပြန်ရင် ဘတ်စ်ကားနဲ့ပဲ ပြန်ကြမှာ၊ ပျင်းလို့ လိုက်နောက်နေကြတာ ဟီး''

''ဒါကြောင့် ပါစင်ကျယ်ပါတဲ့ကားပဲရွေးတားပြီး၊ မရနိုင်တဲ့ဈေးနဲ့ ဆစ်နေကြတာလေ''

''ဒါကို ခင်ဗျားက မနေနိုင်ဘဲ ဝင်ကူလိုက်သေးတယ် အဟား''

တော်တော်ဆိုးသည့် ကောင်တွေပဲ။

ကျွန်တော်သည် နေရင်းထိုင်ရင်း အတန်းဖော်တွေနှင့်လာတွေ့ရ၍ အလွန်ဝမ်းသာပျော်ရွှင်သွားသည်။

သို့နှင့် .....

လက်ဖက်ရည်သောက်ရန် ဖိတ်ခေါ်လိုက်ခြင်းပင်ဖြစ်၏။

''ဒီအချိန် လက်ဖက်ရည်အချိန်မှ မဟုတ်တာ''

''ခင်ဗျာ''

''ဘီယာချိန်လေဗျာ''

''ဟာ ရတယ်၊ ခင်ဗျားတို့ဖြစ်ရင် သိပ်ရတာပေါ့''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကျွန်တော်တို့လေးယောက်သား ဘူတာရုံလမ်းမှ တ
လမ်းကျော်ရှိ သံလမ်းက "စိတ်ကြိုက်" စားသောက်ဆိုင်ကြီးသို
ထွက်လာခဲ့ကြသည်။

"ကို ဘယ်သူ"

"ကျွန်တော် ညီညီဗျ"

"ကျွန်တော်တွေ ဘာတွေလုပ်မနေပါနဲ့၊ မင်းတွေ
တွေ ချစမ်းပါ၊ ဒါနဲ့ ဒါ အလုံအလောက်ပါရဲ့လား၊ မပါလည်
ငါတို့သုံးယောက်ဆိက စုပေါင်းတာပေါ့"

အရပ်ရှည်ကိုင်းကိုင်းကြီးနှင့်တစ်ယောက်က လက်ညှိ
နှင့်လက်မကို ဗိုင်းပြရင်းပြောသည်။

"အာ မလိုဘူး၊ မလိုဘူး၊ ကိုယ့်မှာ အလုံအလောက်
ပါပါတယ်ကွ၊ မင်းတို့ မှောက်သွားအောင်သာ မသောက်နဲ့
စားချင်တာလည်း မှာသာစားပါ"

"ငါ့နာမည်က ဇော်မိုး၊ ဒီကောင်က အရှည်ကြီးခေါ်
မင်းနိုင်၊ သူက မျက်ဝန်း သို့မဟုတ် ဝင်းကျော်ကျော်"

"ကိုယ်က မင်းတို့ထက်ကြီးမှာတော့ သေချာတယ်"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


"ဘာလဲဗျ"

ကျွန်တော့်စကားက အဆက်အစပ်မရှိလေတော့ သူတို့ သုံးယောက်သား သောက်လက်စဘီယာခွက်တွေချပြီး မျက်လုံး ပြူးတွေနှင့် ကြည့်လာကြသည်။

"ကိုယ်က တက္ကသိုလ်ပထမနှစ်ကို နှစ်နှစ်၊ ဒုတိယနှစ် ကို နှစ်နှစ်တက်ပြီးမှ အခု တတိယနှစ်စတက်တာ၊ အဲ့ဒါကြောင့် မင်းတို့ထက်တော့ အသက်တစ်နှစ်မက ပိုကြီးနိုင်တယ်"

"ငါ ဆယ်တန်းကို သုံးကြိမ်မြောက်မှ အောင်ခဲ့တာ"

"ဒါဆို အရှည်ကြီးက ညီညီထက်တောင် ကြီးနိုင် သေးတယ်"

"ထားပါကွာ၊ ဒါတွေက အရေးမကြီးပါဘူး၊ အရေးကြီး တာက ကိုယ့်အတွက် ဘော်ဒါ ရဖို့ပဲ"

"အိုကေ၊ တစ်သက်လုံးအတွက် ဘော်ဒါလို့ ငါတို့ကို သတ်မှတ်လိုက်ပေတော့ ညီညီရေ"

အဲ့ဒီညနေက ကျွန်တော်တို့လေးယောက်သား တစ်ထိုင် တည်းနှင့် ရင်းနှီးခင်မင်သွားကြသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်အဖို့ကတော့ ရေငတ်တုန်းရေတွင်းထဲကျခဲ့ရသည့်ကိန်းပါပဲ။

"ကဲ ညီညီရေ၊ ကျေးဇူးအများကြီးတင်တယ်နော် အေ့"

"ကျောင်းမှာ ဆုံကြမယ်ဟေ့၊ သွားပြီ"

အရှည်ကြီးနှင့် ဇော်မိုးက ကျောက်ရေတွင်းပြန်ပြီးမျက်ဝန်းက ချော်တွင်းကုန်းပြန်သည်။

ကျွန်တော့်အဖို့ကတော့ ဒီနေ့ မဟူရာဆိုသော အရိပ်ကလေးနှင့် လွဲခဲ့ရလေသည်။

သို့သော် .....

ကျွန်တော် ပျော်ပါ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"ကျောင်းသွားတာ ပိုက်ဆံတွေ ဒီလောက်အများကြီး ထည့်သွားစရာမလိုဘူး ညီ"

ပိုက်ဆံအိတ်အနက်လေးထဲကို ငွေစက္ကူစိမ်းစိမ်းတွေ အထပ်လိုက် ထိုးထည့်နေသော ကျွန်တော့်ကို ကိုကိုမောင်က လှမ်းပြောသည်။

"ကျွန်တော်က လမ်းတွေ မကျွမ်းသေးတော့ ဟိုဟိုဒီဒီ မျက်စိလည်ပြီး ရောက်သွားရင် ဒုက္ခမရောက်အောင် ထည့်သွားတာပါ ကိုကိုမောင်ရ"

ကျွန်တော်က မခိုင်လုံသော အကြောင်းပြချက်ကို ပေး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


သည်။ ကိုကိုမောင် မယုံသော်လည်း ဘာမှ ထပ်မပြောတော့။ ပြီးမှ ပြောကိုပြောရဦးမည်ဆိုသော ဆုံးဖြတ်ချက်ချပြီးပုံနှင့် ကျွန်တော့်ဘက် လှည့်လာပြန်သည်။

''ငါ့အစ်ကို မင်းအဖေလည်း အသက်ကြီးပြီကွ၊ ဘွဲ့ရအောင် မြန်မြန်လုပ်ပြီး ရှေ့ရေးအတွက်စဉ်းစားသင့်ပြီ''

''အဖေက အသက်ကြီးပေမယ့် မိန်းမငယ်ငယ်လေးတော့ ယူနိုင်ပါသေးတယ်'' ဆိုသောစကားကို ကျွန်တော့် စိတ်ထဲကပဲ ပြောလိုက်ပါသည်။ ကျွန်တော့်အပေါ် ချစ်ခင်အလိုလိုက်သော ကိုကိုမောင့်ကို အတိုက်အခံ မပြုချင်ပါ။

သို့ပေမယ့် .....

ကိုကိုမောင် စိတ်ချမ်းသာအောင် တစ်ခုတော့ ပြန်ပြောဖြစ်လိုက်သည်။

''ကျွန်တော် ဒီနှစ်စာမေးပွဲကို မကျစေရပါဘူး ကိုကိုမောင်၊ ဒါပေမယ့် ပိုက်ဆံကတော့ သုံးသင့်ရင် သုံးရမှာပဲ၊ ကျွန်တော်မသုံးလည်း ကျွန်တော့်အဖေရှာတာကို မိထွေးပေါက်စနဲ့ဆွေ တော်မျိုးတော်အပေါင်းတို့က သုံးကြမှာပဲဥစ္စာ''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''မင်းကွာ၊ ကလေးလည်း မဟုတ်တော့ဘဲနဲ့ မင်းအဖေ တစ်ပင်လဲလို့ တစ်ပင်ထူတာကို ခုထိ အပြင်မကြည့်ဖြစ်နေတုန်း ပဲလား ညီ''

ကျွန်တော် ဘာမှ ပြန်မပြောချင်တော့ပါ။

''တကယ်တော့ကွာ၊ ကောင်မလေးက ပတွေးနဲ့နေရပြီး မင်းအဖေကို အားကိုးစိတ်နဲ့ လက်ထပ်ခဲ့တာ၊ ခုဆို မင်းအောက် အငယ်တွေငဲ့ပြီး ကလေးတောင် မယူရှာဘူးလို့ ဟိုတစ်ခါ မင်း အဖေနဲ့ ဖုန်းပြောတော့ သိရတာ''

ကျွန်တော် မသိချင်သောစကားတွေကို ဘာကြောင့် လာပြောနေရသနည်း။

ရွှေဘိုတွင် နေခဲ့စဉ်က ညဥ့်နက်သည်အထိ ဂစ်တာတီး၊ လက်ဖက်ရည်ဆိုင်ထိုင်၊ ရန်ဖြစ်၊ စာမေးပွဲကျ၊ ထန်းတောသွား၊ ပိုကာဆွဲ၊ ကြက်တိုက် နေချင်သလိုနေ စားချင်သလိုစားခဲ့သည်။

သို့သော် .....

ခပ်ညံ့ညံ့မဟုတ်သော ကျွန်တော့်ဦးနှောက်က ကျွန်တော့် ဘဝကို ဒီထက်ပို၍ လေလွင့်ခွင့် မပေးခဲ့ပါ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



စိတ်သစ်လူသစ်ဖြင့် ဘဝကို အချိုးညီညီပြန်စဖို့ ရန်ကုန်ကို ကျွန်တော့်ဆုံးဖြတ်ချက်နှင့် ကျွန်တော် ထွက်လာခဲ့ခြင်းဖြစ်၏။ ဒါတွေ ကိုကိုမောင်နားလည်အောင် ရှင်းပြမနေချင်တော့။

မကြည်လင်သောစိတ် ခပ်ပါးပါးလေးနှင့် ကျောင်းသွားရန်အတွက် ကားဂိတ်သို့ ကျွန်တော် ထွက်လာခဲ့လိုက်သည်။

ဘာပဲဖြစ်ဖြစ် ကျောင်းသို့ရောက်လျှင်တော့ ကျွန်တော် ပျော်သွားပါလိမ့်မည်။ ကျွန်တော့်ကို သူငယ်ချင်းအသစ်များက စောင့်ကြိုနေကြမှာ ဖြစ်၏။

ထို့ပြင် ကျွန်တော့်ကို ညှို့ငင်ဆွဲယူသိမ်းဖမ်းနိုင်စွမ်းသော အလှမဖုရားလေးတစ်ပါးကလည်း အားအင်သစ်တွေပေးနေ၏။

တစ်ခါက ဒေါ်ပဒ္မာမြားသွေးဆိုသော အန်တီကြီးကို သူ့မှာ သမီးချောချောရှိလျှင် ကျွန်တော်နှင့်ညားပါစေဗျာဟု ကျိန်ခဲ့ဖူးသည်ကို အမှတ်ရရင်း ပြုံးမိသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော် တိမ်းမူးရသော မဟူရာသွေးသည် ဒေါ်ပဒ္မာမြားသွေး၏ သမီးဖြစ်နေခဲ့၏။

''ဟာ''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဟော အခုလည်း တိုက်ဆိုင်ပြန်ပြီ။ မှတ်တိုင်မှာ ကားစောင့်နေသော မဟူရာ။

ကျွန်တော် ပျော်သွား၏။ ယခုလို ခဏ ခဏ တိုက်ဆိုင်ပါစေဗျား။

ကျွန်တော့် နှလုံးသားက တဒိန်းဒိန်းမြည်လျက် ခြေထောက်က ဘောလုံးအကျော်ရှုန်းနိုခြေထက်ထက်မြန်စွာ မဟူရာဆိုသော အလှဖုရားလေးအနား ရောက်သွား၏။

"အဟဲ၊ ကိုယ်က ဒီအချိန် အိမ်က ထွက်နေကျပဲ"

"ဟုတ်လား၊ ဒါဆို နောက်နေ့ ကျွန်မ နောက်ကျပြီးမှ ထွက်မယ်"

"ကျောင်းနောက်ကျမှာပေါ့"

"ကျပစေ"

မဟူရာက ကျွန်တော်နှင့် မဆုံလျှင်ပြီးရောဆိုသည့် သဘောနှင့် ကတ်သပ်လိုက်ပြောနေသည်။

"အန်တီနဲ့ တိုင်မှာနော်"

ဒီစကားကြားတော့ မဟူရာက နှုတ်ခမ်းစူသည်။ ဟင်း

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဘာတတ်နိုင်သေးလဲကွ။

ဘာမှမတတ်နိုင်ဘဲ မဟူရာက ကျွန်တော်နှင့်အတူ ထိုးစိုက်လာသော ကားပေါ်တက်သည်။

"လာ ထိုင်ခုံတွေနား တိုးရအောင်၊ ဒါမှ ဆင်းတဲ့သူရှိရင် ထိုင်စရာနေရာရမှာ"

မဟူရာက ဘာမှမပြောတော့ဘဲ ကျွန်တော် တိုးသည့် နောက်လိုက်တိုးသည်။ ကျွန်တော်တို့နှစ်ယောက်ရပ်လိုက်သော ခုံမှာက ခေတ်ပေါ်ဒီဇိုင်းများနှင့် ကောင်လေးနှစ်ယောက်ထိုင်နေကြသည်။ အသက်တွေက ရှိလှမှ ဆယ့်ရှစ်၊ ဆယ့်ကိုး။

ကောင်လေးတွေက မဟူရာ့အလှမှာ မှင်သက်သွားကြပြီး ဂဏှာမငြိမ် ငမ်းနေကြ၏။'သူတို့မှ မဟုတ်၊ ကားထဲ ရှိသမျှ ကြီးကြီးငယ်ငယ်၊ ကျားမ မရွေး မျက်လုံးများက မဟူရာ့ထံမှာ ဝဲနေသည်။

မဟူရာကတော့ အောင်လံတလွင့်လွင့်ထူလျက် ခပ်မော့မော့မျက်နှာက ဝင့်ထည်မော်ကြွားနေ၏။

ကျွန်တော် မဟူရာ့မျက်နှာကို ခိုးကြည့်မိသည်က

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


အခါခါ။ နိုးကပ်သော အနေအထားကြောင့် မဟူရာ့နှုတ်ခမ်းမွေး နုနု ရှည်ရှည်လေးများကိုပင် မြင်နေရသည်။ ပါးပြင်နုနု ညက်ညက် ဖောင်းဖောင်းအိအိလေးက လက်ညှိုးနှင့်ထိုးကြည့်လိုက်လျှင်ပင် လက်တစ်ဆစ်လောက်တော့ နစ်ဝင်သွားနိုင်လောက်အောင် တင်းပြည့် နုဖတ်နေ၏။

"ကျောင်းမှာ မဟူရာတို့သုံးယောက်တင်မကဘဲ နောက်ထပ်ဘော်ဒါသုံးယောက် ထပ်ရပြန်ပြီ သိလား"

"မသိဘူးလေ"

"မသိရင်နားထောင်၊ ကိုယ် ပြောပြမယ်"

မဟူရာက တမင်ရွှဲပြီးဖြေသည်ကို ကိုရွှေလှတောသားက နားတောင် ထောင်ခိုင်းနေလိုက်သေးသည်။

ပြီးတော့ စကားပြောရင်း ပြောရင်းဖြင့် ရှာနဝင်သွား၍လား မပြောတတ်။ အသံက ကျယ်ကာ အာဘောင်အာရင်းသန်လာ၏။ အညာလေသံကြောင့် ဟောင်ဖွာ ဟောင်ဖွာလိုပင် ဖြစ်လာသည်။ သူပြောနေသည့်အကြောင်းတွေ   ်း မနေ့က ကောင်လေးတွေနှင့် မိတ်ဆွေဖြစ်ရင်း ဘီယာသွားသောက်ကြ

www.burmeseclassic.com
Scanned by CamScanner

 www.burmeseclassic.com 

သည့်အကြောင်းများသာ ဖြစ်သည်။

"တစ်ယောက်က မျက်လုံးအရမ်းလှလို့ မျက်ဝန်းလို့ ခေါ်တာတဲ့၊ ဒီကောင်လည်း ဘီယာအတော်သောက်နိုင်တာပဲ၊ ကိုယ့်ထက်တောင် သောက်နိုင်တယ်"

မဟူရာ အတော်ဒေါသထွက်နေပြီ။ ဘယ့်နှယ် ပတ်ဝန်းကျင်က အရက်သမားနှင့်တွဲလာရသလားဟူသော ပုံစံမျိုးနှင့်ပင် ကြည့်လာကြသည်ဟု ထင်သည်။ ရှက်စရာကောင်းလိုက်တာ။

"အရှည်ကြီးက တကယ်ရယ်ရတယ်၊ ဘီယာလေးနှစ်ငုံလောက်ပဲသောက်ရသေးတယ်၊ မျက်လုံးတွေက ရီဝေဝေဖြစ်လာရော၊ ဟင်း"

တောက် တော်တော်အလိုက်ကန်းဆိုး မသိတဲ့လူ။ သူများ နားထောင်ချင်မှန်း မသိ။ နားမထောင်ချင်မှန်း မသိ။

"အဲ့ဒါ ကိုယ်နဲ့ ဇော်မိုးက ....."

"တော်တော့၊ ဘာမှ မပြောနဲ့တော့"

ဒေါသထွက်နေပုံနှင့် ခပ်မာမာပြောလိုက်သော မဟူရာ အပြုအမူကြောင့် ကျွန်တော် အံ့သြသွားသည်။ ဘာဖြစ်သွားကာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ပါလိမ့်။ ကျွန်တော်ပြောတဲ့စကားတွေထဲမှာ ဘာများ အမှားပါလို့ လိမ့်။

ကျွန်တော် တွေးရင်း တစ်ခုစဉ်းစားမိသည်က ဟိုသုံး ယောက်ထဲက တစ်ယောက်ယောက် မဟူရာနဲ့များ ဇာတ်လမ်း တွေ ဘာတွေရှိခဲ့လို့ Heart ထိသွားတာလား။

ကျွန်တော်က ကျွန်တော့်အတွေးနှင့်ကျွန်တော် ငြိမ်သွား ရသလို မဟူရာကလည်း နှုတ်ခမ်းစူကာ ငြိမ်နေ၏။

မြောက်ဥက္ကလာအပိုင်းရောက်တော့ မဟူရာရော ကျွန် တော်ပါ ထိုင်စရာနေရာရသည်။ ထိုင်ခါစပဲရှိသေး ဇော်မိုးနှင့် အရှည်ကြီး ကားပေါ်တက်လာတာ တွေ့ရ၏။

"အလဲ့"

အရှည်ကြီးက ကျွန်တော်နှင့်မဟူရာ တွဲထိုင်နေတာ တွေ့ပြီး ပြုံးဖြီးဖြီးဖြစ်ကာ အသံထွက်လာသည်။

ကျွန်တော်က ခုံနားရပ်နေသော သူတို့ခြေထောက်တွေ ကို ဖိနပ်ဦးဖြင့်ဖိထိုးရင်း မျက်နှာပုံစံတစ်မျိုးဖြင့် အမူအရာပြ လိုက်သည်။ မစနှင့်ဆိုသည့်သဘော။ နှစ်ကောင်စလုံး ကုတ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

သွားကြ၏။

"မျက်ဝန်းရော"

ကျွန်တော်က ခပ်တည်တည်ဖြင့် ဇော်မိုးကိုလိုလို၊ အရှည်ကြီးကိုလိုလိုနှင့် မေးလိုက်သည်။

"ဘယ်သူ့ကို မေးတာလဲ"

ဟိုနှစ်ကောင်က ကျွန်တော့်ကို ပြန်အကြောင်ရိုက်သည်။ ကျွန်တော် ကြောင်မသွားပါ။

"မင်းတို့နှစ်ယောက်ထဲက ကြိုက်တဲ့သူဖြေ"

"ငါ မသိဘူး"

"ငါလည်း မသိဘူး"

ကျွန်တော် မဟူရာ့မျက်နှာကို တစ်ချက်ခိုးကြည့်လိုက်မိသည်။ ယောကျ်ားတန်မဲ့ မျက်လုံးအင်မတန်လှသော မျက်ဝန်းခေါ်ဝင်းကျော်ကျော်နှင့်များ ဇာတ်နာခဲ့လေသလား။

ကျွန်တော့်ရင်ထဲမှာ လှိုင်းအသေးစားလေး ထသွားသည်။ မဟူရာသည် နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော်နီးပါး အေးစက်မာခဲငြိမ်သက်နေခဲ့သော ကျွန်တော့်နှလုံးသားအား တစ်ခဏ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အတွင်းမှာပင် နွေးထွေးပျော့ပျောင်းကာ အရည်ပျော် လှုပ်ရှားစေခဲ့သူ ဖြစ်ပါ၏။

"ခြေထောက်က ဘောလုံးကန်တုန်းက ခေါက်ထားလို့ နာနေတာ၊ မတ်တတ်အကြာကြီးမရပ်နိုင်ဘူး၊ ညီညီ ငါတစ်လှည့် ထိုင်ရရင် ကောင်းမယ်"

ကျွန်တော်က ပြတင်းပေါက်ဖက်တွင် ထိုင်နေသော မဟူရာ့ကိုကျော်ကာ ပြင်ပြရှုခင်းတွေ ငေးနေပုံဖြင့် အရှည်ကြီး ပြောတာကို မကြားချင်ယောင်ဆောင်နေလိုက်သည်။

ဇော်မိုးကလည်း .....

"ငါ ဒူးနာနေတာ ကြာပြီကွ၊ ကြာကြာရပ်ရင် ပိုဆိုးတယ်၊ ညီညီ မင်းကို ကြည့်ရတာ ကျန်းမာသန်စွမ်းပုံပဲနော်၊ မင်းတစ်လှည့် မတ်တတ်ရပ်ဦး၊ ငါ ထိုင်ချင်တယ်"

သူ့ဖာသာ ဘာကြောင့် ဒူးနာမှန်း မသိတဲ့ကိစ္စကို ကျွန်တော်က ဘာဖြစ်လို့ ထပေးရမည်နည်း။

သူတို့ ပြောသလိုပဲ ကျွန်တော်က ကျန်းမာသန်စွမ်းပါသည်။ သို့သော် အချစ်နတ်ဖုရားက ဖမ်းစား၍ကြောင့်လား

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မသိ။ ကျွန်တော့် နှလုံးတွေတုန် ရင်တွေခုန်ကာ မတ်တတ်ရပ်နိုင်ဖို့ မစွမ်းသာတော့။ ကျွန်တော် ရပ်နိုင်မည် မထင်တော့။

မဟူရာသည် မျက်လုံးကိုမှိတ်၊ နှုတ်ခမ်းကိုတင်းတင်းစေ့ပိတ်ကာ လက်ပိုက်၍ ခပ်မတ်မတ် ထိုင်လိုက်လာသည်။

ကမ္ဘာကျော်အောင်လှပါသည်ဆိုသော အင်္ဂလိနာဂျိုလီ၏ နှုတ်ခမ်းသည် မဟူရာ၏ ဖူးအိနေသော နှုတ်ခမ်းအလှကို မှီနိုင်မည်မထင်။ ဟေလီဘယ်ရီ၏ ကမ္ဘာကျော်ကိုယ်လုံးအလှသည်လည်း မဟူရာ့ကို မမြင်သေး၍ ဖြစ်ပါလိမ့်မည်။

ထို့အတူ အသားအရည်အလွန်လှပါသည်ဆိုသော ကိုးရီးယားမင်းသမီး အွန်စောသည်လည်း မဟူရာနှင့် ယှဉ်ခဲ့ပါလျှင် သူ့ကိုယ်သူ စိတ်ပျက်သွားပါလိမ့်မည်။

လောလောဆယ်မှာတော့ .....

မဟူရာသွေးကြောင့် ကျွန်တော် ရူးရပါတော့မည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ဟား ဟား ဟား''

''ဖြစ်မှ ဖြစ်ရလေကွာ''

''မင်းမို့ ထင်ရက်၊ မေးရက်ပါပေ့ ညီရာ''

ကျွန်တော်က သူတို့သုံးယောက်ကို မဟူရာနှင့်ပတ်သက်ပြီး ဇာတ်လမ်းရှိခဲ့ကြဖူးလားဟု မေးတာကိုကြားပြီး ယခုလို အူလှိုက်သည်းလှိုက်ရယ်မောပြောဆိုနေကြခြင်းပင် ဖြစ်သည်။

''မင်းက သိပ်ရိုးတာပဲ ညီညီ၊ ဒါပေမယ့် တစ်ခါတစ်ခါ ကျ အတော် မဓာတ်တာပဲဟ''

ဒီလောက်ဆိုလျှင်တော့ ကျွန်တော်သဘောပေါက်ပြီ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



သူတို့နှင့်မဟူရာ ဘာမှပတ်သက်ခဲ့ပုံ မရ။

သို့သော် မဟူရာနှင့်ပတ်သက်တာ အတော်များများကို တော့ ဇော်မိုးတို့သုံးယောက်စလုံး သိထားကြပုံရသည်။

"တို့လူက တကယ့်ထိပ်ထိပ်ကျဲအလှဘုရင်မနဲ့တွဲထိုင် လာတော့ အတော်အထင်ကြီးသွားမိတာ"

"သူ့ကိုကြည့်ရတာ မင်းကို သိပ်ခါးခါးသီးသီးကြီးတော့ မဟုတ်ဘူး ညီ၊ အူကြောင်ကြောင်လုပ်လွန်းတဲ့ မင်းပုံစံ ကြောင့် ဘေးထွက်ဘောတွေ များနေတာကွ"

"အဲဒီကောင်မလေးက သူ့ကို လိုက်တဲ့လူမှန်သမျှ မောက်မောက်မာမာဆက်ဆံတာ မရှိဘူးကွ၊ သူ မကြိုက်တာ၊ ပြန်မချစ်နိုင်တာကို ယဉ်ယဉ်ကျေးကျေးပဲ ငြင်းလေ့ရှိတယ်"

ချစ်သူဝိုင်းဝိုင်းလည်နေသော မဟူရာ့သတင်းကြောင့် မီးမရှို့ရပါဘဲ ကျွန်တော့် ရင်တွေပူသွားသည်။

"မင်း တော်တော်ကံကောင်းတာပဲ ညီညီ၊ သူ့မားသား ကြီးအရှိန်နဲ့ ခဏလေးအဆင်ပြေ ဝင်ရောလို့ရသွားတာ"

"ငါလည်း အဲဒီလို ရည်ရွယ်ခဲ့တာ မဟုတ်ဘူးကွ၊ လမ်း

Scanned by CamScanner

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းက သူ့ဖာသာသူ ပေါက်သွားတာ''

''အေး မင်းဆက်ကြိုးစား ညီ၊ မဟုရာက ဘယ်ကောင့်ကိုမှ ပြန်မကြိုက်သေးတာ သေချာတယ်ကွ၊ သန့်သန့်လေး၊ မင်းတော့ ပွတာပဲ''

ကံစမ်းမဲလိပ်ကလေးရသလို ကျွန်တော် ပျော်သွားသည်။ ကံစမ်းမဲရမှတော့ ပေါက်နိုင်ချေအများကြီးရှိသည်ပဲ။

ကျွန်တော်တို့လေးယောက်သား အတန်းအားချိန်တွင် Canteen သို့ ထွက်ခဲ့ကြ၏။

မနက်က ထမင်းမစားခဲ့သောကြောင့် ကျွန်တော်က ထမင်းသုပ် စားသည်။ စားပြီးတော့ ထုံးစံအတိုင်း ကော်ဖီနှစ်ခွက်ပူးသောက်၏။

ဇော်မိုးတို့သုံးယောက်ကတော့ လက်ဖက်ရည်သာ သောက်ကြသည်။

ရာသီဥတုက ပူစပ်ပူလောင်၊ ယင်ကောင်တွေကလည်း ခပ်မြူးမြူး၊ ကျွန်တော်က ကြားထဲက အလုပ်ရှုပ်ရသည်။

''လာစမ်း''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မုန့်ပန်းကန်ပေါ်နားရန်ပျံနေသော ယင်ကောင်တစ်ကောင်ကို ကျွန်တော်က ဆတ်ခနဲဖမ်းရင်း လက်ထဲမှာ ဆုပ်ထားလိုက်၏။

"ဘာလဲဟ၊ ယင်ကောင်ကို လက်နဲ့ ဖမ်းလို့ မိကြေးလား"

မျက်ဝန်းက ပြောသည်။ အရှည်ကြီးကလည်း .....

"အေးလေ၊ တစ်ခါတလေ ညီ သိပ်ကြောင်တယ်"

"မိမမိ လောင်းမလား"

"အကောင်ရေငါးဆယ်မှာ တစ်ကောင်မိဖို့ ခက်ပါတယ်"

"မိရင်ကော"

"မင်းစားတာ ငါတို့ရှင်းမယ်၊ မမိရင် မင်းရှင်း"

"ဟဲ ဟဲ စားရချည်သေးရဲ့၊ ကြည့်ကြ ဟောဒီမှာ"

ကျွန်တော်က ဆုပ်ထားသောလက်ကို ဖြေပြလိုက်သည်။ ချေးထွက်၍ ဘဝပြောင်းသွားသော ယင်ကောင်လေးက ကျွန်တော့်လက်ဖဝါးပေါ်မှာ ပိပြားကာ ပက်လက်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"အလဲ့၊ ကြက်ကန်းဆန်အိုးတိုးသွားပြီ"

"ဒါဆို ကြည့်၊ နောက်တစ်ကောင် ဖမ်းပြမယ်"

ကျွန်တော်က ကျွန်တော့်ပတ်ဝန်းကျင်လက်လှမ်းမှီရာ ရောက်လာသမျှသော ယင်ကောင်များကို တစ်ကောင်ပြီးတစ်ကောင်ဖမ်းပြလိုက်၏။ ငယ်စဉ်ကတည်းက အလေ့အကျင့်ရှိနေခဲ့တာ နည်းတဲ့နှစ်တွေမှ မဟုတ်တော့တာ။

"ယင်ဖမ်းသံက် ဘယ်လောက်ရှိပြီလဲ"

"မင်းလို ငါ ဖမ်းကြည့်ဦးမယ်"

"မမိဘူးဟ၊ ပျံသွားပြီ၊ အရမ်းမြန်တာကိုး"

"မမြန်ရင် ဘယ် ယင်ကောင် လုပ်စားမလဲ"

ဇော်မိုး၊ အရှည်ကြီးနှင့်မျက်ဝန်းပါ ယင်ကောင်ဖမ်းကာလက်တွေရှုပ်၊ အလုပ်တွေရှုပ်သွားကြသည်။

ထိုအချိန်မှာပင် မဟူရာ၊ ဝေဝေနှင့်မိတိုးသုံးယောက်ကလည်း လာနေကျ ဒီဆိုင်ကိုပဲ ဆာကြသည်။ ထိုအခါ သူတို့တွေကို မြင်သွားသည်။

"အင်း တစ်ကိုယ်တော်သိုင်းသမား မဟုတ်တော့ဘူးဟ၊

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



သိုင်းသမားလေးဖော်ဖြစ်သွားပြီ''

မဟူရာကတော့ အဲဒီလေးယောက်ကို ညီညီအပြင် ဘယ်သူတွေဆိုတာ မနက်ကတည်းက သိပြီးပြီ။

သိဆို သူ ညီညီ ပြောပြလာတာကိုး။

ဘတ်စ်ကားပေါ်တစ်လမ်းလုံးစကားတွေပြောလွန်းလို့ မဟူရာစိတ်တိုပြီးတောင် အော်လိုက်မိသေးသည်။ အော်ပြီးမှ လန့်သွားသော သူ့ပုံစံကြောင့် စိတ်ထဲအနည်းငယ် အားနာ သွားမိသေး၏။

ဝေဝေနှင့် မိတိုးပြောသလိုပင် ညီညီဆိုသည့်လူက အလိုက်ကန်းဆိုး မသိ၊ အရိပ်အကဲလည်း နားမလည်တတ်ပေ မယ့် ရိုးဖြောင့်ကာ စိတ်ထားကောင်းပုံရသည်။ တကယ်လည်း သူ့မျက်နှာသည် ကြည်စင်လျက်ရှိ၏။

''ကဲ သိုင်းသမားလေးဖော်ကို လွတ်အောင်ရှောင်ဖို့ ကတော့ မလွယ်ဘူး''

မိတိုးက ပြောသည်။ ဝေဝေက ....

''မလွတ်တော့မယ့်အတူတူ အပေါင်းအပါမှန်ဖြစ်ဖို့

www.burmeseclassic.com



တော့ဘူး၊ အသာတကြည်ပဲ အရှုံးပေးကြတာပ၊ ဟီး''

မဟူရာက နှုတ်ခမ်းကို ခပ်စုစု စူလိုက်သည်။ ဖူးရှုပြီး လုပါသည်ဆိုမှ မူတူတူ စူတူတူလုပ်တော့ ပိုလှသည်။

စားပွဲဝိုင်းက ကျောင်းသူကျောင်းသားတွေရဲ့မျက်လုံး ပေါင်းများစွာက ဆိုင်အပြင်ဘက်ရောက်နေကြသည်။

သေချာပြီ။ ဒါဆို ကျွန်တော့်ရင်ထဲက လမင်းထွက်လာ ပြီပဲ။

ဇော်မိုးတို့လည်း မြင်သွားကြပြီ။ မဟူရာတို့ကလည်း မြင်သွားကြပြီ။ ကျွန်တော် ပျော်တာပေါ့ဗျာ။

''မဟူရာတို့ ဒီကိုလာ၊ စားပွဲဆက်ပေးမယ်''

လာနေမှန်းသိလျက်နှင့် ဒီလိုလာဟု ထခေါ်နေသော သူ့ ပုံစံကို မဟူရာ ရယ်ချင်မိသည်။ ဘာမှန်းကို မသိဘူး။ ပုံစံက ကိုးရိုးကားယားနိုင်လှသည်။

''ဒီနေ့တော့ ဘော်ဒါတွေနဲ့ပါလား ကိုညီ''

မိတိုးက ဆက်လိုက်သော စားပွဲနှစ်လုံး၏ တစ်ဖက် စားပွဲတွင် ဝင်ထိုင်ပြီးသည်နှင့် စကားစသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါ ကိုယ့်သူငယ်ချင်းတွေပဲ၊ အားလုံး မိတ်ဆက်ပေးမယ်"

ကျွန်တော်က မဟူရာတို့သုံးယောက်နှင့်ကျွန်တော့် ဘော်ဒါသုံးယောက်ကို မိတ်ဆက်ပေးလိုက်သည်။

"အတွေ့နောက်ကျတယ်ကွာ၊ တကယ်"

အရှည်ကြီးက မချိတင်ကဲလေသံဖြင့် ပြောသည်။

ဇော်မိုးက ....

"ညီညီက ဒီနှစ်မှလာပြီး မဟူရာတို့နဲ့ အရင်သိရတယ်"

"ဒါကတော့ ကိုညီက မိဘချင်းကိုက ရင်းနှီးတာကိုး"

ဝေဝေက ဝင်ပြောလိုက်သည်။

"ဩော်"

ဇော်မိုးနှင့်အရှည်ကြီးက အံ့ဩဟန်ဆောင်ကာ ဩော် လိုက်ကြသည်။ တကယ်တမ်း ကျွန်တော်ရော၊ ကျွန်တော့်မိဘတွေပါ မဟူရာ့မိခင်နှင့်မရင်းနှီးတာ ကျွန်တော်ပြောပြ၍ သူတို့ သိပြီး ဖြစ်သည်။ မျက်ဝန်းကတော့ သူများပြောတာတွေ နားထောင်ပြီး ပြုံးနေသည်။ မျက်ဝန်းက စကားနည်းကာ ဒိဂ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



စကားပြောလေ့ မရှိ။

ကျောင်းသား ကျောင်းသူတို့ထုံးစံအတိုင်း အချိန်ယူစရာမလိုဘဲ ရင်းနှီးသွားတာ မြန်သည်။

"နေပါဦး၊ ဒီ ယင်ကောင်တွေက ဘာလုပ်တာလဲ"

မဟူရာက စားပွဲပေါ်တွင် ပုံထားသော ယင်ကောင်အသေများကို မနှစ်မြို့ဟန်နှင့် ပြောသည်။

"ဒါ ညီညီ ဖမ်းထားတာ၊ သူ ယင်ဖမ်းသိပ်တော်တယ်၊ တစ်ခါဖမ်း တစ်ကောင်မိတယ်"

"ရှာရှာကြံကြံ၊ သူ့ဟာသူနေတဲ့ ယင်ကောင်ကို ဘာလို့ လိုက်ဖမ်းနေရတာလဲ"

"အစားအသောက်တွေ စားနေတုန်း နားမှာ စိုးလို့ ကိုယ် သိပ်ရွံတာ"

"ဟယ်၊ အညာသား မဟုတ်တာကျနေတာပဲ"

"အညာသားမို့ ပိုမုန်းတာပေါ့ မဟူရာရဲ့၊ အညာမှာ ယင်ကောင် အရမ်းပေါတာ၊ ဘာစားစား လာနားနေတာပဲ၊ ဒီ ယင်ကောင်တွေက လူခန္ဓာကိုယ်က အနာတွေပေါ်လည်း နား

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တယ်၊ မစင်ပုံ၊ အမှိုက်ပုံ၊ တခြားအညစ်အကြေးနဲ့ ညစ်ပတ်တဲ့ ခြေနင်းခုံ စတဲ့နေရာမရွေးနားပြီးရင် လူတွေအစာကို လာနားချင် နားတာ၊ တွေးလေ ရွံလေပဲ၊ ထွီ''

''ဟင်း ဟင်း ဟင်း ဟင်း''

ကျွန်တော့်စကားကို မဟူရာက သဘောကျသလို ရယ်နေသည်။ မဟူရာ့ သွားဖြူဖြူလေးတွေကို သတိလက်လွတ် ကျွန်တော် ငေးနေလိုက်မိ၏။

မနက်တုန်းက သုန်မှုန်နေသော မဟူရာ့မျက်နှာလေးက အခုကျ သူ မဟုတ်သလို ရွှင်ပျမြူးထူးနေပြန်သည်။

ကျွန်တော်တို့အုပ်စုကြီးက သူ့ဟာနှင့်သူ လေပေး ဖြောင့်နေကြသည်။ ဇော်မိုးနှင့်ဝေဝေက ဟောလီးဝုဒ်ရုပ်ရှင် လောကအကြောင်းပြောနေကြသလို၊ အရှည်ကြီးနှင့်မိတိုးက အိုင် မက်တွေအကြောင်းပြောနေကြသည်။ မျက်ဝန်းကတော့ နား ထောင်ရုံသက်သက်သာ၊ ဘာမျှ ဝင်မပြော။

နောက်တော့ စကားဝိုင်းက အားလုံးပေါင်းသွားကာ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေ ပြောကြပြန်သည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"ဟာ ကိုညီ အစားပုပ်တယ်၊ တစ်ခါသောက် ကော်ဖီ နှစ်ခွက်ပေါ့"

ဝေဝေက ကျွန်တော့်ရှေ့က ကော်ဖီခွက်ကိုကြည့်ပြီး ပြောသည်။ ကျွန်တော်က ကော်ဖီခွက်နှုတ်ခမ်းပေါ်နားရန် ပျံ့ဝဲနေသော ယင်ကောင်ကို ဆတ်ခနဲ ဖမ်းလိုက်ပြန်သည်။

"ဒါတောင် မိုက်က သိပ်မဝချင်ဘူး အဟဲ"

"ည အိပ်ပျော်ရဲ့လား၊ ကော်ဖီဒီလောက်သောက်တာ"

"ခေါင်းချလိုက်ရင် တစ်မိနစ်အတွင်း အိပ်ပျော်တယ်"

ကျွန်တော်က ပြောရင်းနှင့်မဟူရာ့ကို မျက်လုံးဝေ့ကြည့်သည်။ မဟူရာ့မျက်နှာက ရန်လိုခြင်းကင်းစွာ ရာသီဥတုသာယာနေပါ၏။

"ကော်ဖီက ကဖိန်းဓာတ်များတော့ အလွန်အကျွံသောက်ရင် နှလုံးရောဂါဖြစ်နေဦးမယ်"

ဒီစကားကိုတော့ မျက်ဝန်းက ပြောသည်။ မျက်ဝန်း၏ အမူအရာများက ယောကျ်ားလေးတစ်ယောက်တ ်ပ သိမ်မွေ့လွန်းသလို ထင်ရ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ကိုယ် ဒီနှုန်းအတိုင်းသောက်လာတာ ခုနစ်နှစ်ရှိပြီ ကွ''

''ဟယ်''

''နှလုံးရောဂါက ခုမှ စဖြစ်မှာ'' ဟူသော စကားကိုတော့ မဟူရာ့ကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲကပဲ ပြောလိုက်ပါသည်။

စားသောက် စကားပြောပြီး ငွေရှင်းရန်ပြင်သည်။ မဟူရာတို့နှင့် မလာခင်ကတော့ ယင်ကောင်ဖမ်းကြေး လောင်းတာ နိုင်၍ ကျွန်တော် စားသမျှ ဟိုကောင်တွေ ရှင်းရမှာဖြစ်သည်။ ခုတော့ ကျွန်တော်ပဲရှင်းရန် ပိုက်ဆံအိတ်အနက်လေးကို လွယ် အိတ်ထဲက နှိုက်လိုက်၏။

ထိုအချိန်မှာပဲ နေကာမျက်မှန်နှင့်ရှိုးစမိုးအပြည့်သထားသော ကျောင်းသားတစ်ယောက်က မဟူရာတို့နား လာရပ်ကာ

''ဒီဝိုင်းအတွက် ကျွန်တော် ရှင်းပြီးပြီ မဟူရာ''

''ဩော် ကိုဇာနည်၊ မဟုတ်တာရှင် အားနာစရာ''

မဟူရာက သိမ်မွေ့စွာပင် ငြင်းပါသည်။ ဝေဝေနှင့်မိတိုး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



က ခပ်သွက်သွက်ဝင်ပြောသည်။

"ကျေးဇူးပါပဲ ကိုဇာနည်ရယ်"

"ရုပ်ချောသလောက် အလိုက်သိတဲ့ ကိုဇာနည်ပဲ"

"ကျွေးရကျိုးနပ်ပါပြီဗျာ၊ အပြောကောင်းကြလို့၊ ဟင်း ဟင်း ဟင်း ဟင်း"

မဟူရာတို့က ပိုက်ဆံရှင်းစရာမလိုတော့၍ စားပွဲမှ ထသည်။ ကျွန်တော်တို့လည်း တစ်ခါထဲ လိုက်ပြန်ရန်ထကြ၏။

"အစ်ကို၊ ပိုက်ဆံမရှင်းရသေးဘူး"

"ဘာ"

မိုးတိုးမတ်တတ်နှင့် ကျွန်တော်တို့ကို စားပွဲထိုးလေးက လက်တို့တောင်းသည်။

"ခုထာလူက ရှင်းပြီးပြီလို့ ပြောတယ်"

"အဲဒါ ဒီဘက်ခြမ်းက အစ်မတို့စားပွဲအတွက်ပဲ ရှင်းခဲ့တာ"

"ဟာ သေရော"

ကျွန်တော်တို့လေးယောက်သား ရှက်ရှက်နှင့်ပြန်ထိုင်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



လိုက်ကြသည်။ မဟူရာတို့က ရယ်မောရင်းထွက်သွား၏။

"ဖွန်ကြောင်ပဲ"

"သောက်ခွက်ကလည်း ပြောင်ပါ့ဗျာ"

"သူ့ရည်းစား ငါနဲ့ ညားပါစေဗျာ"

မျက်ဝန်းမှလွဲ၍ ကျွန်တော်၊ အရှည်ကြီးနှင့်ဇော်မိုးတို့က ဇာနည်ဆိုသောကောင်ကို ပျစ်ပျစ်နှစ်နှစ်မေတ္တာပို့လိုက်ကြ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"မိန်းမတွေနော်၊ တော်တော်အူမြူးနေ၊ မျက်နှာပိုးကို မသေဘူး၊ ဟွန်း"

မဟူရာက ဝေဝေနှင့်မိတိုးကို မာန်မဲလိုက်သည်။

"ရယ်ချင်လို့ပါပါတယ်၊ ကိုဇာနည်ကလည်း ပေါ်တင်ပဲ"

"အေးလေ၊ နှစ်ပိုင်းဆက်ထားမှန်း သိရဲ့နဲ့၊ မရှင်းချင်လည်း လုံးဝ မရှင်းဘဲ နေတာမဟုတ်ဘူး၊ အဟီး"

မဟူရာသည် နဂိုကမှ အူကြောင်ကြောင်နိုင်ပါသည်ဆိုမှ ခုဏကလို အူကြောင်ကြောင်ဖြစ်သွားသော ညီညီ့ကို ရယ်ချင်မိသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"နင်တို့နှစ်ယောက်ကို ငါလုပ်ကျွေးလာတဲ့နှစ်တွေ မနည်းတော့ဘူးနော် ဝေနဲ့ မိတိုး၊ ဟင်း"

မဟူရာ့ကို ပိုးပန်းမျက်နှာလုပ်ချင်ကြသော ကောင်လေးတွေက မဟူရာတို့ပိုင်းကို ဦးသူက ရှင်းသွားတတ်ကြသည်၊ ဒါကို ရည်ရွယ်၍ မဟူရာက ပြောခြင်းဖြစ်သည်။

မဟူရာ့အနေနှင့် ပေးတိုင်းမယူ၊ ကျွေးတိုင်းလည်းမစားပါ။ သို့သော် ရှောင်မရ၊ ငြင်းမရတာမျိုးတွေက အမြဲကြုံနေရတော့ ဘာမှမတတ်နိုင်ဘဲ နောက်ပိုင်းတွင် ခပ်အေးအေးပဲ ငြိမ်နေလိုက်တော့သည်။

"အေးဟဲ့၊ နင်သာ ယောက်ျားအရင် ယူသွားရင်တော့ ငါတို့နှစ်ယောက် လာဘ်ပိတ်ပြီ မဟူရာ"

"အင်းနော်၊ မိတိုးပြောတာ မှန်တယ်၊ မဟူရာ့ယောက်ျားက မဟူရာ့ကိုပဲ လုပ်ကျွေးမှာလေ"

"နင်တို့ပဲ ယောက်ျားယူ၊ ငါ မယူဘူး"

"အံမယ်၊ တကယ်လား မဟူရာ"

"ရွှေဘိုသားလေးက သန့်ပြီးတောက်ပြောင်နေတာပဲ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ဟယ်''

''ယူလိုက်ကြ''

''ဟယ် ရက်ရောလိုက်တာ၊ ဟိုတုန်းကတော့ ရွှေဘို သားတွေကို ရေငန်သောက် မြက်ခြောက်စားဆိုပြီး လှောင်ကြ တာကွ၊ အဲဒီနယ်က လူတွေက အများအားဖြင့် မည်းမည်း ခြောက်ခြောက်တွေပဲကိုး''

''ခုတော့ တခြားစီပါလား မိတိုးရယ်၊ ဝေတို့မြင်နေရတဲ့ ရွှေဘိုသားလေးက ညိုစိုတောင့်ဖြောင့်နေတာပါလား'' —

''ကဲ တော်ကြစမ်းပါ မိတိုးနဲ့ဝေရာ၊ မိန်းမတွေတန်မဲ့ ရှက်လည်း မရှက်ကြဘူး''

''အလိုတော်၊ ဘာကို ရှက်ရမှာလဲ၊ ကြည့်ကောင်းလို့ ကောင်းတယ်ပြောတဲ့ဟာ''

''အေးလေ၊ မှုမနေနဲ့နော် မဟူရာ၊ လွတ်တဲ့ငါးက ကြီး တတ်တယ်''

''ကြီးကြီး၊ ကြည့်လို့ကိုမရဘူး၊ အူကြောင်ကြောင်နဲ့''

''ရိုးသားပြီး ပွင့်လင်းတာပါဟယ်၊ ပြီးတော့ အားနာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တတ်ပုံနဲ့ မိန်းကလေးတွေနဲ့ လက်ပွန်းတတီးမရှိမှန်း သိသာတယ်''

''မဟူရာ့ကို ပွဲကျသွားမှာစိုးတဲ့အတိုင်း ရဲရဲတောင် မကြည့်ရှာပါဘူးဟယ်၊ ခိုးကြည့်ရှာတာ၊ သနားပါတယ်''

မဟူရာက ဝေဝေနှင့်မိတိုးကို ဘာမှမဆက်မပြောတော့ဘဲ ရေငုံနှုတ်ပိတ်နေလိုက်တော့သည်။ အာရုံမှာတော့ အညာသားရုပ်လွှာက တရစ်ဝဲဝဲထင်လျက်။ ဘာအဓိပ္ပါယ်မှန်းကို မသိ။

မဟူရာသည် သူမအလှမှာ ခစားရောက်ရှိလာသည့် မင်းသားအပေါင်းတို့အပေါ် သာယာမိသည်မှလွဲ၍ တိမ်းမူးညွတ်နူးခြင်း မရှိခဲ့။

မဟူရာ့ထံပါးကို မသေမသပ်နှင့် ရောက်ရှိတွေ့ဆုံလာသော ညီညီဆိုသည့်လူကား မည်သူနှင့်မှမတူ၊ တမူထူးခြားစွာ မဟူရာ့နှလုံးသားကို လှုပ်ရှားစေနိုင်ဖို့ တမင်တကာ ကြိုးစားစွမ်းဆောင်ချဉ်းကပ်လာခဲ့တာမျိုးလည်း မဟုတ်။ ညီညီနှင့် တွေ့ဆုံခဲ့ရတာ ချိုလွင်သောခံစားချက်တစ်မျိုးမျိုး ဖြစ်ပေါ်လာနေသည်ဟု မဟူရာ့စိတ်မှာ ပြောင်းလဲခံစားမိ၏။ အဘယ့်ကြောင့်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ဆိုတာကိုတော့ မဟူရာ သရုပ်မှန် မခွဲတတ်ပါ။

"ယင်ဖမ်းအဖွဲ့ နောက်ကနေ ပါလာပြီ"

ဝေဝေက ညီညီတို့အဖွဲ့ကို နောက်လှည့်ကြည့်ရင်းပြော သည်။ ညီညီက လက်ဘပြူပြူဖြင့် လှမ်းအော်မိအောင် အော် လိုက်သေးသည်။

"မဟူရာ၊ ကိုယ်တို့ အတူပြန်မယ်နော်"

မဟူရာကြားတော့ နှုတ်ခမ်းစူကာ ခြေဆောင့်သည်။

"ကြည့်ပါလား၊ အာပြဲကြီးနဲ့လှမ်းအော်နေတာ သူ မရှက် ပေမယ့် ငါရှက်တယ် ဟဲ့"

ဝေဝေနှင့်မိတိုးက ရယ်သည်။ ညီညီက မိအောင် လိုက် လာကာ ....

"မဟူရာက ကိုယ့်ကိုမစောင့်ဘဲ လစ်လစ်သွားလို့ ပြော ရတာ၊ ဟိုနေ့ကလည်း အဲ့ဒီလိုပဲ၊ ကိုယ့်ကို ချန်ထားခဲ့တာလေ"

"ဒီမှာ၊ ရှင် ဘာလို့ ဒီလောက်အော်နေတာလဲ၊ ဒါ ရွာ မဟုတ်ဘူး၊ သိလား"

ပြောပြီးသည်နှင့် မဟူရာက ဘောက်ရှုဘောက်ရှုထွက်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သွားလေသည်။

''ပေါ့ဟာ''

ပင်လယ်ပြင်၏ မာယာအတိုင်း မဟူရာ၏ ချက်ခြင်းပြောင်းလဲသွားသော ရာသီဥတုကြောင့် ကျွန်တော် အံ့ဩသွားသည်။

ကုလ္လိယတို့၏သဘောကား နားလည်ရခက်လှပေစွတကား။

''ဒီမှာ ကိုညီ၊ ရှင်ဟာလေ ခိုးချင်တာလည်း ပြောလို့၊ နေးလိုက်တဲ့လက်ကလည်း အလွန်ပါပဲ ဆိုတာလိုပဲ''

''ဟ''

ဒိကြားထဲ ဝေဝေနှင့်မိတိုးကပါ ကျွန်တော် နားမလည်နိုင်သော စကားပြေတွေကို လာဖွဲ့ပြနေပြန်သည်။

ကျွန်တော် ခပ်ငူငူဖြင့် နေရာတွင်ပင် ရပ်ကျန်ခဲ့၏။ အရှည်ကြီးတို့အနားရောက်လာမှ အတူလျှောက်သည်။

''မင်းကလည်း ဒါ ရန်ကုန်ကွ ညီညီရ၊ အညာကရွာ မဟုတ်ဘူး''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"လာပြန်ပြီတစ်ယောက်၊ ဘာတွေ ပြောနေကြတာလဲ"

"ဒီလိုလေကွာ၊ ရန်ကုန်သူ ရန်ကုန်သားတွေက စကား ပြောရင် ကိုယ့်နားကကို ကိုယ်ပြန်မကြားရတဲ့ လေသံတိုးတိုး လေးနဲ့ပဲ ပြောကြတာကွ"

"ဟုတ်မယ်၊ မျက်ဝန်းဆို ပိုဆိုးတယ်၊ ငါ အားမရပါ ဘူးကွာ"

ကျွန်တော်က ကျွန်တော်ပြောချင်ရာ ဖွတ်ပြောနေမိ သည်။

"မျက်ဝန်းလောက်မတိုးတောင် အညာလေသံတလုံး တခဲကြီးကိုတော့ လျှော့ပေါ့ကွာ"

"ဟုတ်တယ် ညီ၊ ဇော်မိုးပြောတာမှန်တယ်ဟာ၊ မဟူ ရာက မင်းအပြုအမူတွေကို စိတ်ပျက် ပျက်သွားတာ သေချာ တယ်"

"ခက်တာပဲကွာ၊ ကျွတ်"

ကျွန်တော်က စိတ်ပျက်စွာပင် စုတ်တစ်ချက်သပ်လိုက် ၏။ ယခုလက်ရှိ ကျွန်တော့်စိတ်ခံစားချက်မှာ ကျွန်တော့်ကို

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မိထွေးပေါက်စနလေးနှင့်ပြေလည်အောင်နေနိုင်ခြင်း၊ ပိုက်ဆံလျှော့သုံးနိုင်ခြင်းနှင့်စကားတိုးတိုးပြောနိုင်ခြင်းတို့သည် သေမိန့်ပေးတာနှင့် အတူတူပင်ဖြစ်၏။ ကျွန်တော် ပြောတာ နည်းနည်းတော့ ပိုချင်ပိုပါမည်။ သို့သော် ....

ဒီကိစ္စတွေကို ကျွန်တော် မလျှော့ချင်ပါ။

မလျှော့ချင်သော်လည်း မဟူရာ မကြည်သာဘဲ ငြိုငြင်မှာကိုတော့ ကျွန်တော် ခံနိုင်ရည် မရှိပါ။

ခက်သည်က ဒါတွေ ဒီအကျင့်တွေက တစ်သက်လုံး အရိုးစွဲနေခဲ့ပြီ မဟုတ်ပါလား။ ကျွန်တော့်အတွက် ချက်ချင်းပြင်လို့ ဘယ်လွယ်ပါ့မလဲ။

"အေးကွာ၊ နောက်ဆို ငါ စကားပြောတာ အသံကျယ်သွားရင် တစ်ချက်ရိုက်ပြီး သတိပေးစမ်းပါ"

ကျွန်တော့်အသံက ပင်ကိုယ်ကပင် အသံသြသြကြီးဖြစ်သည်။ စကားပြောလေသံက တမင်ကျယ်ပြောတာ မဟုတ်ပေမယ့် နဂိုကကို အသံအောင်နေတာမျိုး ဖြစ်သည်။

ကျွန်တော့်နယ်၊ ကျွန်တော့်ပတ်ဝန်းကျင်တုန်းကတော့

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



အားလုံးက ကျွန်တော့်အသံကို အသံသြဇာနှင့်ပြည့်စုံလိုက်တာဟု သဘောကျကြ၏။ အခုတော့ ....

အေးလေ၊ ရောမ ရောက်တော့ ရောမလိုပဲ ကျင့်ရပေမပေါ့။ မဟုတ်ဘူးလား။

ရန်ကုန်သူကိုမှ ကျွန်တော်က သဘောကျမိပြီကိုး။

၀၀၀

www.burmeseclassic.com

Scanned by CamScanner

 www.burmeseclassic.com 

"ညီညီ၊ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ သူ့မိဘတွေက ရွှေဘိုက"

မဟူရာစကားကိုကြားတော့ မေမေက ဦးနှောက်ခြောက်မတတ်စဉ်းစားနေသည်။ သို့သော် စဉ်းစားလို့ ပေါ်ပုံမရ။

"မေမေ့မိတ်ဆွေတွေထဲမှာ ရွှေဘိုကဆိုတာ မကြားဖူးပါဘူး၊ သမီးပြောတဲ့ ညီညီဆိုတဲ့နာမည်ကိုလည်း စဉ်းစားမရဖြစ်နေတယ်"

"အဲဒီ ညီညီဆိုတဲ့တစ်ယောက်ကကော မေမေ့ကိုလည်းသိတယ်၊ သမီးကိုမြင်တာနဲ့ ဒေါ်ပဒ္မာမြားသွေးသမီးလား

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


လို့ တန်းမေးတာပဲ''

မဟူရာက မေမေ့ကို ညီညီ့အကြောင်းပြောပြနေခြင်း ဖြစ်သည်။ အိမ်နားနီးချင်း ကျောင်းသွားဖော်သူငယ်ချင်း မိတ်ဆွေလေးများ ရမလားမှတ်ပါတယ်၊ ညီညီဆိုတဲ့လူ အူကြောင်ကြောင်နိုင်လွန်း၍ တကယ့်ကို စိတ်မရှည်ချင်စရာကောင်းလှသည်။ စကားကို အကျယ်ကြီး အော်ပြောသည်။ ကျောင်းဆင်းလျှင် အတူပြန်ရအောင်ဟု သူကပဲပြောပြီး ပြန်ခါနီးဆို ဘယ်ရောက်လို့ ရောက်နေမှန်းပင် မသိ။

မဟူရာ့မှာတော့ သူငယ်ချင်းတွေနှင့် ဟိုလိုလို ဒီလိုလိုဖြင့် အချိန်ဆွဲကာ စောင့်ရသည်။ သူက ယောက်ျားလေးဖြစ်ပြီး ကြိုတင်စောင့်နေတာ၊ မဟူရာ့ကို လာခေါ်တာမျိုး လုပ်ရမှာ မဟုတ်လား။

ခုတော့ ....

ညီညီ့ကို မဟူရာ တကယ်စိတ်မရှည်ချင်လာတော့ပါ။ ပြီးလျှင် သူကပဲ မျက်နှာငယ်လေးနှင့် လာလုပ်မည်။ ဒါပဲ။

မဟူရာက နောက်ဆုံးမနေနိုင်တော့၍ ညီညီအကြောင်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


မေမေ့ကို ပြောပြလိုက်မိသည်။ ထင်သည့်အတိုင်းပင် မေမေက

''ခေါ်ခဲ့ပါဦးဟဲ့ သမီးသူငယ်ချင်း ညီညီကို၊ သူ့ကို မြင်ရင်တော့ မေမေ မှတ်မိချင် မှတ်မိမှာပဲ''

မေမေက သူ့ခေါင်းထဲ စဉ်းစားမရသော မိတ်ဆွေ မိသားစုကို စိတ်ဝင်စားနေသည်။

''သမီးမွေးနေ့ကျရင် သူငယ်ချင်းတွေ အကုန်ဖိတ်မှာပဲ မေမေ၊ အဲဒီအခါ ညီညီလည်း ပါမှာပေါ့''

''သမီး သူငယ်ချင်း ညီညီက ဒီနားမှာပဲနေတာဆိုတော့ ကျောင်းသွားဖော်ရတာပေါ့ သမီးရယ်၊ မေမေက သမီးချောလေး မွေးထားတော့ တစ်ယောက်ထဲသွားတာ မစိတ်မချင်နိုင်ပါဘူး တော်''

''အဲဒါ မေမေ့ကို တူလို့ချောတာ''

''ချောတာနောက်ထား သမီးရေ၊ ညီညီကိုသာ အိမ် အရင်ခေါ်ခဲ့၊ မေမေ့သမီးကို သေချာဂရုစိုက်စောင့်ရှောက်ဖို့ သူ့ ကို အပ်ရမယ်၊ ဘာဖြစ်ဖြစ် မေ့မေ့မိတ်ဆွေ ... သားသမီး ဆိုတော့ အနည်းနဲ့အများ စိတ်ချရတာပေါ့''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မဟူရာက မေမေပြောတာကို သဘောကျပြီး ရယ်ဖိုက်သည်။ "မှားမယ်မေမေ၊ အဲ့ဒါမှ မေမေ့သမီး တကယ်ပါမှာ" ဟု မဟူရာ့စိတ်ထဲက ပြောနေမိသည်။

မဟူရာ့အလှကြောင့် မဟူရာ့ဘေးမှာ ပျားပိတုန်းတွေ အရွယ်စုံအသွေးစုံ ဝဲနေကြသည်။

သို့သော် ....

အခုချိန်ထိတော့ မဟူရာဆိုသော ပန်းကလေးက မြေကြွေကျ မသွားသေးပါ။ ချူချင်သူတွေ ဆွတ်ချင်သူတွေကြားမှာ လှပစွာပင် ယိမ်းနွဲ့တိမ်းရှောင်လျက်ပင်။

ညီညီကတော့ ဘယ်လောက်ပင် တိမ်းရှောင်စေကာမူ မဟူရာ့နှလုံးသားတည့်တည့်ချက်ကောင်းကိုမှ ရွေးချူဆွတ်မည့်သူ။ သို့ဆိုလျှင် မဟူရာ့အတွက် လွတ်စရာလမ်းမမြင်။

ကိုယ်ကရော အရင်လူတွေလို လွတ်အောင်ရုန်းနိုင်ပါ့မလား။ ညီညီဆိုတဲ့ လူညို့ချောမှာ စွမ်းအားတစ်မျိုး ရှိနေသလိုပင်။

"သမီးရေ၊ မဟူရာ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ရှင့် မေမေ"

မေမေ့ခေါ်သံကြောင့် မဟူရာ့အတွေးစများ ပြတ်တောက်သွားရသည်။

"မေမေ ဦးတက်ယဉ်စတိုးကို သွားပြီး ဝယ်စရာရှိတယ်၊ သမီးလည်း ကျောင်းသွားတော့မှာ မဟုတ်လား"

"ဟုတ်"

"မေမေနဲ့တစ်ခါထဲထွက်ကြမယ်၊ သမီးကို ဘတ်စ်ကားဂိတ်ထိ ပို့ပေးမယ်၊ လမ်းကြုံနေတာပဲ"

"ဟုတ်"

မဟူရာက နက်ပြာရောင်မှာ အဖြူပွင့်ရိုက်ချည်သား လုံခြည်လေးကို အပြီးသတ်ဝတ်လိုက်၏။

ပြီးလျှင် မေမေနှင့်အတူ ထွက်ခဲ့ကြသည်။ ဈေးနှင့်ဆိုက်ကားဂိတ်၊ လက်ဖက်ရည်ဆိုင်ရှေ့တွေ ဖြတ်ရသည်မှာ စိတ်ညစ်စရာကောင်းလှသည်။ မျက်လုံးပေါင်းများစွာက မဟူရာ့ ရှေ့နောက် ဝဲယာ မခွာတမ်းကပ်ပါလာတတ်၏။

မဟူရာတို့ အိမ်ကနေဆိုပါက ဘတ်စ်ကားဂိတ်ကို ဈေး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


လမ်းသွယ်လေးအတိုင်း အနည်းငယ်တော့ လျှောက်ရသည်။

မဟူရာသည် ဘတ်စ်ကားဂိတ်နားရောက်တော့ ကား ဂိတ်ကို မျက်လုံးဝေ့ရင်း လှမ်းကြည့်မိ၏။ သူ့ကို အရိပ်အယောင် မျှပင် မဟူရာ မတွေ့ရပါ။ ဟွန့် အတူသွား အတူပြန်ချင်တဲ့သူ၊ ဝိရိယကျတော့ မရှိ၊ တခြားယောက်ျားလေးတွေနှင့် အတော်ကျွ တဲ့သူ။ မဟူရာ့ကို ပိုးပမ်းနေသူတွေထဲက တချို့ဆို သိပ်ခွဲ ကောင်းကြတာ။ မဟူရာ မလာခင်ကတည်းက ကြိုရောက်၊ ကြိုစောင့်နေသူချည်းပင်။

အထူးသဖြင့် ပထမနှစ်ကတည်းက ယခုထိ မဟူရာ့ကို စွဲကောင်းကောင်းနှင့် ချဉ်းကပ်နေသူ ဇာနည်ဆိုသော တစ် ယောက်ကိုသာ ကြည့်။ မနက်မိုးလင်းတာနှင့် အိမ်နားက လမ်း ထိပ် ရောက်နေပြီ။ နှစ်နှစ်နီးပါးလုံးလုံး မပြောင်းလဲသော မဟူ ရာ့ စိတ်နှင့် ပုံမှန်ထက်ပိုကာ လုံးဝ မဆက်ဆံခဲ့ခြင်းကြောင့် အိမ်ရှေ့က စောင့်သောအလုပ်ကို ဇာနည် လက်ပန်းကျသွား ရှာလေပြီ။

ညီညီက အဲဒီလို စောင့်မနေပါလား။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"မေမေ သွားတော့၊ သမီးရပြီ"

မဟူရာက မေမေ့ကိုပြောရင်း နှုတ်ခမ်းစူကာ မှတ်တိုင် ရှေ့ရပ်ရင်း ကားစောင့်နေလိုက်သည်။

"မဟူရာ"

"အမလေး၊ ပလုတ်တုတ်"

"ဟောဗျာ၊ ဘာလို့ ဒီလောက်လန့်သွားတာလဲ"

မဟူရာ့အာရုံက ထိုးဆိုက်လာမည့် ဘတ်စ်ကားကို ရောက်နေသောကြောင့် ညီညီအနားကပ်ခေါ်တာကို လန့်သွားရ၏။ ခုနက မဟူရာလိုက်ရှာနေတုန်းကတော့ မတွေ့။

"ဘာဖြစ်လို့ အနားကပ်အော်နေရတာလဲ"

"မအော်ပါဘူး၊ တိုးတိုးလေးခေါ်တဲ့ ဥစ္စာ၊ အခု ကိုယ် လေသံတိုးတိုးပြောကျင့်နေတာပဲ"

မဟူရာက သူ့ထုံးစံအတိုင်း နှုတ်ခမ်းကို ခပ်စူစူလုပ် သည်။ ညီညီ့အသံကြား၍ ပျော်သွားမိရတာကိုတော့ ကိုယ့် စိတ်ကို ကိုယ့်ဖာသာ ဝန်မခံချင်။

"မဟူရာ့မေမေနဲ့ အတူလာတာတွေ့လို့ ကိုယ် ကွမ်းယာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ဆိုင်နောက် သွားပုန်းနေတာ''

''ဟင် ဘာလို့ ပုန်းနေရဘာလဲ''

''ဟို မဟူရာ့မေမေ တစ်မျိုးထင်မှာစိုးလို့''

''ဘာလို့ထင်မှာလဲ၊ မေမေနဲ့ သိတယ်လို့လည်း ပြောသေး''

''အဲ ဟို ကိုယ့်ကို မမှတ်မိမှာစိုးလို့ပေါ့၊ ဟဲ''

တစ်ခါတစ်ခါ ယိုသို့ အူကြောင်ကြောင်နိုင်သော ညီညီ့ကို မဟူရာစိတ်တိုချင်မိသည်။ တိုချင်သော စိတ်က ဟဲခနဲ တစ်ချက်ရယ်ရင်း ခေါင်းငုံ့ကာ မျက်နှာလွှဲသွားသော ညီညီ့ပုံစံကို တစ်ချက်ငေးကြည့်မိသွား၏။

မဟူရာသည် နိုင်ငံခြားမင်းသားတွေ ဘယ်လောက်ပဲ ချောလှပါသည်ပြောပြော ကြိုက်ခဲပါသည်။ ဒီကာပရီယိုတို့၊ ပရက်ပစ်တို့ ဘယ်လောက်ပဲ ကမ္ဘာကျော်ကျော် နီစပ်စပ်ဖြူဖတ်ဖတ်ပုံစံတွေကို မနှစ်သက်လှပါ။ ဒါပေမယ့် **The Face Off** ဇာတ်ကားထဲက မင်းသားကြီးဂျွန်ထရာဗိုတာကိုတော့ အလွန်သဘောကျ၏။ မေးနှစ်ခွနှင့်ထိုမင်းသားကြီး၏ အပြုံးသည်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မျက်ဝန်းများကပါ ပြုံးရယ်နေတတ်ပြီး အင်မတန်ဆွဲဆောင်မှု ရှိ၏။ ယခု ညီညီ့အပြုံးသည်လည်း ....

မဟူရာက ကိုယ့်အတွေးကိုယ်ရှက်ကာ ရပ်ပစ်လိုက်၏။ ဒီအရွယ်ထိ ဆန့်ကျင်ဘက်တွေအပေါ် မတိမ်းမူး၊ မညွတ်နူး လွယ်သော မဟူရာ့အဖို့ စဉ်းစားရကျပ်နေပြီ။ ဘာတွေ တွေးနေမိပါလိမ့်။ ဒါလောက် အမြင်ကပ်စရာကောင်းတဲ့လူအကြောင်း တွေးစရာ အကြောင်းကို မရှိ။

"ကိုယ် ကားဂိတ်ကိုရောက်နေတာ တစ်နာရီလောက်ရှိပြီ မဟူရာ"

ညီညီ့စကားကြောင့် ခဏက မဟူရာ့ အတွေးထဲကနေ အပြစ်တင်ခဲ့မိတာကို အားနာသနားသွားရသည်။ သူ ညောင်းနေရှာရော့မည်ပေါ့။

ဘတ်စ်ကားပေါ်တက်တော့ သူထိုင် ကိုယ်ထိုင်ဖြင့် တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာရင်း ကြားက ဝင်ထိုင်သွား၍ တစ်ယောက်မှ မထိုင်လိုက်ရတော့ပါ။

ဒါဟာ သံယောဇဉ်ရဲ့အစဆိုတာမျိုး မဟူရာ့စိတ်ထဲမှာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တစ်ချက်မျှ မတွေးမိခဲ့ပါ။

အချစ်သည် တစ်ခါ တစ်ရံ၌ အိပ်မက် မမက်သော အိပ်ပျော်ခြင်းမှ နိုးလာခြင်းမျိုးနှင့် တူတတ်လေသည်။

❀

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ရာသီဥတုက တကယ့်ကို သာယာနေသည်။ ကောင်းကင်တစ်ခွင်လုံးတိမ်စတစ်စပင် ရှိမနေပါ။ ကြည်လင်ပြီး ပြာလွင်နေ၏။ သဘာဝရဲ့ကောင်းကင်ကြီးက ရာသီဥတုသာယာသလို ကျွန်တော့်ရင်ထဲကကောင်းကင် မဟူရာလေးကလည်း ရာသီဥတု သာယာနေပါသည်။

"မွေးနေ့တောင် ဖိတ်မှာဆိုတော့ မင်း အတော်အဆင်ပြေနေပါလား ညီညီ"

မဟူရာနှင့်ပတ်သက်ပြီး သူငယ်ချင်းများက ကျွန်တော့်ကို ပြောကြသည်။ ဇော်မိုး၊ အရှည်ကြီးနှင့်မျက်ဝန်းတို့မှာ ရန်ကုန်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ရောက်ပြီး အခုမှ စခင်ကြသော်လည်း ငယ်ပေါင်းကြီးဖော်များ ပမာ ကျွန်တော်နှင့် ပြောမနာဆိုမနာဖြစ်နေကြပြီ။

"ပြေလည်နေတာလေးကို အူကြောင်ကြောင်လုပ်မပစ် လိုက်နဲ့ဦး ညီ၊ တစ်ခါတည်း မီးနီပြခံနေရဦးမယ်"

"အေးပါကွာ၊ ငါ့မှာ စကားပြောရတာလည်း တိုးတိုး တိုးတိုးနဲ့အားမရ၊ သွားတာလာတာလည်း အမှတ်နဲ့ သွားရ လာရနဲ့၊ အဖေ့စကား နားမထောင်ခဲ့သမျှ ဝဋ်လည်တာပဲ"

"ဒီဝဋ်က မင်းအတွက် နာစရာမရှိပါဘူးကွာ"

"မင်းက မဟာကံထူးရှင်ပဲ ညီညီ၊ မဟူရာက သူ့ကို ချည်းကပ်လာသူ၊ Propose လုပ်သူ၊ သူငယ်ချင်းထက် စည်း ကျော်သူ၊ သူငယ်ချင်းမဟုတ်တဲ့ ဘယ်သူစိမ်းယောကျ်ားလေး တစ်ယောက်ကိုမှ သူ့မွေးနေ့ မဖိတ်ဖူးတဲ့ကွ"

ကျွန်တော်က သူငယ်ချင်းတွေစကားကြောင့် အတော်ပင် အားတက်သွားရသည်။ ရာသီဥတုသည် ယခုအချိန် ကျွန်တော့် ဘက်၌ အနိုင်အမာရပ်တည်နေတာ မှန်၏။ သို့သော် ရာသီဥတု ဆိုသည်မှာ အမြဲတမ်းပုံမှန်ပါဟု တရားသေတွက်၍တော့ မရ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



အချိန်မရွေး ပြောင်းလဲချင်ပြောင်းလဲနိုင်၏။

ယခုလည်း ကျွန်တော့်ရာသီဥတုလေး မဖောက်ပြန်သွားအောင် အတတ်နိုင်ဆုံးတော့ ကျွန်တော် ထိန်းရမည်။

"မင့်ဒီဇိုင်းကြီးလည်း နည်းနည်းတော့ ပြောင်းပစ်ဦးကွာ ညီ"

ဒီတစ်ခါတော့ စကားနည်းသော မျက်ဝန်းက ကျွန်တော့်ကို ပြောလာခြင်း ဖြစ်သည်။ အရည်အတွက်နည်းသော မျက်ဝန်း၏ စကားလုံးအချို့ကိုတော့ တန်ဖိုးထားဖို့ ကျွန်တော် စိတ်ကူးမိသည်။

"ဘယ်လို ပြောင်းပစ်ရမှာလဲ မျက်ဝန်းရဲ့ ဆိုစမ်းပါဦး"

"အရမ်း ခေတ်လွန်ကြီးတော့မဟုတ်ဘူးပေါ့၊ တက္ကသိုလ်ကျောင်းသားဖြစ်နေပြီ ဆံပင်ပုံစံ ခပ်မိမိ၊ အဝတ်အစားခေတ်မှီမှီနဲ့ ဘောင်းဘီရှည် စတိုင်ကျကျဝတ်ဖို့လိုတယ် ညီ"

မျက်ဝန်း၏ ညီဆိုသော နာမည်တစ်လုံးတည်း အဖျားဆွတ်ခေါ်သံက ကျွန်တော့်နားထဲကို ကလိနေသည်။ ကြားရတာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com




ကိုက တစ်မျိုးဖြစ်ကာ ဘာမှန်းမသိ တွန့်တွန့်သွား၏။ ကျွန်တော့်ကို ညီ၊ ညီညီ၊ ကိုညီဟုသာ ခေါ်ကြတာများသည်။ ညီဟု တစ်လုံးတည်းခေါ်သူကား လုံးဝ မရှိ။ ကျွန်တော့်တွင် ချစ်သူရှိခဲ့ပါက ညီဟုခေါ်ကောင်းခေါ်ပေလိမ့်မည်။

"အဲဒီတော့ကွာ မျက်ဝန်းပြောသလို စတိုင်လေး ဘာလေး နည်းနည်းပြောင်းကြည့်မလား ညီ"

"ပြောနေတာ ကြာပါတယ်ကွာ၊ ကျောင်းက ပြန်ရင် မြို့ထဲသွားပြီး စလိုက်တော့"

အရှည်ကြီးနှင့်ဖော်မိုးကပါ တွန်းတွန်းတိုက်တိုက်ဖိအားပေးလာသည်။ ကျွန်တော်ကလည်း ဒါမျိုးဆို နည်းနည်းလေးမှ အချိန်ဆွဲလေ့ မရှိသောကြောင့် ခပ်သွက်သွက်ကြီးပင် ခေါင်းကို ညိတ်လိုက်၏။

"အင်း သိပ်မတက်ကြွရှာဘူး"

အရှည်ကြီးက ဆေးပေါ့လိပ်ကို ကောက်ဖွာရင်းပြောသည်။

"မင်းတို့ကလည်းကွာ၊ ငါ့ကို မြှောက်ပေးလိုက်. . .

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


လိုက်နဲ့ ဘာလဲကွ''

ကျွန်တော် စိတ်မရှည်စွာ အသံသြသြကြီးဖြင့် အော်ပြောလိုက်သည်။ ဇော်မိုးက ကျွန်တော့် ခြေထောက်ကို သူ့ခြေထောက်ဖြင့်ကန်ကာ သတိပေးသည်။

''စကားကို အကျယ်ကြီး မပြောနဲ့လေ၊ မင်းက သင်ရပြရ သိပ်ခက်တာပဲ၊ မှတ်လည်း မထားဘူး၊ မှတ်ဉာဏ်ကိုက မကောင်းတာလား၊ ဗီဇကိုက ပြင်မရတာလား''

ကျွန်တော် ငြိမ်ကုတ်ကျသွားရပြန်သည်။ ကျွန်တော့် အတွေးအာရုံတို့က လမ်းလျှောက်ပုံ ညင်ညင်သာသာနှင့်တိုးတိုးသဲ့သဲ့စကားပြောတတ်သော မဟူရာ့အသွင်ကို မြင်ယောင်မိသည်။

ကျွန်တော်သည် ထမင်းတစ်ပန်းကို မျက်စိတစ်မှိတ်အတွင်း ပြီးအောင်စားသည်။ မဟူရာက နာရီဝက်မက ကြာအောင် စား၏။ ကော်ဖီနှစ်ထုပ်ပူးဖျော်ထားသော ခွက်ကို အေးသွားပါက တစ်ကျိုက်တည်း ကျွန်တော်မော့သောက်ပြီးချိန်တွင် မဟူရာက အအေးတစ်ပုလင်းကို တစ်ငုံချင်းသောက်လိုက်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ပြန်ချထားလိုက်နှင့် တစ်နာရီလောက်ကြာသည်။

ကျွန်တော့်အဖို့ မဟူရာလောက် မသိမ်မွေ့၊ မနူးညံ့ မနွေးထွေးနိုင်တောင် လက်ရှိ ကျွန်တော့်နှုန်းတွေကို တစ်ဝက်လောက်တော့ လျှော့ချပစ်သင့်သည်။

"မင်း မဟူရာအပေါ် ဘယ်အခြေအနေထိ ခံစားနေပြီလဲ ညီ"

အရှည်ကြီးက ကျွန်တော် အဖြေချင်ဆုံးသောစကားကို မေးလာသည်။ သူ မေးတာ သိပ်နောက်ကျနေသည့်အတွက် ကျွန်တော်က စိတ်မရှည်ဟန်၊ ရန်လိုဟန်ပေါက်နေသောအကြည့်ဖြင့် ကြည့်လိုက်မိသည်။

"ဟော့ကောင်၊ အကောင်း မေးနေတာကွ၊ မင်း ငါ့ကို အူကြောင်ကြောင် လာကြည့်မနေနဲ့"

"မင်းက ဘာလို့ ခုမှ လာမေးလဲ"

"ဟ ဖြစ်ရလေ ညီရာ"

"နေဦး အရှည်ကြီး၊ ဒီကောင် ညီ သိပ်ပြောပြချင်နေတာ သေချာတယ်ကွ၊ ခဏနေဦး"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


အရေးထဲ ဇော်မိုးက ဝင်တားနေ၍ ရင်ဖွင့်ရန် ပါးစပ်ပြင်နေသော ကျွန်တော့်မှာ အောင့်သက်သက်ဖြစ်သွားရပြန်သည်။

"ဘာလဲ ဇော်မိုး၊ ဒီကောင် ညီပြောမှာ မင်းသိပြီးနေပြီလား"

"မဟုတ်ဘူးကွ၊ တို့တွေ ဒီတိုင်း အလကားတော့ နားမထောင်သင့်ဘူးကွ၊ သူ့ပါးစပ်ကထွက်မဲ့ စကားလုံးတွေက သိပ်တန်ဖိုးရှိပြီး လေးနက်တဲ့စကားတွေပဲဖြစ်မှာ ဒီတော့"

"ပေါက်ပြီ ဇော်မိုး၊ ပေါက်ပြီ၊ မင်း ဦးနှောက်က တကယ့် ပါရမီရှင်ပဲကွ ဇော်မိုးရ"

အရှည်ကြီးနှင့်ဇော်မိုးက ကျွန်တော့်ကို ပြောချင်လွန်းအားကြီးနေမှန်းသိ၍ တမင်ညစ်နေကြပြီ။

"အဲဒီတော့ကွာ၊ ငါတို့တွေ ညီ့ကို ပုံစံပြောင်းဖို့ မြို့ထဲလိုက်ပို့မယ်၊ ပြီးမှ Fancy World မှာ ဒင်းဆန်းစားရင်း သူပြောသမျှ နားငရဲခံကြမယ်"

"ဟား ဟား ဟား ဟား"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကျွန်တော်က နဂိုကမှ မဟူရာနှင့်ပတ်သက်ပြီး အူမြူး ချိုကြွနေရသည့်အထဲ ချစ်စွာသော သူငယ်ချင်းများ၏ ညှစ် ကျယ်ကျယ်နိုင်မှုကြောင့် သဘောကျစွာ အော်ရယ်လိုက်မိသည်။

"မင်း Volumn က Key အရမ်းမြင့်တာပဲ ညို၊ နည်းနည်းလျှော့ဦး"

"ဒါလည်း ခဏ ခဏ သတိပေးနေရတာပဲ၊ ဒါတွေက မင်းချစ်သူ သဘောမကျရင် ကြီးစွာသော အဟာန့်အတားကြီး တွေပဲနော် ညို"

ကျွန်တော် အတော်လေး စတွန့်သွားရ၏။ ဩော် ချစ် ဒုက္ခဟာ မလုပ်ချင်လည်းလုပ်ရ၊ လုပ်ချင်လည်းမလုပ်ရနဲ့ တယ် မလွတ်လပ်ပါလား။

အခုလည်း အချစ်နှင့် ဘာမှမဆိုင်ဟု ထင်ထားသော ဒင်းဆမ်းကို ညနေကျ အချစ်အတွက် ကျွန်တော် ကျွေးရပါဦး မည်။

ကျွန်တော်သည် ဒင်းဆမ်းကိစ္စကို ခဏထားပြီး၊ လက်ရှိ ကျွန်တော့် အာရုံက လက်ဖက်ရည်ဆိုင်က စားပွဲပေါ်တွင်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ယင်ကောင်တစ်ကောင် ပျံသန်းလိုက်၊ ရွေ့လျားလိုက်၊ နားမလို လုပ်လိုက်ဖြစ်နေတာကို လိုက်ကြည့်ရင်း ပတ်ဝန်းကျင်နှင့် ကျွန်တော့်အချစ်ကိစ္စကို ခေတ္တ မေ့သွား၏။ ပြီးလျှင် ယင်ကောင်က နားနေရာမှ ထပျံမည်အလုပ် ဆတ်ခနဲ လျှင်မြန်စွာ ကျွန်တော် ဖမ်းလိုက်၏။

"ချလွမ်း ချလွမ်း"

"ခွမ်း"

"ဟိုက်"

စားပွဲပေါ်က ရေနွေးကြမ်းပန်းကန်ကို တိုက်မိကာ ပန်းကန်လုံးလေးက သံမံသလင်းပေါ်သို့ ကျကွဲလေ၏။

"မိတော့ မိတာပဲလေ"

ကျွန်တော်က ပြောရင်း လက်ဝါးကိုဖြန့်လိုက်သောအခါ မသေမရှင်နှင့် တလှုပ်လှုပ်ဖြစ်နေသော ယင်ကောင်တစ်ကောင် ကို ကြည့်ကာ သူငယ်ချင်းများက ဝိုင်းဆဲကြပါတော့သည်။ ကျွန်တော် ဂရုမစိုက်ပါ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ချစ်သူလေး၏ ထံပါးဆီသို့ သေဆုံးသွားပြီဖြစ်သော ယင်ကောင်လေးဆီမှ အငွေ့ ငင်ပံ့ငွားကာ ပျံ့ဝဲသွားနေမိလေသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"ဟယ် ယင်ဖမ်းဝိဇ္ဇာကြီးက တယ်သားနားနေပါလား"

ဝေဝေ့စကားကြောင့် မဟူရာရော မိတိုးကပါ ယောင်ရမ်း၍ နောက်လှည့်ကြည့်မိကြသည်။ ဝေဝေပြောသလိုပင် ဂျင်းဘောင်းဘီအပြာနုနုက ညိုညို့ကိုယ်ပေါ်တွင် ကြည့်ကောင်းစွာနေရာယူထားတာ တွေ့ရ၏။ ဆံပင်ပုံစံက နဖူးပေါ်တွင် တိုရှည်တိုရှည်လေးတွေက မညီမညာ ဖြာဝဲကျနေကြသည်။

"ဒါလား ဘုရားစူး အညာသား"

"အံမယ် စပို့ရှပ်ကလည်း အပုံစားဟော့၊ အဖြူမှာ အပြာစင်းလေးတွေနဲ့ မဟူရာရေ့"

www.burmeseclassic.com

Scanned by CamScanner

 www.burmeseclassic.com



မဟူရာတို့သုံးယောက်အာရုံက ညီညီထံရောက်နေစဉ် ဘယ်ကဘယ်လိုပေါ်လာမှန်း မသိ။ ဇာနည်နှင့်သူ့သူငယ်ချင်း တစ်ယောက်က မဟူရာတို့နား ဘွားခနဲရောက်လာသည်။

''ကိုယ်တို့ ဒီမှာပဲ ထိုင်မယ်နော် မဟူရာ''

ဇာနည်က ညှုတုတုဖြင့် အပိုစကားကို ဆိုလာသည်။ မဟူရာ့စိတ်ထဲက 'မထိုင်နဲ့'ဟု ပြန်ပြောလိုက်သော်လည်း ပါးစပ် ကတော့ ....

''ရပါတယ်''

ဟု ပြန်ပြောလိုက်သည်။ အေးလေ၊ ကိုယ်ပိုင် စားပွဲမှ မဟုတ်တာ။ ဘာတတ်နိုင်မှာလဲ။ ဒီကျောင်းထဲက ကျောင်းသူ ကျောင်းသား အချင်းချင်းတွေပဲ။

ဇာနည့်လည်ပင်းတွင် လက်မလောက်ဆွဲကြိုးတုတ်တုတ်နှင့် လက်တွင်လည်း ဟဲန်းချိန်း၊ လက်စွပ်တို့က ဝင်းဝင်းလက်လက်။ လိုအပ်သည်ထက်ပိုဖြူသော အသားအရေနှင့် အနီရဲရဲ စပို့ရှပ်မှာ မဟူရာ့မျက်စိထဲ ကြည့်ရရ မရှိ။

ဇာနည့်တစ်ကိုယ်လုံး အဖိုးတန်ပစ္စည်း၊ အဖိုးတန် အသုံး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အဆောင်တွေချည်း ဖြစ်သော်လည်း စမတ်ကျကျကြည့်ကောင်း မနေဘဲ တောင်ပြုန်းပွဲက နတ်ကတော်တစ်ဦးနှင့် တူနေသည်။

''မဟူရာတို့ ဘာမှာပြီးပြီလဲ''

''မမှာရသေးဘူး၊ အခုမှ ထိုင်ကာစ ရှိသေးတယ်''

''ဟုတ်လား၊ ဒါဆို မှာကြလေ၊ ဘာစားကြမလဲ''

မဟူရာ့ကို ပိုးပန်းကြသူများထဲတွင် ဇာနည်သည် တက္ကသိုလ်ပထမနှစ်မှ ယခုထိ ဖွဲ့အရှိဆုံးနှင့် မိုးကျရွှေကိုယ်လို ဖြုန်းခနဲ အပေါ်လာနိုင်ဆုံးသူ ဖြစ်သည်။ ဒါလည်း အိမ်ရှေ့လာ စောင့်တာ မဆင်မပြေ၍ တစ်မျိုးတစ်ဖုံ နည်းလမ်းရှာကြံတာလည်း ဖြစ်နိုင်သည်။

''ယင်ဖမ်းအဖွဲ့ကလည်း လက်မြန်သလောက် ခြေက နှေးလွန်းလိုက်တာ''

''ဗျာ''

မိတိုးစကားကြောင့် ဇာနည်က ဗျာခနဲဖြစ်သွားသည်။ မိတိုးမျက်လုံးများက မျက်ဝန်းထံဝေ့ဝဲရင်း တစ်စားပွဲတည်းမထိုင်ရသောမှာကို စိတ်ပျက်ဟန်တူသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဪ ကိုဇာနည်၊ မိန်းမ မယူဘဲ လူပျိုကြီးပဲ လုပ်တော့မလို့ဆို"

"ဗျာ၊ ကျွန်တော် ယူချင်ပါသေးတယ်"

"ခစ်"

ဇာနည့်အပြောကြောင့် ဝေဝေက ခစ်ခနဲရယ်လိုက်မိသည်။ မဟူရာကတော့ ခပ်အေးအေးပင် ထိုင်နေ၏။ မဟူရာက မျက်လုံးကို တစ်ချက်ဝေ့လိုက်သောအခါ အမူအရာတစ်မျိုးနှင့် ညီညီ့မျက်ဝန်းများ ဆုံမိကြသည်။

မဟူရာ့ရင်ထဲမှာ ညီညီတို့ကို တခြားဝိုင်းမှာ သီးခြားသွားထိုင်တာထက် သူတို့ဝိုင်းမှာ လာထိုင်တာ ပိုကောင်းမည်ဟု စိတ်ထဲက တွေးမိသည်။ သို့သော် ကိုယ်က လှမ်းခေါ်နေရသည်ထက် သူတို့ဖာသာအလိုက်တသိလာခဲ့စေချင်၏။

ညီညီတို့လေးယောက်သားက တွန်းထိုးရင်း ကောင်တာနားက စားပွဲတွင် သွားထိုင်ကြသည်။ ကြည့်ရသည်မှာ ဟိုသုံးယောက်က မဟူရာတို့နှင့် စားပွဲဆက်ပြီး ထိုင်ဖို့ပြောတာကို ညီညီက ငြင်းလိုက်ပုံရ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မဟူရာ နှုတ်ခမ်းကို မသိမသာဖိကိုက်မိသည်။ စိတ်ထဲကလည်း ညီညီ့ကို အလကားလူ၊ သိပ်အူကြောင်ကြောင်နိုင်သူဟု ရေရွတ်မိ၏။

"မဟူရာ့မွေးနေ့ကို တစ်နှစ်လောက်တော့ ကိုယ့်ကို ဖိတ်ဖို့ကောင်းတယ်၊ ဒီနှစ် ကိုယ့်ကို ဖိတ်နော်"

အရင်ကဆိုလျှင် "မဟူရာ ဘယ်တော့မှမွေးနေ့ပွဲမလုပ်သလို ဘယ်သူ့စိမ်းကိုမှလည်း ဖိတ်လေ့ မရှိပါဘူး"ဟု ပြောနေကျအတိုင်းပြောမည်။ ထိုအခါ အပြောခံရသူတိုင်းက "နှစ်စဉ် ဒီစကြောင်းပဲ အလွတ်ကျက်ပြောနေတာလား" ဟု အားမလိုအားမရ မေးကြသည်။

ယခုတော့ ....

ဘာကိုအရွဲ့တိုက်ချင်မှန်းမသိသော မဟူရာ့စိတ်ကလေးက အရင်နှစ်တွေ ပြောနေကျစကားလုံးတွေအစား ပြောင်းပြန်ထွက်သွားခဲ့သည်။

"ဒီနှစ် အိမ်မှာပဲ မဟူရာ့မွေးနေ့ လုပ်မယ်၊ ကိုဇာနည်ကို ဖိတ်မှာပေါ့"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဟာ တကယ်လား မဟူရာ၊ ဝမ်းသာလိုက်တာ"

ဇာနည်က ငါးရုံပြာလူးပုံစံဖြင့် ဝမ်းသာပြသည်။ ဇာနည်သည် မိဘချမ်းသာသောအရှိန်ဖြင့် အဆင်ပြေနေသော်လည်း ကျောင်းလခကိုပင် ကိုယ်တိုင်သွားသွင်းဖို့ လက်ကျောမတင်းသော လူ့ဘော်ကျော့သမားဖြစ်သည်။

မဟူရာ့အတွက် ဇာနည်ဆိုသော သူဌေးသားသည် ဘယ်သောအခါမျှ ရင်ခုန်လာမှာမဟုတ်သလို အထင်ကြီးလေးစားရသော အိမ်ထောင်ဖက်တစ်ယောက်ဖြစ်လာမှာလည်း မဟုတ်ပေ။

"မဟူရာ့ကို မွေးနေ့လက်ဆောင် ပထမဆုံးပေးနိုင်သူအဖြစ် ကိုယ် ဂုဏ်ယူချင်တယ်"

မဟူရာ့နှုတ်ခမ်းလေး အနည်းငယ်တွန့်ကွေးသွားသည်။ အပြုံးထက် မဲ့သွားတာဖြစ်ဖို့များ၏။ ဇာနည်က မဟူရာ့ လက်ဖက်ရည်ခွက်ကလေးကို ဆွဲယူကာ ဖွန်းသေးသေးလေးဖြင့် မွှေပေးသည်။

မဟူရာ့အာရုံက ညီညီ့ထံ ဖျတ်ခနဲရောက်သည်။ ညီညီ

Scanned by CamScanner
www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကော်ဖီကို အေးမှ တစ်ကျိုက်တည်းသောက်သည်။ မဟူရာကတော့ လက်ဖက်ရည်ချိုချိုစိမ့်စိမ့်ပူပူလေးကို မှုတ်သောက်လေ့ရှိ၏။ ပူနေလျှင် ခြင်ယင်မနား။ အေးသွားလျှင် ခွက်နှုတ်ခမ်းကို ယင်နားမှာ ကြောက်ပြီး ရှုံ့သည်။

သို့သော်....ညိုညို့ လောက်တော့ ယင်ကို မုန်းတီးနေသူ မဟုတ်။

ညိုညိုသည် မဟူရာ့အပေါ် မေတ္တာသက်ဝင်နေတာ သူ့မျက်လုံးများက ဖော်ပြနေသလို တံခါးမရှိသော ရင်ဘတ်ထဲက နှလုံးသားမှလည်း သိနေမြင်နေရသည်။

သို့ပေမယ့် ....

ဇာနည့်လို လက်ဖက်ရည်ခွက်ဆွဲယူဖျော်ပေးတာမျိုး၊ မဟူရာ့ဖိုင်တွဲတွေ စာအုပ်တွေ ယူသယ်ကိုင်ပေးတာမျိုး စသည့် ပလီပလာမျိုးတွေ ဘယ်တုန်းကမှ လုပ်လေ့ မရှိ။

မဟူရာကိုယ်တိုင်ကလည်း ထိုကဲ့သို့ ဝန်ကြီးတာ၊ ပင်ပန်းတာ မဟုတ်တဲ့ လက်ဖက်ရည်မွှေတာ၊ ကိုယ့်စာအုပ်ကိုယ်ကိုင်ရတာတွေလောက်ကို လိုက်လုပ်ပေးလည်း ကျေးဇူးမတင်

www.burmeseclassic.com

Scanned by CamScanner

တတ်ပါ။ ခပ်တည်တည်၊ ခပ်အေးအေးသာ နေလေ့ရှိသည်။

"ဒါမျိုးဆို ငါက သိပ်ခံပြင်းတာပဲ"

ဆီချက်စားရန် နယ်နေသော ဝေဝေက ဘာအဆက်အစပ်မှမရှိဘဲ ထအော်လေသည်။ မဟူရာတို့ အားလုံးကြောင်သွားကြ၏။ ဇာနည်နှင့်အတူပါလာသော ကျောင်းသားကသူ့ကိုများ ပြောသလားဟု ထင်ကာ ဆွဲယူနေသော လက်သုတ်ပဝါကို လွှတ်လိုက်၏။ မဟူရာက ....

"ဘာလဲ ဝေဝေ"

"ငါ ဟို ယင်ဖမ်းအဖွဲ့ကို သွားချဲမယ်"

ပြောပြောဆိုဆို ဝေဝေက ကောင်တာနားသို့ ထသွားသည်။ တကယ့်ကို လုစ်ခနဲဖြစ်၏။

"နင်တို့က ဒါ ဘာအချိုးလဲ ဟင်"

ဝေဝေ့စကားကြောင့် ကျွန်တော်တို့လေးယောက်သားပါးစပ်ဟောင်းလောင်းလေးတွေနှင့် ဖြစ်သွားကြသည်။ မျက်ဝန်းက မျက်နှာငယ်လေးနှင့် အိညက်အိညက်ပြန်ပြောသည်။

"ဒီကောင်လေ ညီပေါ့၊ အဲဒီဝိုင်းကို အနှောင့်အယှက်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ဖြစ်မှာစိုးလို့ မသွားဘူးပြောတာနဲ့''

''ဟော့ကောင် မျက်ဝန်း''

မျက်ဝန်းက ပြောသင့်မပြောသင့်မစဉ်းစားဘဲ သူ့အပြစ်လွတ်ပြီးရော ပြောချလိုက်၏။ ဇော်မိုးက လှမ်းဟန့်၏။ ကျွန်တော်ကတော့ ဘာမှ မပြောလိုတော့။ ရန်ကုန်မြို့ကြီးသားသူဌေးသားတစ်ယောက် မဟူရာ့ဘေးရှိနေခြင်းကို ကျွန်တော် ခံနိုင်ရည်မရှိပါ။ ပြီးတော့ ဘာကိုမှန်းမသိ ကျွန်တော့်နှလုံးသားက အားငယ်တာလည်း ပါသည်။

ကျွန်တော်က အညာသား၊ အာကြမ်းလျှာကြမ်းနှင့် ရေငန်သောက် မြက်ခြောက်စား။

''တကယ်ဆို နင်တို့က သူငယ်ချင်းအရင်းကြီးတွေပါ။ နင်တို့ကိုယုံလို့ ခင်ထားကြတာ၊ နင်တို့ ကာကွယ်ရမှာ မဟုတ်ဘူးလား''

''ငါတို့ မှားသွားတယ်ဟာ၊ နောက်တစ်ခါ ဒါမျိုးမဖြစ်စေရပါဘူး''

''အရှည်ကြီးပြောတာ ဟုတ်တယ်၊ ငါတို့က ဘာလို့

www.burmeseclassic.com

Scanned by CamScanner

ဖယ်ပေးရမှာလဲ၊ တောက် ညည်း အဲ့ဒါ မင်းကြောင့်၊ မင်းကြောင့် လို့''

ဇော်မိုးကပါ ကျွန်တော့်ကို ဝင်ကြပ်လာ၏။

ကျွန်တော်က ....

''အခုတော့ ဒီတိုင်းပဲရှိပါစေတော့ကွာ၊ ညနေကျ ငါ တောင်းပန်လိုက်ပါ့မယ်''

ကျွန်တော့်စကားနှင့် ကျွန်တော့်အမူအရာကို ဝေဝေကနားလည်သဘောပေါက်သွားပုံရ၏။ ဒါသနှင့်လေသံကိုလျှော့ကာ ....

''ကိုညီ အဲလို အူကြောင်ကြောင် အတွေးခေါင်ခေါင် လုပ်မနေနဲ့၊ သူများနောက်ပါသွားမယ် သိလား၊ မဟူရာက ဘယ်တုန်းကမှ ကျွန်မတို့သုံးယောက်ကြားမှာ ယောက်ျားလေး သူငယ်ချင်းဝင်ရတာ မဟုတ်ဘူး၊ ကြုံတုန်းခဏပဲ နှုတ်ဆက်လေ့ ရှိတာ၊ ဒါကို သဘောမပေါက်တတ်ဘူးလား''

ကျွန်တော့်မှာ မျက်နှာပိုငယ်သွားရသည်။ ကျွန်တော် သည် မဟူရာနှင့်ပတ်သက်လျှင် ဂယောင်ချောက်ချားတွေ ဖြစ်စ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ပြုပြီ။

''အခုလေ မဟူရာက သူ့မွေးနေ့ကို ဇာနည်ဆိုတဲ့ တောက်တဲ့ကို ဖိတ်ပြီး လာဖို့ပြောလိုက်ပြီ သိရဲ့လား''

''ဗျာ''

ဝေဝေကပြောပြီး လှည့်ထွက်သွား၏။ ဝေဝေ သူ့နေရာ သူပြန်ရောက်ပြီး ဝင်ထိုင်သည်အထိ ကျွန်တော်တို့ကြည့်နေမိကြသည်။

ကျွန်တော့်အကြည့်က ဇာနည်ဆိုသော ဖွန်ကြောင်သမားထံ ရပ်သွားသည်။ ကျွန်တော်တို့နှစ်ယောက်အကြည့်ချင်းဆုံသွားကြသည်။ ဇာနည့်မျက်နှာက ဘဝင်လေဟပ်အပြုံးကို ပြုံးလို့ နေ၏။ ကျွန်တော် ဆွဲထိုးချင်စိတ်ပေါက်သွားသည်။

ကျွန်တော်က စိတ်ကိုလျှော့ပြီး ငနဲ့ထံမှ အကြည့်ကို ရွှေ့ကာ မဟူရာ့ကို ကြည့်လိုက်သည်။

မဟူရာက ကျွန်တော်ကြည့်လာမှန်းသိ၍ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

ကျွန်တော်နှင့် မဟူရာတို့၏ ဆက်ဆံရေး ကြည်လင်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



သာယာနေသော ရာသီဥတုတွင် လေပြည်ခပ်ပါးပါးလေး တိုက်ခတ်သွားတာသေချာပြီ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

"မဟူရာ၊ မဟူရာ၊ ကိုယ့်ကိုစောင့်ပါဦး"

ကျွန်တော်က ငယ်ချင်းအတန်းသားတချို့ဖြင့်စကားပြောနေစဉ် မဟူရာတို့ဖြတ်သွားတာ လှမ်းတွေ့လိုက်ရ၍ အော်ပြောလိုက်သည်။

မဟူရာ၊ မိတိုးနှင့်ဝေဝေတို့သုံးယောက်က ကျွန်တော့်အော်သံကြောင့် ပြိုင်တူလှည့်ကြည့်လာကြသည်။

"ဟော့ကောင် ညီ၊ မင်းက စောင့်ဦးပြောတိုင်း ဘယ်မိန်းကလေးက စောင့်မှာလဲ၊ မင်းဟာ တော်~~~ ပါးရေနပ်ရေမရှိတဲ့ကောင်ပဲ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အရှည်ကြီးက ပြောသည်။ ဇော်မိုးက ....

"လိုက်သွားလေကွာ၊ ခက်တာပဲ ညီရာ"

ယခုလို တည့်တည့်ပြောလာလျှင်တော့ ကျွန်တော်က နားလည်ပါသည်။ စက္ကန့်မဆိုင်းဘဲ မဟူရာ့နောက် ကျွန်တော် ပြေးလိုက်သွားမိသည်။ ကျွန်တော်နှင့် ရပ်စကားပြောနေခဲ့သော ကျောင်းသားတချို့က အံ့သြစွာငေးကြည့်ကျန်ခဲ့ကြသည်။

"မဟူရာ"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ တော်ပြီ မခေါ်နဲ့တော့"

"ဟို ကျွန်တော် တောင်းပန်ချင်လို့ပါ"

"ခစ်"

ကျွန်တော့်ရဲ့ အဆက်အစပ်မရှိ ပြောလိုက်သောစကား ကြောင့် ဝေဝေနှင့်မိတိုးက ခစ်ခနဲရယ်လိုက်ကြသည်။ မဟူရာ့ မျက်နှာကတော့ ခပ်အေးအေးပင်။ ဝေဝေက ....

"ကိုညီဟာလေ၊ တကယ်ပဲ အရိပ်အကဲလည်း မကြည့် တတ်၊ မိန်းကလေးတွေရဲ့ သဘော သဘာဝကိုလည်း နားမလည် ဟင်း ဟင်း"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


''ကိုညီ ရည်းစားထားဖူးလား''

''ဟာဗျာ၊ ဘာဆိုင်လဲ၊ မထားဖူးပါဘူး''

မိတိုးစကားကြောင့် ကျွန်တော်က ကြောင်အအပြန်ပြော မိသည်။ ဝေဝေက ....

''အခုလည်း မဟူရာ့ကို တောင်းပန်ချင်လို့ပါဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဘာကို တောင်းပန်မှာလဲ''

''ဟို မနေ့က Canteen မှာ ကျွန်တော့်ဘက်က ရိုင်း သလိုဖြစ်သွားတဲ့အတွက်''

''အဲဒါကိုက ရှင်ဟာလေ၊ နည်းနည်းပါးပါးလေး စကား လမ်းကြောင်းလေး ဘာလေးရှာပါဦး၊ တစ်ခါတည်း ဘာမဆိုင် ညာမဆိုင် အဆက်အစပ်မရှိ''

''ထားပါတော့ဗျာ၊ လိုရင်းကတော့ တောင်းပန်ဖို့ပဲလေ၊ မဟူရာ့စိတ်ထဲ တစ်မျိုးထင်မှာစိုးလို့ပါ''

''အံမယ် ဘာမှ မထင်ဘူး၊ လာ မထိုင်တော့ မျက်စိ နောက်သက်သာတာပေါ့''

''ဟာဗျာ၊ စိတ်မဆိုးရင်ပြီးတာပါပဲ မဟူရာရယ်၊ အခု

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ပြန်မှာ မဟုတ်လားဟင်၊ လာလေ၊ ပြန်ကြမယ်''

''ဟယ် ကိုညီက ပိုင်လှပါလား''

မိတိုးက အလန့်တကြားပြောသည်။ မဟူရာက ....

''မပြန်သေးဘူး''

''ဟင် ဘာဖြစ်လို့လဲ''

ကျွန်တော်က မဟူရာ့မျက်နှာကို မလွှတ်တမ်း လိုက်ကြည့်ရင်းပြောသည်။ အနီးကပ်မြင်နေရသော မဟူရာ့ပါးပြင်သည် ဝင်းမွတ်နုဖတ်နေကာ ပါးပြင်ပေါ်၌ ကန့်လန့်ဖြတ်ပြေးနေသော စိမ်းမြနေသည့် သွေးအကြောဆိုင်လေးများကိုပါ တွေ့နေရ၏။

''ဝေတို့နဲ့ဈေးသွားကြမလို့လေ၊ မဟူရာ့မွေးနေ့ပွဲအတွက် လိုအပ်တာတွေ သွားဝယ်ကြမလို့''

''ဟာ ကောင်းတာပေါ့၊ ဒါဆို ကိုယ်လည်း ဝယ်မယ် ပြီးမှ အတူပြန်ကြတာပေါ့''

မဟူရာက ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ ငြိမ်ငြိမ်လေးလုပ်နေသည်။ ဒါဆို မငြင်းဘူးဆိုတဲ့သဘောပေါ့။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဇွတ်ကြီးပါလား"

"မိတိုးအထုပ်တွေ ကျွန်တော် ကူဆွဲပေးမှာပါ ဟဲ့"

ကျွန်တော်သည် ညာတာပါတေးဖြင့် မဟူရာတို့နောက်မှ တရွေ့ရွေ့ပါလာသည်။ သွားရင်းလာရင်း လစ်ရင်လစ်သလို ကျွန်တော်က မဟူရာ့ကို ခိုးကြည့်သည်။ (မလစ်လည်း ကြည့်ပါသည်။)

ပန်းနုရောင်ဝတ်စုံလေးနှင့်မဟူရာ၏ ဖြူသောအသားက သူ့ကိုပို၍ နုဖတ်နေစေသည်။

ကျိုက္ကဆံစူပါဝမ်းကိုရောက်တော့ ဝေဝေနှင့်မိတိုးက သူတို့ဝယ်ချင်သောနေရာ သူတို့လျှောက်ကြည့်လျှောက်ဝယ်ကြသည်။ ကျွန်တော်ကတော့ မဟူရာဝယ်ရာနောက်သို့သာ တကောက်ကောက်လိုက်၏။

"ဘာလို့ အနောက်က လိုက်နေတာလဲ၊ ကိုညီ ဝယ်စရာရှိတာ ဝယ်လေ"

"ဘာဝယ်မယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလိုပဲ ကြည့်ရင်းအဆင်ပြေတာ ဝယ်လိုက်မယ်"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ကျွန်တော်က ကျွန်တော်တို့ရောက်နေသောအလှကုန် များရောင်းသည့်နေရာ၌ တစ်ရှူး၊ ပေါင်ဒါ စံသောနေရာမှ သွားတိုက်ဆေး၊ ကိုယ်တိုက်ဆပ်ပြာ တစ်ခုစီကောက်ယူလိုက်၏။ ပြီးလျှင် ခေါင်းလျှော်ရည်၊ ပေါင်ဒါဘူး၊ Skin Lotion, Hair Lotion စသဖြင့် ကျွန်တော့် မျက်စိရှေ့ အဆင်ပြေတာတွေ ကောက်ယူလိုက်၏။ အားလုံးက နာမည်ကြီး ကုမ္ပဏီအမှတ်တံဆိပ်များသာဖြစ်၏။

"ကိုညီက အဲဒါတွေ သုံးတာလား"

မဟူရာက အံ့ဩသလိုမေးသည်။

"ဘာဖြစ်လို့လဲ၊ မသုံးရဘူးလား"

"ဆပ်ပြာနဲ့သွားတိုက်ဆေးကတော့ ထားပါတော့၊ ကိုညီဆီက ပေါင်ဒါနံ့တို့၊ ရေမွှေးနံ့တို့လည်း မရပါဘူး၊ Skin Lotion လိမ်းဖို့ မလိုဘူးထင်တယ်၊ ကိုညီ့အသားအရေက စိုပြီးသားပဲလေ"

"အဟဲ"

ကျွန်တော်က မဟူရာ့ချီးမွမ်းစကားကြောင့် ဘာပြန်

www.burmeseclassic.com
Scanned by CamScanner

 www.burmeseclassic.com 

ပြောရမှန်းမသိဘဲ ရယ်လိုက်မိသည်။ ကျွန်တော့်စိတ်ထဲမှာက မဟူရာ့မွေးနေ့ကို ဘာပေးရမှန်း မသိ၊ စဉ်းစားမရဖြစ်နေခဲ့သည်။ ရတနာပစ္စည်းလက်ဆောင်ပေးရအောင်လည်း မဟူရာသည် ကျွန်တော်နှင့် ချစ်သူ မတော်ရသေး။ မိတ်ကပ်၊ နှုတ်ခမ်းနီတွေ လက်သည်းနီတွေကျ ကျွန်တော်က အရောင်မရွေးတတ်ဖြစ်နေသည်။ ထို့ကြောင့် ....

ကျွန်တော်က အရောင်မကြိုက်မှာတွေ၊ မျက်နှာအရေပြားမတဲ့တာတွေ ဖြစ်မှာစိုး၍ ယခုလို အဆင်ပြေမယ်ထင်တာတွေကို မဟူရာ့မွေးနေ့တွင်ပေးရန် ရွေးဝယ်မိခြင်းပင်။

တကယ်တမ်းကျ မဟူရာသည် ခဏက သူ ကျွန်တော့်ကို ပြောသလိုပင် Skin Lotion လိမ်းရန် မလိုအောင် အသားဖြူဝါနှင့် ချောမွတ်လှပပါသည်။ ပိုးသားလို ဆံနွယ်တွေကလည်း ဘာမှ လိမ်းစရာမလိုပါ။ သိပ်ထင်ထင်ပေါ်ပေါ် ထူးထူးခြားခြား လက်ဆောင်ပစ္စည်းပေးဖို့အတွက်လည်း ကျွန်တော် မဝံ့ရဲသေး။

"မဟူရာ့ကို မွေးနေ့လက်ဆောင် ဘာပေးမှာလဲ ကိုညီ"

မဟူရာ့ထံမှ ကျွန်တော် လုံးဝ ထင်မှတ်မထားသော

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ရင်းရင်းနှီးနှီးအမေးစကားကို ကြားလိုက်ရ၍ ရုတ်တရက်ဆွံ့အ သွားသည်။ နောက်မှ မဟူရာ၏ ရင်းနှီးမှုကို ဖော်ပြနေသော စကားမို့ ဝမ်းသာအားရဖြစ်သွားရသည်။

"ကျွန်တော် ခုထိ ဆုံးဖြတ်လို့ မရသေးဘူး အဟဲ"

မဟူရာက ကျွန်တော့်အခက်အခဲကို သိနေပုံနှင့် ခပ်ပြုံး ပြုံးလုပ်ကာ နွေးထွေးစွာပြောလာ၏။

"ဒါဆို မဟူရာတောင်းတာ ပေးမှာလား"

"ဟင် ဘာတောင်းမှာလဲ မဟူရာ"

"ဟင်း ဟင်း ကိုညီ့ပုံစံက အရမ်းလန့်သွားပုံပဲ၊ လေ ယာဉ်ပျံတွေ၊ တိုက်တွေ၊ စိန်တွေ မတောင်းပါဘူး ကိုညီရဲ့ ခပ်ပါးပါးလေးပဲ တောင်းမှာပါ"

ကျွန်တော့်စိတ်ထဲကတော့ မဟူရာတောင်းလျှင် ရင်ထဲ ကနှလုံးသားကိုတောင် ခွဲထုတ်ပေးချင်တာဟု ခပ်ပိုပိုစကားမျိုး ကို ခပ်ချွဲချွဲပြောလိုက်ချင်၏။ သို့သော် မဖြစ်နိုင်တာရော၊ အခွင့် အရေးယူတယ်ထင်မှာစိုးတာကြောင့် ဖွင့်ဟတော့ မပြောဖြစ်ပါ။

"ပြောလေ မဟူရာ၊ ကိုယ် မဟူရာပြောမှာကို စိတ်ဝင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


စားတယ်၊ ပြီးတော့ ကိုယ့်အပေါ် မဟူရာ ခင်ခင်မင်မင်နဲ့အရေး တယူခေါ်ပြောဆက်ဆံတာကို အရမ်းဝမ်းသာတယ်''

''ဟုတ်တယ်လေ၊ မဟူရာက ကိုညီ့ကို ခင်တယ်''

''ကျေးဇူးတင်တယ် မဟူရာ၊ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း ဘယ်မိန်းကလေးကိုမှ အခုလိုမခင်ဖူးသေးဘူး''

''သိနိုင်ဘူးလေ၊ မဟူရာတို့ မြင်ရတာမှ မဟုတ်တာ''

မဟူရာသည် ကျွန်တော်ထင်ထားတာထက်ပို၍ ချစ်စရာ ကောင်းနေပြန်၏။ သူ ကျွန်တော့်အပေါ် သဝန်တိုစိတ်များရှိနေ သလား။ ကိုယ်လိုရာ တွေးရင်း ကျွန်တော် သဘောကျစွာပြုံးမိ သည်။

''ပြောလေ မဟူရာ၊ ဘာတောင်းမှာလဲ''

''ဩော် ဟုတ်သားပဲ၊ ဟိုလေ မဟူရာ့ဓာတ်ပုံနဲ့ပိုစတာ အကြီးကြီးလုပ်ပေး''

မဟူရာ့စကားကြောင့် ကျွန်တော် အံ့ဩသွားရပြန် သည်။ မဟူရာကပဲ ဆက်၍ ပြောလာသည်။

''အဲဒီပုံကြီးကို မဟူရာ့အခန်းထဲမှာ ချိတ်မှာ''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"ဟောဗျာ"

သူ့ပုံသူချိတ်ထားမည်ဆို၍ ကျွန်တော် သဘောကျသွားသည်။ မသကာ ကျွန်တော့်ပုံချိတ်လျှင်တောင် တော်သေးရဲ့၊ မဟူရာ နေ့စဉ် ကြည့်လို့ရတာပေါ့။ မဟုတ်ဘူးလား။

"မဟူရာရယ်၊ မင်းသမီးတွေ ထိုင်ငိုကုန်တော့မယ်၊ နာမည်ကြီးဓာတ်ပုံဆရာနဲ့အလုပြိုင်ပြီးရိုက်စရာမလို၊ ကွန်ပျူတာနဲ့ ပြန်ပြင်စရာမလိုအောင် ဒီအတိုင်းကို မဟူရာက လှနေပြီးသားဆိုတော့ ...."

ကျွန်တော်က မိန်းကလေးတစ်ယောက်ကို သူ့ရှေ့မှာတင် သူ့အလှကို ချီးမွမ်းပြောရတာ ရှဲ့တွန့်တွန့်နှင့် ရှက်သွားရသည်။ ထို့ကြောင့် ....

ပြောလက်စ စကားက တန့်သွားသည်။

မဟူရာက ကျွန်တော့်ကိုကြည့်ပြီး ရယ်နေ၏။

"နောက်နေ့ကျရင် မဟူရာ့ဓာတ်ပုံအယ်လ်ဘမ်ယူလာခဲ့မယ်၊ ကိုညီ ကြိုက်တာရွေးပြီး ယူသွား၊ ပိုစတာပြီးရင်တော့ ဓာတ်ပုံပြန်ပေးရမယ်နော်"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မိန်းမပျိုလေးတစ်ယောက်အနေဖြင့် သူစိမ်းယောက်ျား လေးတစ်ယောက်လက်ထဲ ကိုယ့်ဓာတ်ပုံပေးထားရတာ မည်မျှ အန္တရာယ်ကြီးမှန်း ကျွန်တော် နားလည်သည်။ မဟူရာက ကျွန်တော့်ကို ယုံကြည်၍ ယခုလို အခွင့်အရေးမျိုးပေးခြင်းသာ ဖြစ်မည်။

"ဓာတ်ပုံကိုတော့ သူငယ်ချင်းတွေရှေ့မှာပဲ ပေးမယ်၊ ဒါပေမယ့် ဘာလုပ်မယ်ဆိုတာ မပြောနဲ့၊ ပြီးမှ သူတို့အားလုံး အံ့သြသွားအောင် ပြရမယ်"

အားလုံး မဟူရာ့သဘောတိုင်းသာ ဖြစ်ရပေမပေါ့။

"ကဲဟော့ ငါတို့တော့ ဝယ်လို့ပြီးပြီ"

ဝေဝေနှင့်မိတိုးက အထုပ်ပလုတ်တွေဆွဲ၍ ရောက်လာကြသည်။ ကျွန်တော်တို့အားလုံး ဈေးခြင်းတောင်း မယူမိကြ၍ လက်ထဲတွင် ဝယ်လာသောပစ္စည်းတွေ ပြည့်သိပ်နေ၏။

"တစ်ခုခုစားပြီးမှ ပြန်ကြတာပေါ့"

ကျွန်တော်တို့အားလုံး မြေအိုးမြီးရှည်စားဖို့ ဆုံးဖြတ်ခဲ့ကြသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်အတွက် မဟူရာနှင့်ပတ်သက်၍ ရာသီဥတုက
ပြန်၍ သာယာလာပြန်ပါ၏။

www.burmeseclassic.com

Scanned by CamScanner

မဟူရာ့မွေးနေ့ကို တစ်ခါမျှ ကြီးကြီးကျယ်ကျယ်မလုပ်ဖူးခဲ့ဘဲ ယခုတော့ မထင်မှတ်စွာနှင့် လူများသွားပြီး စည်ကားသွားသည်။ ခုလိုဖြစ်တာ အဓိကတရားခံက ကိုရွှေအညာသားညီညီကြောင့် ဖြစ်၏။

မဟူရာက ညီညီ့ကို စိတ်တိုမိပြီး ဇာနည့်ကို အာချောင်ဖိတ်မိသည်။ ဇာနည့်ကို စကားလွန်သွားပြီးမှ မကောင်းတော့၍ ခေါ်ရသည်။ သူ့ကိုဖိတ်ပြီး တခြားသူတွေကို မဖိတ်ပါကလည်း အားနာစရာကောင်း၍ ဖိတ်ရင်း ဖိတ်ရင်း လူများသွားတော့သည်။

ယခုမှတော့ နောင်တရနေ၍ မဖြစ်။ ပျော်ပျော်ပါးပါး

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ပွဲပြီးသွားဖို့ပဲ လိုသည်။

မဟူရာ့အစ်ကိုဝမ်းကွဲ၊ အစ်မဝမ်းကွဲတွေက မဟူရာ့အိမ်တွင် ပူပေါင်းတွေနှင့် အလှဆင်ပေးကြသည်။ မဟူရာ့ ဦးလေးက မွေးနေ့ကိတ် မှာပေးသည်။ ထောပတ်ထမင်းနှင့် ဆိတ်သားဟင်း ကျွေးသည်။

မဟူရာ့မွေးနေ့ကို တစ်ခါမျှ ကြီးကြီးကျယ်ကျယ် မလုပ်ဖူး၍ အထူး စည်ကားကာ ဆန်းနေ၏။

ကျွန်တော်၊ ဇော်မိုး၊ အရှည်ကြီး၊ မျက်ဝန်း၊ မိတိုး၊ ဝေဝေတို့ ပွဲမစခင်ကတည်းက မဟူရာ့အိမ်ရောက်နေကြသည်။

ကျွန်တော်တို့လူငယ်ချင်းများ၏ မွေးနေ့လက်ဆောင်ထုပ်များကား ဦးစွာရောက်သည်။ ကျွန်တော်တို့ထက် ဦးကြသူများကတော့ မဟူရာ့အိမ်မှ မိသားစုများ ဖြစ်၏။

"ဘယ်သူ့လက်ဆောင်မှ စိတ်မဝင်စားဘူး၊ ကိုညီပေးမယ့်လက်ဆောင်ပဲ သိချင်တယ်၊ ပြ ကိုညီ"

မိတိုးက ကျွန်တော့်လက်ထဲမှ ပိတ်သားလိပ်ကိုပြနိုင်းနေသည်။ ဝေဝေကပါ စစ်ကူဝင်လာ၏။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''ဟုတ်တယ်၊ ဘာကြီးလဲ၊ ကြည့်ရအောင်''

''ဒီရက်ပိုင်း ညေှိ ကျိတ်ကြဲနေတာ ဒါ ထင်တယ်''

အရှည်ကြီးကပါ တစ်စခန်းထလာပြန်သည်။

''ကြာတယ်၊ ဖွင့် ဖွင့်''

ကျွန်တော်က မဟူရာ့ကို စစ်ကူတောင်းသလို လှမ်းကြည့်လိုက်သည်။ မဟူရာက ချစ်စရာကောင်းအောင်ပြုံးရင်း

''ပြလေ၊ ကြည့်ကြတာပေါ့''

ဟု ကျွန်တော့်ကို ခွင့်ပေးလေ၏။

''ဒါလေးပြဖို့ကိုများ မဟူရာ့ကို လှမ်းကြည့်ပြီး ခွင့်တောင်းနေသေးတယ်၊ ဟွန်း''

ဝေဝေက မျက်စောင်းထိုးရင်း ပြောသည်။ ကျွန်တော်က ကျွန်တော့် လက်ထဲမှ အလိပ်ကို ဖြေဖြိုပြင်သည်။ ထူးဆန်းသည်မှာ ကျွန်တော့်လက်များတုန်၍ ရင်တွေ ခုန်နေလေသည်။

''ဟယ်''

''အယ် လှလိုက်တာ''

မိတိုးနှင့်ဝေဝေ့ထံမှ အာမေဋိတ်သံများ ထွက်လာသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်လက်ဆောင်ကို မဟူရာကိုယ်တိုင်လုပ်နိုင်းသော်လည်း သူမကိုယ်တိုင် တစ်ခါမှမမြင်ရသေး၍ အခုမြင်ရသောအခါ မဟူရာမှာ ဝမ်းသာပျော်ရွှင်သွားပုံရ၏။ မျက်လုံးလေးများက အရောင်တဖျပ်ဖျပ်လက်ကာ နှုတ်ခမ်းလေးများက ပြုံးနေ၏။

"ကြည့်စမ်း၊ သူတို့နှစ်ယောက်က ကျိတ်ကြံထားကြတာကိုး"

"အေးလေ၊ ကျောင်းကို ခတ်ပုံအယ်လ်ဘမ်ကြီးယူလာပြီး ဘာလုပ်ပါလိမ့် အောက်မေ့နေတာ၊ လက်စသပ်တော့ ဒီလိုကိုး"

အဲဒီတုန်းက မဟူရာက သူ့ဓာတ်ပုံ ကျွန်တော့်ကို ယူသွားဟု ပြောသောအခါ အားလုံးက တအံ့တဩကြည့်ကြသည်။ မဟူရာက ....

"လျှောက်တွေး မနေကြနဲ့၊ အကြောင်းရှိလို့ ရိုးရိုးသားသား ခဏငှားတာ၊ အပိုင်ပေးတာ မဟုတ်ဘူး"

ဟု ဦးစွာ ပြောလိုက်တာကို မှတ်မိသည်။

ဝေဝေနှင့် မိတိုးက မိန်းကလေးများပီပီသိချင်စိတ်ကို

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မအောင့်နိုင်ဘဲ မဟူရာ့ကို မေးကြသည်။ သို့သော် အဲဒီတုန်းက ဘာမှမေး၍ မရခဲ့။ မဟူရာ လုံးဝ မပြောဘဲ နေခဲ့သည်။

ကျွန်တော့်သူငယ်ချင်းများကလည်း ကျွန်တော့်ကို မေးကြသည်။ ကျွန်တော်ကတော့ ....

"ချစ်လို့ပေးတာပေါ့ကွာ" ဟု ခပ်မော့မော့ဖြေခဲ့သည်။ တော်တော်ယုံသွားကြပုံရသည်။ ကျွန်တော့်ကို ဝိုင်းဆဲကြ၏။

"အချင်းချင်းကပ်ကြွားမနေစမ်းပါနဲ့ ညီရာ၊ ချစ်သူက ပေးတဲ့ဓာတ်ပုံဆိုရင် နောက်ကျောမှာ အမှတ်တရစာလေးတော့ ရေးပေးမှာပဲ"

ယုံယုံ မယုံယုံ ကျွန်တော် ဘာမှ ထပ်ရှင်းပြမနေခဲ့တော့ပါ။ ခပ်တည်တည်သာ နေခဲ့၏။

အခုတော့ အားလုံး တဒင်္ဂ ဘဩနှင့် ရင်သပ်ရှုမောဖြစ်သွားကြရသည်ပင်။

"အရမ်းလှတာပဲ မဟူရာရယ်"

ဝေဝေက ထပ်ပြောပြန်သည်။ ...က ....

"ဟိုနံရံမှာ တစ်ခါတည်း ချိတ်ပေး...ပါလား ညီ"

www.burmeseclassic.com
Scanned by CamScanner

 www.burmeseclassic.com



"မဟူရာက မဟူရာ့အခန်းထဲမှာ ချိတ်မလားလို့"

"ဟဲ့ ဒီလောက်လှတာ၊ မျက်ဝန်းပြောတဲ့အတိုင်း ချိတ်လိုက်ပေါ့၊ လူတိုင်းမြင်ရအောင်"

"အေးလေ၊ နင့်အခန်းထဲ ဘယ်သူမြင်မှာလဲ၊ အားလုံးရင်သပ်ရှုမောဖြစ်အောင်လှတဲ့ဟာ"

ကျွန်တော်ကတော့ မဟူရာ့အလှကို အားလုံးဝိုင်းကြည့်ကြမှာ မလိုလားပါ။ အထူးသဖြင့် ပူရိသတွေပေါ့။

သို့သော် ....

အများဆန္ဒနှင့်မို့ ငြိမ်နေလိုက်ရပါသည်။

မွေးနေ့ကိတ်တင်ထားရာ ဧည့်ခန်းထဲက စားပွဲအပေါ်နံရံတွင် မဟူရာ့ပုံပိုစတာကြီးက ဝင့်ထည်စွာနေရာယူလေ၏။

"ဘယ်သူလုပ်ပေးတာလဲ၊ မေမေ့သမီးက လှလိုက်တာကွယ်"

မဟူရာ့မေမေက မီးဖိုခန်းမှအထွက် မဟူရာ့ပုံကို မြင်သွားပြီးပြောသည်။ မဟူရာက ....

"ကိုညီပေးတာ မေမေ၊ သူ ညီညီလေ မေမေရဲ့"

www.burmeseclassic.com
Scanned by CamScanner

ကျွန်တော်က မဟုရာစကားကြောင့် ဒေါ်ပတ္တမြားသွေး ကို မော့ကြည့်ရင်း လန့်သွားရသည်။ တကယ်တမ်း ကျွန်တော် သည် ဒေါ်ပတ္တမြားသွေးနှင့် မသိကျွမ်း မခင်မင်ပါ။

ဒေါ်ပတ္တမြားသွေးက ကျွန်တော့်ကို လှမ်းကြည့်သည်။ ရှိုးရိုးကြည့်ရာမှ စူးစိုက်ကြည့်သည်။ ပြီး မျက်မှောင်ကုတ်သွား၏။

"ညီညီ ဟုတ်လား၊ မင်းကို အန်တီ လုံးဝ မသိတာ တော့ အမှန်ပဲ၊ မင်းက ဘယ်သူ့သားလဲ၊ မင်း မိဘတွေကရော ဘယ်ကလဲ၊ အန်တီတို့နဲ့ မိတ်ဆွေတွေဆို"

ကျွန်တော် မောသွားရ၏။ အခုမှတော့ ဘာမှ မတတ်နိုင် တော့ပါ။ အန်တီမေးတာကို ဖြေရပါမည်။

"ကျွန်တော့် မေမေက ဆုံးသွားပါပြီ၊ ဖေဖေက ဦးကျော် ရင်ပါ ခင်ဗျာ၊ ရွှေဘိုမြို့မှာ နဂါးဆန်စက်ပိုင်ရှင်ဦးကျော်ရင်ဆိုရင် မသိသူ မရှိပါဘူး ခင်ဗျာ"

အန်တီက အသေအချာစဉ်းစားနေသည်။ သို့သော် အချိန်အတော်ကြာသည်အထိ စဉ်းစားလို့ ေ...

"အန်တီတော့ ဦးကျော်ရင်ဆိုတာကို လုံးဝ မသိတာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သေချာတယ်၊ ရွှေဘိုမြို့ကိုလည်း အန်တီ တစ်ခါမှ မရောက်ဖူး ပါဘူး၊ နေဦး သမီးအဖေကို မေးကြည့်ဦးမယ်''

အန်တီက မဟူရာ့အဖေကို လှမ်းခေါ်ရန်ပြင်သည်။ ကျွန် တော်က အန်တီမခေါ်ရသေးခင် အမြန်တားလိုက်၏။

''ဟို အန်တီ၊ အန်တို့ပိုက်ဆံအိတ်ပျောက်ဖူးတယ် မဟုတ်လား၊ လွန်ခဲ့တဲ့ လေးလလောက်ကလေ''

ကျွန်တော့်စကားကြောင့် အန်တီသာမက မဟူရာရော၊ သူငယ်ချင်းများပါ အံ့သြသွားကြသည်။

''မပျောက်ဖူးပါဘူး''

''ပျောက်သွားတာတော့ မဟုတ်ဘူးလေ၊ ဘတ်စ်ကား ပေါ်မှာ ခါးပိုက်နှိုက်ခံရတယ်ထင်ပြီး ရဲစခန်းရောက်မှ ပြန်တွေ့ တာ''

''ဪ အေး အေး၊ အဲ့ဒီတုန်းက အန်တီပေါ့ဆမိတာ၊ မှတ်ပုံတင်ပါတော့ စိုးရိမ်သွားတာ ဒါနဲ့ မင်းက''

''အဲ့ဒီတုန်းက ကျွန်တော်က အန်တို့ဘေးမှာ ကပ်လျက် ထိုင်ခဲ့သူပါ''

BURMESE CLASSIC .com

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ဟော၊ ဩော် ဟင်း ဟင်း ဟင်း၊ အဲဒါ မင်းလား၊ အဲဒီတုန်းက ထူပူနေလို့ ပြောမိပြောရာပြောပေမယ့် နောက်မှ အားနာလိုက်တာကွယ်"

ကျွန်တော်နှင့်အန်တီက ထိုနေ့က အဖြစ်အပျက်ကို ပြန်ပြောကြသည်။ သဘောကျစွာ ရယ်မောနေသော အန်တီသည် ခုနက မေးမြန်းနေသော ကျွန်တော်နှင့် သိကျွမ်းခင်မင်သည် ဆိုသောကိစ္စကို မေ့လျော့သွားလေသည်။

သတ်မှတ်ထားသော မွေးနေ့ချိန်ရောက်၍ ဧည့်သည်များ တဖွဲဖွဲရောက်လာသောကြောင့် ကျွန်တော်တို့ စကားစဖြတ်ကာ လူစုခွဲကြသည်။

BURMESE CLASSIC .com

ထိုစဉ် ....

ဧည့်သည်များကြားမှ ပိုးစပ်ကောင်တစ်ကောင်က ကျွန်တော့်မျက်စိထဲ ခိုးလို့ခုလု ဝင်လာ၏။ ထိုပိုးစပ်ကောင်ကား ဇာနည်ပင် ဖြစ်သည်။

မဟာ့ရာက အိမ့်ရှင်ပီပီ ခပ်ပြုံးပြုံးပင် ဇာနည့်ကို ကြိုဆို နှုတ်ဆက်၏။ ဇာနည်က လက်ဆောင်ဘူးလေးကို မဟာ့ရာ့လက်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ထဲထည့်ပေးလိုက်တာ တွေ့ရသည်။ အဖိုးတန်ရတနာပစ္စည်း တစ်ခုခုဖြစ်မှာကိုတော့ အားလုံး အသိလိုသိပြီးသားပင် ဖြစ်၏။

''ကျေးဇူး ကိုဇာနည်''

ဇာနည်သည် ကျွန်တော်တို့ဝိုင်းနှင့်မျက်စောင်းထိုးတွင် ဝင်ထိုင်သည်။ ရှုံးစမိုးအပြည့်နှင့်ဇာနည့်ပုံစံသည် လင်းထင်နေ၏။ သူ့မျက်လုံးအကြည့်များက ပိုစတာကြီးကို မြင်သွားသည်။

''ဟာ မဟူရာပုံ၊ လှလိုက်တာ ဒီပုံကြီးက''

ဇာနည့်ပါးစပ်အလှုပ်ကိုမြင်ပြီး ဘာပြောနေတယ်ဆိုတာ နားလည်သော ကျွန်တော်က ဇာနည့် ဖြူစုတ်စုတ်မျက်နှာကို လက်သီးဖြင့် ခပ်နာနာထိုးပစ်ချင်သည်။

''ဟိုဝိုင်းကအားလုံး မဟူရာ့သူငယ်ချင်းတွေလေ၊ စပို့ရှပ် အဖြူနဲ့က ညီညီတဲ့၊ ဒီပုံကို သူ ပေးတာ''

ဇာနည့်အကြည့်က ကျွန်တော့်ထံ ဝေ့ခနဲရောက်လာသည်။ ကျွန်တော့်ကိုကြည့်ရင်း သူ့မျက်လုံးထဲ၌ အရောင်အချို့ ဖြတ်ပြေးသွားတာတွေ့ရသည်။ ထိုအရောင်ကို ကျွန်တော် သရုပ်ခွဲကြည့်နေဖို့ မလိုပါ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"ခါတိုင်းပေးပြီး ကွန်ပျူတာဆိုင်တွေမှာ လုပ်နိုင်းရင် ဒါ ဘယ်လောက်မှ မကုန်ပါဘူး မဟူရာရဲ့"

ဇာနည်က ထိုစကားကို အသံခပ်ကျယ်ကျယ်ဖြင့် အော်ပြောသည်။

"ဈေးမကြီးပေမယ့် မဟူရာကြိုက်တယ်လေ၊ ဈေးကြီးပြီး မဟူရာ မကြိုက်တာတွေ အများကြီးပဲ"

မဟူရာ့စကားကြောင့် ဇာနည့်မျက်နှာ ပျက်သွား၏။ ဇာနည်သည် တက္ကသိုလ်စတက်ကတည်းက မဟူရာ့ကို ပရိယာယ်လက်နက်မျိုးစုံသုံး၍ ချစ်ခွင့်ပန်ကြိုးစားခဲ့သော်လည်း ကျောက်စိုင်ကျောက်သားလို မာကျောလှသော မဟူရာ့နှလုံးသားကို မလှုပ်ရှားနိုင်ခဲ့။

ညီညီဆိုသော အညာသားသည် မာကျောသော မဟူရာ့နှလုံးသားကို ထုဆစ်နိုင်သော ကျောက်ဆစ်ထုသမားဖြစ်နေသလား။ ဒါကိုပဲ ဇာနည်စိုးရိမ်သည်။

လူဆိုတာ မရနိုင်တာကိုမှ ပို၍ရချင်တာ သဘာဝ။ ဇာနည်အနေဖြင့် လက်ဖျောက်တစ်ချက်တီးရုံနှင့်အနားရောက်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


လာမည့် မိန်းကလေးတွေ ဝိုင်းပိုင်းလည်နေသော်လည်း မဟူရာ ကိုတော့ စိတ်မလျှော့ချင်။ ပိုင်ဆိုင်ချင်သည်။

"ဖယောင်းတိုင်မှုတ်မယ် မဟူရာ"

ဒီနေရာမှာတော့ ဇာနည်က ခြေသွက်သည်။ မွေးနေ့ ဖယောင်းတိုင်မှုတ်ရန် မွေးနေ့ကိတ်ရှေ့ရောက်သွားသော မဟူရာ ဘေးသို့ ပါသွား၏။ ကျွန်တော်သာ ယောင်တောင်ပေါင်တောင် ဖြင့် တိုးမရ ဖြစ်သွားသည်။

"ကိုညီကလည်းလေ၊ သိပ်နွေး၊ သိပ်အတာပဲ သိလား"

မိတိုးက ကျွန်တော့်ကို အားမလိုအားမရ ပြောသည်။ ပြီးလျှင် မိတိုးက အဓိပ္ပါယ်ပါသောအကြည့်ဖြင့် မျက်ဝန်းကို ခပ်ထေ့ထေ့လှမ်းကြည့်၏။

ကျွန်တော် စိုးရိမ်တကြီး မဟူရာ့ကို လှမ်းကြည့်လိုက် တော့ မဟူရာက နှုတ်ခမ်းရှုပြီး မျက်စောင်းလှမ်းထိုးသည်။ ကျွန်တော့်ရင် တစ်ချက်ဆောင့်ခုန်သွားပြီး ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်သွားရ၏။

မကျေမနပ်ဖြစ်သွားသော ကိုယ့်စိတ်ကို အနားတွင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

ပျံ့ဝဲနေသည့် တစ်ကောင်တည်းသော ယင်ကောင်အပေါ် ဒေါသတွေ စုပုံပေးလိုက်ပြီး ဆက်ခနဲ အားကုန် လှမ်းဖမ်းလိုက်မိ၏။

''ဟဲ့''

ကျွန်တော့်လက်ထဲတွင် ယင်ကောင်သာမက ဝေဝေ့ ဆံပင်အဖျားတချို့ ပြုတ်ပါလာသည်။

''နင် ဒီယင်နဲ့ကို ဒုက္ခရောက်ဦးမယ် သိလား ညီ''

ကျွန်တော် ဘာမျှ ပြန်မပြောဖြစ်ဘဲ လက်ထဲမှ ယင်ကောင်ကို လက်မနှင့်လက်ညှိုးကြား ဖျစ်ညှစ်ပစ်လိုက်သည်။

အတွင်းအားများသွား၍လား မသိ။ ယင်ကောင်လေးခမျာ ဖွတ်ဖွတ်ညက်ညက်ကြေမွသွားရှာလေတော့၏။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

ကျွန်တော် တောင်းသမျှငွေကို တစ်ကြိမ်တစ်ခါမျှ အကြောင်းပြချက်မတောင်း၊ အစစ်အဆေးအမေးအမြန်းမရှိဘဲ ပို့ပေးနေသော ဖေဖေ့ကို တစ်ခါတလေ အားနာစိတ်လေးတော့ ဝင်လာမိသေးသည်။

သို့သော် ....

ကျွန်တော်သည် ဖေဖေ့နောက်အိမ်ထောင်ကို မိန်းမငယ်ငယ်လေးနှင့် ပြုလိုက်ခြင်းအတွက် ဘယ်တော့များမှ ကိုယ်ချင်းစာစိတ် ဖြစ်မည်ဆိုတာကို မသိ။

တစ်ခါတစ်ရံတော့လည်း မွေးရပ်မြေကို သတိတရဖြစ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မိဏ်။ ထိုအတူ မွေးမေမေကိုလည်း သတိရသည်။ ဖေဖေသည် မေမေရှိစဉ်က မေမေ့ကို ဂရုစိုက်ချစ်ခင်သလို၊ ကျွန်တော်တို့ ညီအစ်ကို၊ မောင်နှမတစ်တွေကိုလည်း ချစ်သည်ပင်။

ကျွန်တော့်ဖေဖေ အသက်ကြီးရှာပြီဆိုသော အတွေးကို တွေးမိလာသောအခါ ချောက်ချားစိတ်နှင့် စိုးရိမ်မိသည်။ ကျွန်တော် ဒီထက်ပိုပြီး ဖေဖေ့ကို စိတ်ဆင်းရဲအောင် မလုပ်သင့်တော့။

ဒီတစ်ခါ တမာတွေပွင့်လျှင်တော့ အညာကို တစ်ခေါက် ပြန်ကာ ဖေဖေ့ကို ကန်တော့ရမည်။

"မင်းအဖေက မင်းကို Hand Phone ဝယ်ပေးလိုက်ဖို့ ငါ့ကို ပြောနေတယ် ညီ"

ကိုကိုမောင်က ရေချိုးပြီးစ ခန္ဓာကိုယ်ပေါ်မှ ရေစက်များကို တဘက်နှင့်သုတ်ရင်း ကျွန်တော့်ကိုပြောသည်။

"ကျွန်တော့်အတွက် အခု အသုံးမဝင်သေးပါဘူး ကိုကိုမောင်ရာ၊ အလကား ပိုက်ဆံကုန်ပါတယ်၊ စီးပွားရေးလုပ်နေလို့ မရှိမဖြစ် လိုအပ်ရင်တော့ တစ်မျိုးပေါ့"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


''အလှဲ၊ တယ်လိမ္မာလာပါလား''

''မသကာ မော်တော်ကားလေးဆို ဟုတ်သေး''

''အံမယ် ခွေးကောင်လေး''

''အလကားပြောတာပါ ကိုကိုမောင်ရာ''

''မင်း ဝယ်နိုင်းရင်တော့ မင်းအဖေက သူတတ်နိုင်တဲ့ ကားအမျိုးအစား ဝယ်ပေးမှာပါပဲ''

ကိုကိုမောင်ပြောတာမှန်သည်။ ကျွန်တော် တေပေလေလွင့်နေခဲ့သော နှစ်များ၌ ကျွန်တော့်ဆန္ဒမှန်သမျှကို တစ်ခါမှ ဖေဖေ မငြင်းဆန်ခဲ့။ ဖေဖေ့မေတ္တာကို ဆယ်တန်းထိ အကြွင်းမဲ့ယုံကြည်ခဲ့သော်လည်း နောက်ပိုင်း ကျွန်တော် ရှက်နာနာ၍ ဥပေက္ခာပြုခဲ့ခြင်းဖြစ်သည်။

''ခု လောလောဆယ် ကျွန်တော့်ခေါင်းထဲမှာ စာမေးပွဲအောင်ဖို့ပဲ ရှိတယ်''

ကိုကိုမောင်က ကျွန်တော့်ကို ပြုံးကြည့်ရင်း ရှပ်အင်္ကျီကြယ်သီးကို အပြီးသပ် တပ်လိုက်၏။

''အေးကွာ၊ မင်းဆီက ဒီစကားကြားရတာ ဝမ်းသာ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တယ် ညီ၊ မင်းအဖေကြားရင် ပိုဝမ်းသာမှာပဲ''

-ဒီကရှေ့လျှောက် ဖေဖေ ပိုပြီး ဝမ်းသာစေရမည်။ ဖေဖေ မရှိတော့သည့်နောက် နောင်တတွေဖြင့် ကျွန်တော် မကျန်ခဲ့ချင်ပါ။

လူဆိုတာ ကိုယ့်စိတ်ချမ်းသာမှုကို ကိုယ်ရှာနိုင်တာ အကောင်းဆုံးပင် ဖြစ်သည်။ ဖေဖေ စိတ်ချမ်းသာရာလုပ်တာကို ကျွန်တော် စိတ်ချမ်းသာနိုင်ရမည်။

ကျွန်တော်နှင့် ကိုကိုမောင် အိမ်က အတူထွက်ခဲ့ကြသည်။ ကျွန်တော်က ကျောင်းသွားမည်၊ ကိုကိုမောင်က ရုံးသွားမည်ဖြစ်၏။ အချိန်က အလွန်စောနေသေး၍ လမ်းထိပ်တွင် ကိုကိုမောင်နှင့် မုန့်ဟင်းခါးစားကြမည်။ ပြီး လက်ဖက်ရည်သောက်မည်။

စားသောက်ပြီးတော့ ကိုကိုမောင်က မြို့ထဲသို့ သွားသော ကားတစ်စီးပေါ် တက်သွားသည်။ ကျွန်တော်ကတော့ ကားဂိတ်တွင် မဟူရာ့ကို စောင့်ရင်း ကွမ်းယာဆိုင်က ဆေးလိပ်ဝယ်ဖွာနေလိုက်၏။ သည့်နောက် ....

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ကျွန်တော့်နှလုံးသားကို ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်အောင် နင်းခြေနိုင်စွမ်းသည့် ချစ်ရပါသော မဟူရာ ရောက်လာမည်။ မဟူရာသည် ကျွန်တော့်နှလုံးသားကို ကြေမွပျက်အောင် နင်းခြေနိုင်သူပင်။ သို့သော် ခြေထောက်များနှင့်နင်းသူတော့ မဟုတ်။ အချစ်များဖြင့် နင်းသူသာ ဖြစ်၏။ ထို့ကြောင့် ....

ကျွန်တော့် နှလုံးသားတွင် မဟူရာ့အချစ်ခြေရာလေးများ အထပ်ထပ်ထင် နေခဲ့ပြီ။ ဘယ်တော့မှ ပျောက်၍ရမည်မထင်။

"မဟူရာ့ ဓာတ်ပုံ ပြန်ပါလာသလား ကိုညီ"

ကျွန်တော့်အနားရောက်လာသော မဟူရာက သူ့ဓာတ်ပုံကို အရင်မေးသည်။

"ပါပါတယ်ဗျာ၊ မမေ့ပါဘူး၊ ဓာတ်ပုံလေးတစ်ပုံကို နှမြောနေလိုက်တာ မဟူရာရယ်"

"အံမယ်၊ ဒါ ရက်ရောစရာလား ဟွန့်"

"ရော့ ရော့ ကိစ္စမရှိဘူး၊ ပြန်ယူ၊ ကိုယ် အပုံတစ်ရာလောက်ပွားထားပြီးပြီ"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"ဟယ် ကိုညီနော်၊ တကယ်ပြောနေတာလား၊ နောက်နေတာလား"

"အလကားစတာပါ၊ အံပုံတစ်ရာပွားမထားပါဘူး"

ပုံတစ်ရာပွားမထားပေမယ့် တစ်ပုံတော့ပွားထားတာကို ကျွန်တော့်စိတ်ထဲကပဲ ပြောလိုက်သည်။ မဟူရာ့အတွက် ဘာအန္တရာယ်မှဖြစ်လာမှာ မဟုတ်၍ မသမာသောနည်းဖြင့် သူ့ဓာတ်ပုံ ပွားယူထားလိုက်သည်။

ဆယ်ကျော်သက် စိတ်ကစားစအရွယ်တုန်းကလို ဆန့်ကျင်ဘက် ရုပ်ရှင်မင်းသမီးဓာတ်ပုံ၊ အဆိုတော်ပုံ၊ မျက်နှာဖုံးမင်းသမီးပုံတွေကို ခိုးနမ်းနေသလိုတော့ နမ်းမည် မဟုတ်ပါ။ ကျွန်တော်က သက်မဲ့ဓာတ်ပုံကို မနမ်းချင်ပါ။ အဲဟဲ။

စိတ်ချပါ မဟူရာခင်ဗျားဟု ကျွန်တော့်စိတ်ထဲကနေ တောင်းပန်လိုက်ပါသည်။

"မဟူရာ့မွေးနေ့က မထင်မှတ်ဘဲ အရမ်းစည်သွားတယ် သိလား ကိုညီ"

"ပျော်တယ်၊ ဟုတ်လား မဟာရာ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


''ပျော်တာပေါ့၊ မဟူရာကလေ ခြောက်တန်းလောက်ကတည်းက အဲလို မွေးနေ့မလုပ်တော့တာ ခုထိ ဒါ ပထမဆုံး''

''ဘာဖြစ်လို့လဲ''

''ကိုယ်က မင်းသပိုးလည်း မဟုတ်ဘဲနဲ့ လူပုံအလယ်မှာ မင်းသပိုးလိုဖြစ်နေရတာ ရှက်လို့''

''ဒါဆို ကိုယ် ကံကောင်းတာပေါ့နော်၊ ကိုယ်နဲ့ခင်မှမွေးနေ့လုပ်တော့ ကိုယ် မဟူရာ့မွေးနေ့ တက်ခွင့်ရတာပေါ့''

''ဒီလိုပွဲမျိုး မလုပ်လည်း ကိုညီတို့ကို ဖိတ်မယ်လို့ပြောထားတာပဲလေ၊ နှစ်စဉ် သူငယ်ချင်းတွေဖိတ်ပြီး တစ်ခုခုတော့ကျွေးဖြစ်တာပဲလေ၊ ကိုဇာနည်တို့သာ မဖိတ်တာ''

''ဒီနှစ် ဇာနည်ကတော့ ပျော်သွားမှာပေါ့''

''သိချင်ရင် သွားမေးကြည့်လေ''

မဟူရာက မှုန့်ခွဲ့ခွဲ့လေးဖြင့် သူ့ နှုတ်ခမ်းသူ ပါးစပ်နှင့်ကိုက်လိုက်သည်။ မဟူရာ ပင်ပန်းနေမှာစိုး၍ သူ့ကိုယ်စား ကျွန်တော် ဝင်ကိုက်ပေးလိုက်ချင်ပါသည်။

ကျွန်တော့်အတွေးကိုသာ မဟူရာသိလျှင် သူ့ကို ပြစ်မှား

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ရပ္ပါမလားဟူ၍ သတ်တောင်ပစ်လိမ့်မည်ထင်သည်။

''မဟူရာ''

''ဟင် ''

''Canteen သွားရင် ကိုယ်တို့မပါဘဲ မသွားနဲ့နော်''

''ဩော် မဟူရာတို့ ဗိုက်ဆာတဲ့အချိန် ကိုညီတို့ Class တက်နေရင် ဘယ်လိုလုပ်မလဲ''

''လွယ်ပါတယ်၊ ကိုယ့်အတန်းရှေ့က လာဖြတ်''

''ငါးမည်ရ ပြည်ရွှေဘိုသား၊ တော်တော်တတ်ပါလား''

မဟူရာသည် အရင်တွေ့စကလောက် ကျွန်တော့်အပေါ် အပြစ်စိတ်ဆိုးတင်းမာ မနေတော့သာ သေချာသည်။

ကျွန်တော်တို့ ကျောင်းဝင်းထဲရောက်၍ သူ့ဘော်ဒါ.ကိုယ့် ဘော်ဒါ စုရပ်ကိုသွားချိန်မှာပင် နေလုံးကြီးကို တိမ်တွေက ဝါးမြို ပစ်လိုက်၏။ မိုးတိမ်တွေ တက်လာပြီး မိုးအုံ့သွားသည်ပဲ။

သို့သော် .... အုံ့မှိုင်းသွားသောမိုးက ရွာမည်တော့ မထင်ပါ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"အခြေအနေက အရမ်းကောင်းနေပြီပဲ ညီ၊ ဒါမှ အကြောင်းကြောင်းလုပ်နေလဲ မင်းညွှံတာပဲ"

"ဇာနည်ဆိုတဲ့ ငနဲကလည်း မဟူရာ့ကို အသေကပ်နေတာနော်၊ ဒီကောင်က မဟူရာ့ကို ရဖို့ ဘိုရင် နည်းမျိုးစုံနဲ့ ဉာဏ်နီ၊ ဉာဏ်နက်မက ဉာဏ်ဝါ၊ ဉာဏ်ပြာတွေပါ သုံးမှာ၊ ပြီးမှ ကယ်ပါ ယူပါ မအော်နဲ့"

သူငယ်ချင်းတွေက မဟူရာနှင့် ကျွန်တော် ပြေလည်နေတာကို မြင်ပြီး သြဘာပေးနေကြသည်။

"မင်း သွေးကြောင်နေတာလား"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"သတ္တိမရှိဘူးလား ညီ၊ မိန်းမတွေကို ရည်းစားစကား ပြောတာ ယောက်ျားတွေ အလုပ်ကွ"

ကျွန်တော်ကလည်း ဒါမျိုးဆို နည်းနည်းမှ ခံချင်သူ မဟုတ်။ ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် မိန်းကလေးတွေကို ချစ်ခွင့်မပန်ခဲ့ခြင်းမှာ သတ္တိမရှိ၍ မဟုတ်။ ဘယ်မိန်းကလေးမှ ခုထိ စိတ်မဝင်စားခဲ့၍သာ ဖြစ်၏။

အဲ၊ အခုတော့ ....

မဟူရာ့ကို ကျွန်တော် စိတ်ဝင်စားခဲ့သည်။ နောက် ချစ်မြတ်နိုးမိသည်။ ဒါပြီးလျှင် ပိုင်ဆိုင်ခွင့် ရချင်သည်။

မဟူရာ့ကို ဖွင့်ပြောဖို့ အခြေအနေနှင့်အချိန်အခါ စောင့် နေခြင်းသာဖြစ်၏။ ခတ်ပုံလေးတစ်ပုံ မဟူရာ့ဆီက ယူထားပြီး နိုးနမ်းနေရုံလောက်နှင့်လည်း ကျွန်တော် ကျေနပ်နေမည် မဟုတ် ပါ။

"ဒီမှာ ငါ့မျက်နှာကို မင်းတို့ သေချာကြည့်"

ကျွန်တော်က ရင်ကော့၍ ပြောလိုက်သည်။

"တင်းတိတ်၊ ဝက်ခြံ၊ မှဲ့ခြောက်တော့ မရှိပါဘူး၊

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ဒါပေမယ့် ကြောက်မွေးတစ်ပင်ပေါက်နေတယ်''

''ကြောက်မွေးပါ ဇာဂနာခနဲ့နူတ်''

အရှည်ကြီးနှင့်ဇော်မိုးက ကျွန်တော့်ကို မခံချင်အောင် ဆွပေးနေသည်။ မျက်ဝန်းက ....

''ကြောက်မွေး မဟုတ်ပါဘူး၊ ညီ့ ပါးပေါ်ပေါက်နေတဲ့ အမွေးရှည်က လူချစ်လူခင်များတဲ့ အမွေး''

''ကောင်းကွာ၊ မျက်ဝန်းပြောမှ ရှင်းတော့တယ်''

''မင်းကတစ်မျိုး မျက်ဝန်းရာ၊ တကာယ်နှံ့တယ်''

''ဟား ဟား ဟား ဟား''

ကျွန်တော်က စိတ်မထိန်းနိုင်တော့ဘဲ သူတို့ပြောတာကို အာပြဲကြီးနှင့် အော်ရယ်လိုက်သည်။ ပြီးမှ ....

''ရွှေဘိုသားပါကွ၊ အလောင်းမင်းတရားကြီးဦးအောင်ဇေယျသွေးပါကွ၊ သတ္တိအရာမှာတော့ လာမပြောနဲ့၊ နှလုံးသွေးက ရဲရဲနီတယ်နော်''

ဘောလုံးပွဲတစ်ပွဲမှာ ကိုယ်တိုင်ဝင်ကန်နေရသူထက် အားပေးကြည့်ရှုပရိသတ်က ပို၍ အားမလိုအားမရဖြစ်တတ်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


တာ ဓမ္မာတာပင်။

ယခုလည်း ဤသို့ပင် ဖြစ်သည်။

ကျွန်တော်သည် ဘေးကပွဲကြည့်ပရိသတ် ကျေနပ်စေရန်ထက် ကိုယ့်စိတ် ကိုယ့်နှလုံးသားက တောင်းဆိုသည့် အတိုင်း စွမ်းဆောင်ရန် ဆုံးဖြတ်လိုက်သည်။

''စာမေးပွဲတွေ မဖြေပြီးခင် မဟူရာနဲ့ငါ ချစ်သူတွေ ဖြစ်စေရမယ်ကွ''

''အေးကွာ ညီ၊ ငါတို့အားလုံးကတော့ ထောက်ခံသဘောတူတယ်၊ အဲ တစ်ခုတော့ ရှိတယ်ကွ''

''ဘာလဲ ဇော်မိုး''

''ဉာဏ်ပူဇော်ခလေးတော့ သဒ္ဒါသလောက် အပြည့်အဝကျွေးမွေးပါဦး''

ဇော်မိုးစကားကို ကျွန်တော်က အသံတိတ်ပါးစပ်လှုပ်ရုံ ဆဲလိုက်သော်လည်း မျက်ဝန်းနှင့် အရှည်ကြီးက အပြည့်အဝ အားပေးထောက်ခံစကားပြောကြသည်။

နေ့လယ် Canteen သွားကြသောအခါ ကျွန်တော်တို့

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



က မဟူရာတို့နှင့်အချိန်ညှိချိန်းကာ သွားကြသည်။ ကျွန်တော်တို့
နှစ်ယောက်အုပ်စုအတွက် နေရာအခက်အခဲရှိတတ်သော်
သည်း လူရှင်းသောဆိုင်တွင် စားပွဲနှစ်လုံးဆက်၍ ထိုင်ကြသည်။
ဒီလိုထိုင်ကြသည့်ကြားကပင် ဇာနည်ဆိုသည့် ငနဲက
ရောက်ရောက်လာတတ်ကာ တိုးဝှေ့ထိုင်၍ မရနိုင်သော်လည်း
မဟူရာတို့ စားပွဲတစ်ခြမ်းစာ ကွက်၍ ပိုက်ဆံရှင်းသွားတတ်၏။
ထိုသို့ ဇာနည်က ဦးစွာရှင်းပြီး အရင်ထပြန်သွားလေ့
ရှိသည်မှာ တစ်ခါလည်းမက နှစ်ခါလည်းမကတော့ပါ။ ကြာ
တော့ ကျွန်တော် တင်းလာသည်။ မဟူရာကိုယ်တိုင်ကလည်း
"ကိုဇာနည်၊ နောက်ကို မရှင်းပါနဲ့၊ ကျွန်မတို့ဖာသာ
ရှင်းမယ်၊ တစ်ခါတလေ မပြောချင်ပေမယ့် ခဏခဏဆို ကျွန်မ
စိတ်ဆိုးမိလိမ့်မယ်"
မဟူရာက မျက်နှာနီနီဖြင့် ဇာနည့်ကို ပြောခဲ့သည်။
"ဘာဖြစ်လို့လဲ မဟူရာ၊ ကျောင်းသူကျောင်းသား
ချင်းချင်း ဒီလိုပဲ ဦးတဲ့သူ ရှင်းနေကြတာပဲ"
ဇာနည်ပြောတာ မှန်သင့်သလောက်မှန်သော်လည်း

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အမြဲတမ်း သူပဲ ဦးနေတာကတော့ တဆိတ် လွန်လွန်းသည်။

"ဒီမှာ သူငယ်ချင်း၊ ကိုယ်တို့အဖွဲ့ကြား ဖွတ်မဝင်ချင်စမ်းပါနဲ့၊ ကိုယ် အားလုံးအတွက် ရှင်းပေးနိုင်တယ်"

ကျွန်တော်က ဇာနည်ဆိုသော ငနဲကို တော်တော် တင်းနေပြီဖြစ်သည်။

"ကိုယ်လည်း မဟူရာနဲ့သိတာ ကြာပြီကွ၊ ဒါ ကိုယ့်အခွင့်အရေးပဲလေ၊ မင်းနဲ့ မဆိုင်ပါဘူး"

ဇာနည်၏ ဖြူစုတ်စုတ်မျက်နှာကို လက်သီးနှင့်ပိတ်ထိုးချင်စိတ်တွေက တဖွားဖွားပေါ်လာနေ၏။ ကျွန်တော့်စိတ်ကို မနည်းထိန်းနေရသည်။

"ဒါပေမယ့် မဟူရာ စိတ်ဆိုးမှာဆိုရင်တော့ ကိုယ်ဆင်ခြင်ပါ့မယ် မဟူရာ"

ကျွန်တော်တို့ လေးယောက်အုပ်စုနှင့် မဟူရာတို့ သုံးယောက် မခင်ကြခင်နှစ်များကတော့ မဟူရာတို့ စားပွဲဝိုင်းတွင် အသိမိတ်ဆွေ၊ အတန်းသား၊ ပိုးပန်းနေသူများ ဝင်ထိုင်လာလေ့ရှိသော်လည်း နောက်ပိုင်း မရှိတော့ပါ။ ထိုသူများထဲတွင် ဇာနည်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


သည် အခွင့်အရေးအများဆုံးရခဲ့ဖူးသူပင်ဖြစ်၏။

ကျွန်တော်တို့ စကားဝိုင်းသည် ဇာနည်နှင့်ပတ်သက်၍ တစ်ယောက်တစ်ပေါက်ပြောဆိုကြရင်း ဆူညံနေခဲ့၏။ သို့သော် ထိုဆူညံနေသူများထဲ၌ ကျွန်တော် မပါ။ ကျွန်တော့်မျက်နှာသည် အလိုမကျမှုကြောင့် သုန်မှုန်နေ၏။

ညနေပိုင်း၌ လက်တွေ့ရှိသောကြောင့် ကျွန်တော်က မဟူရာ့ထက်နောက်ကျမှ ဆင်းရသည်။

မဟူရာသည် မိတိုးနှင့်အတူ ကျွန်တော့်အား စောင့်နေရာသည်။ မိတိုးက မျက်ဝန်းနှင့်အတူပြန်သည်။ မိတိုးက မျက်ဝန်းနှင့် လမ်းသင့်သည်။ အရှည်ကြီးနှင့်ဇော်မိုးက အဆောင်မှ ကျောင်းသားများနှင့် ဘောလုံးကန်ရန် နေခဲ့ကြသည်။

"ကိုယ် မဟူရာ့ကို ပြောစရာရှိတယ်၊ တစ်နေရာရာ သွားပြီး တစ်ခုခုစားရအောင်"

"အချိန်မရှိတော့ဘူးလေ၊ ပြောစရာရှိရင်နောက်နေ့မှ ပြော၊ တကတည်း သူ့ကိုစောင့်ရတာဖြင့် အကြာကြီးပဲ"

ကျွန်တော့်ကို မဟူရာက သက်သက်မိုလ်ကျပြနေသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''ဒါဆို မနက်ဖြန်နေ့ မဟူရာ''

''အင်း''

မဟူရာ့ကို ချစ်စကားပြောတော့မည်မှန်း ကျွန်တော့်ကိုယ်ကျွန်တော် သေချာသိနေ၍ ဘယ်ဘက်ရင်အုံမှာ နွေးခနဲ တစ်ချက်ဖြစ်သွားသည်။

လမ်း၀ မှတ်တိုင်ရောက်တော့ မဟူရာရော၊ ကျွန်တော်ရော ထိုင်ခုံနေရာ ရကြ၏။

ကျွန်တော်သည် မဟူရာ့ဘေးတွင် တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်ပါလာသည်။ လူက တိတ်နေသော်လည်း အတွေးများကတော့ ဗလောင်ဆူနေသည်။ ဘယ်လောက်ပဲတွေးတွေး ချစ်ခွင့်ပန်ဖို့က စကားနှစ်လုံးတည်းသာ ရှိလေသည်။

သို့သော် ....

ထိုစကားနှစ်လုံးက အတော် ပြောလွယ်ကိုခက်နေ၏။

''အာ''

နှုတ်ခမ်းထောင့်ကို အမိအရလာနားသော ယင်ကောင်တစ်ကောင်ကြောင့် ယားကျိကျိဖြစ်သွားရရင်း စိတ်ကူးပျက်သွား

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ရသည်။ ရွံ့ရှာစိတ်ကြောင့် နှုတ်ခမ်းထောင့်ကို လက်ဖနောင့်နှင့် ခပ်ကြမ်းကြမ်းဖိပွတ်သုတ်ပစ်လိုက်၏။

"ခြေသြာ"

ယင်ကောင်က နှုတ်ခမ်းကနေ ကျွန်တော့် ညာဘက်လက်ဖျံတွင် တရွေ့ရွေ့နားပြန်သည်။ သူ့ကိုဖမ်းရန် ကျွန်တော့် ဘယ်လက်က မအား။ ဗိုင်းတွဲတစ်တွဲ ကိုင်ထားသည်။

ဟော၊ ယင်ကောင်က ကျွန်တော့်လက်လှုပ်လိုက်၍ ရှေ့ထိုင်ခုံကလူ၏ လည်ဂုတ်ပေါ်မှ ပြည်တစိုစိုအနာပေါ်သို့ သွားနားနေပြန်သည်။ ပြီးလျှင် ကျွန်တော့်ဆီ ပြန်နားချင် နားလာပြန်ဦးမည်။ ကျွန်တော့်ရင်ထဲ အော်ဂလီဆန်ကာ ပျို့အန်ချင်လာ၏။ ထိုယင်ကောင် ကျွန်တော့်ဘက် ပြန်လာလျှင် ဒုက္ခ။ ထိုအတွေးကြောင့် ယင်ကောင်ကို မျက်ခြေမပြတ် ကျွန်တော် လိုက်ကြည့်နေမိ၏။

မဟူရာကတော့ မျက်စိမှိတ်၍ ငြိမ်သက်နေသည်။ ဒါကို ကိုရွှေယင်က အခွင့်ကောင်းယူကာ ရှေ့ကလူ လည်ဂုတ်အနာပေါ်မှ ပျံဝဲလာပြီး မဟူရာ့ပါးပေါ်တစ်ချက် နားသည်။ မဟူရာက

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ယားသွား၍ ပါးလေးကို တစ်ချက်တွန့်လိုက်တော့ ထယ်ပုံကား လည်ပင်းနှင့် ရင်ညွန့်တစ်ဝိုက် ဟိုရွှေ့နား ဒီရွှေ့နား လှုပ်နေပြန်၏။

"တောက်"

ကျွန်တော့်ဒေါသတွေ တလိပ်လိပ်တက်နေပြီ၊ ထို နေရာတစ်ဝိုက်ကနေတစ်ဖန် မိုးပြာရောင်ပျော့အိအိပြောင်ထမိ ဝတ်ထားသော မဟူရာပေါင်ပေါ်သို့ လူးလားခေါက်တုန့် လမ်းသလားနေသည်မှာ တခြားနေရာကို တော်တော်နှင့် မပျံတော့။

ကျွန်တော့်မျက်စိထဲတွင် ထိုယင်ကောင်ကို အရူထဲအသည်းထဲကနေ တူးခါးရွံမုန်းနေမိ၏။ ကျွန်တော့် အမုန်းတရားသည် မဟူရာ့ပေါင်ပေါ်တွင် ငြိမ်သက်စွာနားနေသော ယင်ကို ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ အားနေသော ညာဘက်လက်ဖြင့် ညာဘက်တွင်ထိုင်နေသော မဟူရာ့ပေါင်ပေါ်က ယင်ကို ဖျန်းခနဲ ဖိအုပ်ဖမ်းလိုက်မိတော့၏။

"ဖတ်"

"အမေ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မဟူရာက လန့်အော်ရင်း မျက်စိဖွင့်ကြည့်သည်။ ကျွန်တော့် ညာလက်နွေးနွေးက သူ့ပေါင်ပေါ်တွင် အုပ်ကိုင်ထားမိလျက်သား။

''ဟင်''

''ဟာ ဟို ဟို၊ ဟိုလေ မဟူရာ''

''ကိုညီ၊ ရှင် ရှင်''

မဟူရာ့မျက်နှာတစ်ပြင်လုံး တွတ်တွတ်ရဲသွားသည်။

''ကိုယ် ကိုယ်၊ ယင်ကောင်ဖမ်းတာပါ မဟူရာရယ်''

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ တုန်တုန်ယင်ယင်ဖြင့် လက်ဝါးကို ဖြန့်ပြလိုက်၏။

''ဟာ''

ကျွန်တော့် လက်ထဲတွင် ကံဆိုးလွန်းစွာဖြင့် မည်သည့် ယင်ကောင်မျှ ရှိမနေပါ။ ဘယ်လို ဖြစ်တာပါလိမ့်။

အကောင်တစ်ရာကို အကြိမ်တစ်ရာ ဖမ်းလျှင် ကိုးဆယ့်ကိုးကောင်မိ၍ တစ်ကောင်လောက်သာလွတ်သည့် ကျွန်တော့်လက်။ ထိုမျှ ကျင့်သားရကာ သေချာလှသော လက်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အခု ဘယ်လိုဖြစ်တာပါလိမ့်။ ကံကြမ္မာက ကျွန်တော့်ကို အလဲလဲ အကွဲကွဲဖြစ်အောင် ကျီစားပြီထင်၏။

အကောင်တစ်ရာ၀ှင် လွတ်သောအကြိမ်သည် အဘယ့်ကြောင့် ယခု တစ်ကြိမ်ဖြစ်နေရပါသနည်း။

''ရှင် မကောင်းဘူး ကိုညီ၊ ရှင်ဟာ အခွင့်အရေးသမားပဲ''

''ဘာ''

''ရှင်၊ အဲလို လုပ်ဖို့မကောင်းဘူး၊ သိလား''

''မဟုတ်ရပါဘူး မဟူရာရယ်၊ ကိုယ် တကယ်ပဲ''

''အို မယုံဘူး၊ ဘာမှ လာမပြောနဲ့၊ ယင်ဖမ်းတာဆိုဘယ်မှာလဲ ယင်၊ ရှင် ဖမ်းတာ ဘယ်တုန်းက လွတ်ဖူးလို့လဲ''

သွားပြီ ရာသီဥတုက ပြင်းထန်စွာ ဖောက်ပြန်လေပြီ။ ကျွန်တော်လည်း ထူပူနေ၍ ဘယ်လိုမှ ရှင်း မပြတတ်တော့။

မဟူရာသည် နှုတ်ခမ်းကိုကိုက်၍ မျက်ရည်များရစ်ဝိုင်းလျက် ကားပေါ်မှ အတင်းတိုးဆင်းသွားလေတော့၏။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

ရှက်သည်။ မဟူရာ သိပ်ရှက်သည်။ သူ ယုံစား၍ အရေးပေးခဲ့သော လူတစ်ယောက်မို့ ပိုရှက်ပိုခံရခက်သည်။ တလှိုက်လှိုက်ဖြစ်နေသော ခံစားချက်တို့ဖြင့် ဘယ်လိုက ဘယ်လို အိမ်ပြန်ရောက်လာမှန်းပင် မသိတော့။

"ဟဲ့ ဘာဖြစ်လာတာလဲ မဟူရာ"

ပုံမှန်မဟုတ်သော ခပ်ကြမ်းကြမ်း သူ့ အမူအရာကြောင့် မေမေက ဆီးမေးသည်။

"ဘာမှ မဖြစ်ဘူး မေမေ၊ ယင်ကောင်တစ္ဆေအခြောက် ခံခဲ့ရလို့ပါ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"ဘာ"

မေမေက နားကြားများလွဲသလားဟုထင်ကာ ဘာဟု ပြန်မေးသည်။ မဟူရာက ဘာမှ ပြန်မပြောတော့ဘဲ အခန်းထဲ တန်းဝင်သွားသည်။

အဝတ်အစားမလဲသေးဘဲ ခုတင်ပေါ်လှဲချအိပ်လိုက်ပြီး တနုံ့နုံ့ဖြစ်လာသောရင်ကို ငြိမ်အောင်ထိန်းသည်။ ခုနက အဖြစ် အပျက်က အာရုံမှ ဖျောက်မရ။

မိန်းကလေးတစ်ယောက်အတွက် ယောကျ်ားတစ် ယောက်၏လက်ဖြင့် ပေါင်ကို ပယ်ပယ်နယ်နယ် ဖိဆုတ်အကိုင် ခံရခြင်းသည် မည်မျှအခံရခက်ကြောင်း မိန်းမများသာ နား အလည်ဆုံး ဖြစ်ပါလိမ့်မည်။

"အဟင့် ဟင့် ဟင့်"

ဝမ်းနည်းအခံရခက်စွာ မဟူရာ ငိုချပစ်လိုက်သည်။ မထင်။ လုံးဝ ထင်မထား။ လုပ်ရက်လိုက်တာ ကိုညီရယ်။ မျက်နှာသာပေးလို့၊ ခင်ခင်မင်မင် လိုက်လိုက်လျောလျောနေလို့ အထင်သေးချင်တာလား။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

"သမီး၊ မဟူရာ"

မေမေက မဟူရာ့မျက်နှာကို အရိပ်လိုကြည့်နေသည့်အတွက် ပျက်ယွင်းလာသော မဟူရာ့အခြေအနေကို ရိပ်မိ၏။

ထို့ကြောင့် ....

မဟူရာ့အခန်းထဲသို့ တောက်လျှောက်လိုက်ဝင်လာခြင်းဖြစ်သည်။

"မေမေ့ သမီးလေး၊ ဘာဖြစ်လာတာလဲကွယ်၊ မေမေ ရင်ထိတ်လိုက်တာ၊ ဟင် ပြောစမ်းပါ"

"ဆရာမပေါ့ မေမေ"

"အင်း"

"ကျူတိုရီယယ်ဖြေတာကို အဟင့်"

"အင်း ဘာဖြစ်လဲ"

"သမီး စာမခိုးချဘဲ ခိုးချတယ်လို့ ပြောတယ်"

"ဩော် ဒါများကွယ်"

မေမေက ရင်ပေါ့သွားဟန်ဖြင့် ပင့်ရှိုက်ထားသော ရင်ကို ခပ်ဖြည်းဖြည်းနှိမ့်ချသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ပြီးမှ ပြုံးလိုက်ရင်း ....

"သမီးကလည်းကွယ်၊ ကလေးကျနေတာပဲ၊ ဆရာမက အထင်မှားတာဖြစ်မှာပေါ့၊ အဲဒါ ငိုစရာလား"

"သမီး ရှက်တယ် မေမေ"

မဟူရာက သူ့အဓိပ္ပါယ်နှင့်သူ ငိုရင်း ပြောသည်။

မေမေကတော့ သဘောရိုးနှင့် မှတ်ကာ မဟူရာ့ အလိမ် စကားကိုယုံပြီး အသက်နှစ်ဆယ်အရွယ် မဟူရာ့ကို "ကလေးကျ နေတာပဲ"ဟု ပြောပြီး သူကိုယ်တိုင်ကမှ မဟူရာ့ကို ကလေး တစ်ယောက်လို ချော့နေပြန်သည်။

"ကဲ တိတ်၊ မငိုနဲ့တော့၊ သမီး ဖေဖေပြန်လာရင် သမီးကြိုက်တဲ့ ပူစီကိတ်ဝယ်လာမယ်တဲ့"

တကယ်သိုလ်တတိယနှစ်တက်နေသော သမီးပျို တစ် ယောက်က ဆရာမဆူ၍ ငိုသည်ဆိုတာကို မေမေ ယုံသလား မယုံသလားတော့ မသိ။ မေမေ့မျက်နှာသည် ပကတိကြည်လင် ပြုံးမြနေ၏။

မဟူရာ မေမေ့ကိုညာမိ၍ စိတ်တော့ မကောင်းပါ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သို့သော် မိဘရင်ခွင်တွင် ကလေးလိုနေသော မဟူရာသည် သူစိမ်းယောက်ျားတစ်ဦးကြောင့် စိတ်လှုပ်ရှား ခံစားနေရပြီ။

"ကြည့်စမ်း၊ အရုပ်တွေကလည်း ပြန့်ကျဲနေတာပဲ"

"အရုပ်တွေကို သမီးမျက်စိထဲ မြင်နေရတာ ပျော်တယ် မေမေ"

"သမီးက ရှိသေတယ်၊ ငယ်ကတည်းက ဘာအရုပ်မှ ပျောက်တယ် ပျက်တယ် မရှိဘူး"

"မွေးနေ့တုန်းကလည်း ဘွားဘွားက သမီးကို အရုပ် လက်ဆောင်ဝယ်ပေးတယ်၊ ကလေးမှတ်နေလား မသိဘူးနော် မေမေ"

"မှတ်လို့ပေါ့၊ တခြားဘယ်သူမှ အရုပ်မပေးဘူး မဟုတ် လား"

ငယ်စဉ်ကထဲက ဆော့လာသော အရုပ်များစွာတွင် ဘွားဘွားဝယ်ပေးသော အရုပ်က အများဆုံးပင်။ မဟူရာ အငိုတိတ်သွားပြီ။ မေမေ့ကို အားနာ၍ ဆက်မငိုတော့ပါ။

"ခဏနားပြီး ရေချိုးနော် သမီး၊ ညနေ ထမင်းစားရင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သမီးကြိုက်တဲ့ ပုဇွန်ကွေးလေးတွေ ချက်ထားတယ်''

မဟူရာ့အကြိုက်တွေသာ စဉ်းစားတတ်သော ဖေဖေနှင့်မေမေ့ကို ချစ်မဝနိုင်ဖြစ်ရသည်။

မဟူရာ ခုတင်ပေါ်လှဲကာ နားနေစဉ် မေမေ ပြန်ထွက်သွား၏။ မဟူရာက ပက်လက်အနေအထားမှ စားပွဲရှိရာဘက် စောင်းလိုက်သည်။ စားပွဲပေါ်တွင် မွေးနေ့လက်ဆောင် အထုပ်များက တောင်လိုပုံနေ၏။ ပစ္စည်းတွေ ဖောက်ကြည့်ပြီး မသုံးဖြစ်သေး၍ ပြန်ထည့်ထားခြင်း ဖြစ်သည်။

စားပွဲထောင့်စွန်းတွင် ဇာနည်ပေးထားသော ဘူးသေးသေးလေး။ အဖိုးတန်ရတနာပစ္စည်းဖြစ်သော်လည်း မဟူရာ မမက်မောမိ။

ဇာနည်သည် ဟိုးစဉ်ကတည်းက မဟူရာ့နှလုံးသားကို ဘယ်ရှုထောင့်ကမှ ရင်ခုန် မလှုပ်ရှားစေခဲ့ပါ။ မြည်မျှချမ်းသာသော မိဘမှမွေးဖွားသည်ဖြစ်စေ ဇာနည့်ကို အထင်ကြီး လေးစား ၍မရ။

သို့သော် .....

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ညီညီနှင့်ပတ်သက်လျှင်တော့ အထင်ကြီးလေးစားမိရုံ
မှုက တန်ဖိုးထားသည်။ အလေးအနက်လည်း ထားမိသည်။

''မဟူရာ၊ အပြန်ကျ ကျွန်တော့်ကို စောင့်နေဦး''
ဟုသည့် ညီညီ၏ ဟန်ဆောင်မှုကင်းသော ထိုသို့ အပြောလေး
အစ မဟူရာ့ကို ဆွဲဆောင်နိုင်ခဲ့၏။

ညီညီသည် မဟူရာ့မာနနှင့် အေးစက်စက်နှလုံးသားကို
နွေးထွေးစေနိုင်သူ။

မဟူရာသည် ဘာအကြောင်းပြချက်မှ မရှိဘဲနှင့်
ညီညီကို ခင်သည်။ ညီညီ သူ့ကို ချစ်နေတာကိုလည်း သိသည်။
ကြာမိ ရက်အတွင်းမှာ ချစ်ခွင့်ပန်လာတော့မှာကိုလည်း ရိပ်မိ
သည်။

အဲသလိုသာဆိုပါက ညီညီ့အပေါ် ပြန်းနိုင်သည့်ခွန်အား
မဟူရာ့တွင် ရှိချင်မှ ရှိမည်။ မဟူရာ့နှလုံးသားတွင် ညီညီနေဖို့
နေရာအကန့်လေး ရှိနေပါသည်။

အခုတော့ ....

ညီညီသည် မဟူရာ့ကို ရှက်ရွံ့နာကျင်စေသော အပြု

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


အမှုဖြင့် စော်ကားခဲ့သည်။ ထိုကိစ္စသည် တခြားသူဖိမ်း တစ်ယောက်ဆိုပါက ခံရခက်သော ဒေါသသည် မိနစ်ပိုင်းအတွင်း ပျောက်ကွယ်သွားမှာ ဖြစ်သော်လည်း အခုတော့။

မဟူရာသည် တစ်ကျော့ပြန်ကာ မျက်ရည်လည်လာရ ပြန်သည်။ အာရုံပြောင်းစေရန် မေမေ့အသံကို နားစွင့်နေရင်း မငိုမိအောင် ထိန်း၏။ မကြာခင် ဖေဖေ ပြန်လာတော့မည်။

စိတ်ကိုဖြတ်၍ အိပ်ရာပေါ်မှ ထကာ ရေချိုးပစ်လိုက် သည်။ ပြီးလျှင် ရယ်စရာဟာသခွေတစ်ခွေကြည့်နေလိုက်သည်။

မိသားစု၏ နွေးထွေးမှုများသည် တစ်ခဏအတွင်း မဟူရာ့စိတ်ကို ကြည်လင်လန်းဆန်းသွားစေ၏။

သို့သော် ....

နောက်တစ်နေ့မိုးလင်းသောအခါ ပြင်းထန်သော ခံစား ချက်က ကျောင်းသွားချင်စိတ်မရှိအောင် မဟူရာ့ကို ဖိအားပေး လေသည်။

စိတ်မပါလျှင်ပဲဖြစ်ဖြစ် လုပ်ချင်စိတ် မရှိလျှင်ပဲဖြစ်ဖြစ် ဘာမှမလုပ်သော မဟူရာသည် ကျောင်းမသွားဘဲနေလိုက်သည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မေမေမေးသောအခါ "အိမ်မှာနားပြီး စာတွေကျက်မလို့မေမေ" ဟုဖြေကာ လိမ်ညာတာ မဖြစ်စေရန် စာအုပ်တွေဖွင့်၍ စာကျက် ဖို့ပြင်သည်။

တကယ်တမ်းကျ ပါးစပ်ကသာ ကုန်းအော်လျက် စာတွေက ထက်ဝက်မျှပင် ခေါင်းထဲ မရောက်ခဲ့။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ရှက်သည်။ အခံရခက်သည်။ ပြီးတော့ ဘာကိုမှန်းမသိ ကျွန်တော် ဝမ်းနည်းသည်။

ကျွန်တော်ဟာ အဲ့ဒီလို လူစားမျိုးလား မဟုတ်ရာရယ်။

ကျွန်တော့်ကို ထင်ရက်လေခြင်း၊ ပြောရက်လေခြင်းဟုလည်း မဟူရာ့ကို အပြစ် မတင်ရက်ပါ။

ကျွန်တော်ကိုက မကောင်းတာပါ။ အခြေအနေကို နားမလည်၊ မနေတတ် မထိုင်တတ်ဖြစ်ခဲ့မိ၍ အခုလို မထင်မှတ်သော အထင်လွဲစရာတွေ ဖြစ်ခဲ့ရသည်။

မဟူရာ ယုံအောင် ကျွန်တော် ဘယ်လိုရှင်းပြရပါမည်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



နည်း။ ဒီကိစ္စကြီးက သူများတွေကို ဖွင့်ပြောအကူအညီတောင်း၍ ကောင်းသောကိစ္စလည်း မဟုတ်။

"ညီ ထလေကွာ၊ အချိန်မနည်းတော့ဘူး၊ မနေ့ညနေ ကျောင်းက ပြန်လာကတည်းက ဘာမှလည်းမစားဘဲ ဝင်အိပ် တာ၊ နေမကောင်းဘူးလား"

ကိုကိုမောင်က ကော်ဖီမစ်တစ်ထုတ်ကို နှို့ဆီ၊ သကြား မထည့်ဘဲဖျော်ကာ မနေ့က ကျွန်တော်မစား၍ ကျန်နေသော ထမင်းကို ပဲပြုတ်နှင့်ကြော်စားရင်း အခန်းဝက လှမ်းမေးသည်။

"ကောင်းတယ်"

"ဘာ ကောင်းတာလဲကွ"

"ဟာ ကိုကိုမောင်ကလည်း နေမကောင်းဘူးလားလို့ မေးလို့ ကောင်းတယ်ဖြေတာလေ"

"အေး ကောင်းရင်လည်း ထကွာ၊ ကျောင်းသွားမှာ မဟုတ်ဘူးလား"

"ဒီနေ့ မသွားဘူး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"စာမေးပွဲနီးပြီ၊ စာကျက်မလို့"

ကျွန်တော့်အဖြေစကားကြောင့် ကိုကိုမောင် ကျေနပ်စွာ ပြုံးသွားမှန်း ကျွန်တော် အလိုလို သိသည်။ ဒီစကား ဖေဖေ့ဆီ မကြာခင်ရောက်သွားမှာကိုလည်း သိသည်။ ဖေဖေကြားလျှင် ဝမ်းသာပြီး ကျေနပ်၍ ပြုံးလေဦးမည်။

"အေး ကောင်းတယ် ကျက်၊ ထမင်းအရင်စားဦး၊ ကြက်သားကို စပ်စပ်လေးချက်ထားတယ်၊ နေ့လယ် ဘာစားချင်လဲ၊ ငါသွားဝယ်ထားပေးမယ်"

စာကျက်မည်ဆို၍ အလိုလိုက်တာ ဖြစ်သည်။

"ဘာမှ မလိုဘူး၊ ကော်ဖီထုတ်တွေရှိသေးရင် ရပြီ"

"ရှိတယ်၊ တခြားမုန့်ခြောက်တွေလဲ ရှိတယ်"

"အာမီရမ်လေးဘာလေး မရှိဘူးလားဗျာ"

ကျွန်တော့်စကားကြောင့် ကိုကိုမောင်က မျက်လုံးပြူးပြီး ကြည့်လာသည်။ ကျွန်တော်ကလည်း ပြန်ကြည့်လိုက်သည်။ ကိုကိုမောင့် ခန္ဓာကိုယ်ကြီးက အတော်ဝနေပြီပဲ။

"ကျောင်းမသွားဘဲ စာကျက်မယ်ဆိုပြီး ဘာမေးနေတာ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


လဲ၊ မင်းသောက်ချင်ရင်တော့ တစ်ခါတလေမို့ ညနေပြန်လာရင် ဝယ်ခဲ့မယ်''

ကပ်စေးနဲသော ကိုကိုမောင်သည် တစ်ခါတလေဆိုသောစကားကို အမြဲသုံးလေ့ ရှိ၏။

ကျွန်တော်သည် စားကောင်းသောက်ကောင်းအောင်ခုတင်ပေါ်အိပ်နေရင်းကနေ စားပွဲပေါ်က ကျောင်းစာအုပ်ကိုလှမ်းယူကြည့်နေလိုက်သည်။

သို့သော် ....

ကျွန်တော့်မျက်လုံးများက စာကိုမမြင်ဘဲ မဟူရာ့မျက်နှာကိုသာ မြင်သည်။ မနေ့က မဟူရာကြည့်သွားခဲ့သောအကြည့်သည် ကျွန်တော့်အား တုန်လှုပ်ချောက်ချားစွာ အနေရခက်စေခဲ့၏။

''ဟော့ကောင် မျက်နှာသစ်၊ စားစရာရှိတာ အရင်စားကွာ၊ မင်း ဒီနှစ်တော့ စာမေးပွဲ အောင်မယ်ဆိုတာ ငါ သိတယ်''

စာအုပ်ကြီးဖွင့်လျက် မဟူရာ့မျက်နှာကို မြင်ယောင်နေသော ကျွန်တော့်ကို စာအုပ်ဆွဲယူရင်း ကိုကိုမောင်က ပြော

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သည်။

စာအုပ်က ကိုကိုမောင့်လက်ထဲပါသွားသော်လည်း မဟူရာ့မျက်နှာကတော့ ကျွန်တော့်မျက်စိထဲ ကျန်နေခဲ့၏။

တစ်နေ့လုံးလည်း လောကကြီးထဲက လူတွေနှင့်အဆက်ပြတ်လျက် ယောက်ယက်ခတ်နေခဲ့လေသည်။ ကျွန်တော် ကျောင်း မလာတာသိလျှင် ညနေကျ ဟိုကောင်တွေ လိုက်လာကြလိမ့်မည်။ ကျွန်တော်သည် ကျောင်းစတက်သည့်နေ့မှစ၍ တစ်ကြိမ်တစ်ခါမျှ ကျောင်းပျက်ဖူးသည် မဟုတ်။ သိပ်ပြီး စာကြိုးစားချင်၍တော့ မဟုတ်ပါ။ ပျော်လို့သာ ဖြစ်သည်။

ထင်သည့်အတိုင်းပင် ညနေပိုင်း၌ ဇော်မိုး၊ အရှည်ကြီးနှင့်မျက်ဝန်းတို့ ကျွန်တော့်ဆီ ပေါက်ချလာသည်။

"အောင်မာ၊ သေများသေနေသလားမှတ်တယ်၊ ဇိမ်ကျတော်မူနေတာကိုး"

"သေသွားလည်း ကောင်းသားကွာ"

"အရှည်ကြီးနဲ့ မျက်ဝန်းရေ၊ ညို့မျက်နှာကို သေချာကြည့်စမ်း၊ မှိုရတဲ့မျက်နှာမျိုး မဟုတ်ဘူးကွ၊ ဘီလူးမ သံပုရာသီး

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ကိုက်မိတဲ့ မျက်နှာမျိုးပဲ''

ဇော်မိုးက ဒါမျိုးကျ လျှင်သည်။

''ဒီနေ့ မဟူလည်း ကျောင်းမလာဘူးကွ''

''ဟင်''

''ဟုတ်တယ်၊ ငါတို့အားလုံးက မင်းတို့နှစ်ယောက်ကို ဟန်နီးမွန်းထွက်သွားပြီလို့ အောက်မေ့နေတာ''

''အေးလေ၊ ဒီနေ့ မဟူရာ့ကိုချိန်းပြီး ဖွင့်ပြောမယ်လို့ မင်း ပြောထားတော့ တစ်ခါတည်းများ ခိုးပြေးပြီလားမှတ်တာ ညီရ''

ဩော် ဒင်းတို့က ဘာမှမသိဘဲ စွတ်ပြောနေ၊ ဒီမှာဖြင့် အလူးအလဲ အသည်းကွဲနေသည်။ မဟူရာ ကျောင်းမလာဘူး ဆိုတော့ အဖြစ်အပျက်က အတော်ပြင်းထန်ခဲ့ပြီပဲ။

''ဝေဝေနဲ့မိတိုးလည်း ငါတို့နဲ့အတူ လိုက်လာတာကွ၊ သူတို့က မဟူရာ့ဆီ လိုက်သွားကြတယ်''

ဒီနေရာမှာ ကျွန်တော်သာ မိန်းမတစ်ယောက်ဆိုပါက ချုံးပွဲချ၍ ငိုသင့်နေပြီ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''ပြောကွာ၊ ဒီနေ့တစ်နေ့လုံး မင်းရော၊ မဟူရာရော ကျောင်းမလာဘဲ ဘယ်ပျော့သွားနေကြတာလဲ''

''မင်းမျက်နှာကြည့်ရတာ ဘာတွေဖြစ်ခဲ့လဲ ညီ''

''ဘာပဲဖြစ်ဖြစ်ကွာ ညီ၊ ငါတို့ကို ဥာဏ်ပူဇော်ခလေ တော့ ....''

''ဝုန်း''

''ဟာ ဟာ ဘာလဲကွ ညီရ''

ကျွန်တော်က အရှည်ကြီးစကားကို ဆုံးအောင် နား မထောင်ဘဲ စိတ်ထွက်ပေါက်အဖြစ် သုံးယောက်စလုံးကို ခုန် အုပ်ပစ်လိုက်သည်။ ကျွန်တော်တို့ လေးယောက်သား ဝုန်းခနဲ လဲပြိုကာ ဖရိုဖရဲဖြစ်ကုန်၏။ ဒီနေ့မှ ပုဆိုးဝတ်လာသော အရှည် ကြီးသည် ကုလားထိုင်ပေါ်ကနေ ဇောက်ထိုးကျတော့ ပုဆိုးက ခါးပေါ်ထိ လန်သွားသည်။

''မင်း ပုဆိုးကြီး မြန်မြန်ဖုံးစမ်းအရှည်ကြီး၊ ဒီမှာ ကံ မကောင်းရတဲ့ကြားထဲ''

''မဖုံးဘူး၊ ဒီအတိုင်းပဲထားမယ်၊ မင့်ကြည့်ရတာ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းတဲ့အဖြေ လွဲပြီထင်တယ် ညီ''

ဇော်မိုးနှင့် မျက်ဝန်းသည် ပုံမှန်ဖြစ်အောင် ပြင်ထိုင်လိုက်ကြသည်။ ဇော်မိုးက ....

''ဒါ သွေးရိုးသားရိုးတော့ လုံးဝ မဖြစ်နိုင်ဘူ ညီ၊ မင်း ဘာ အူကြောင်ကြောင်သွားလုပ်မိလဲ''

''ဟုတ်သားပဲ ညီ၊ မဟူရာ့ဘက်က အပြည့်အဝ မီးစိမ်းပြနေတာပဲ''

စကားနည်းသော မျက်ဝန်းကပါ ကျွန်တော့်ကိစ္စကို စိတ်ဝင်တစားနှင့် ဝင်ပြောလာသည်။

''ဟုတ်ပါတယ်ကွာ၊ အခုတော့ အဲ့ဒီ မီးစိမ်းလေးက မီးဝါလေးတောင်မပြဘဲ တစ်ချက်ထဲ နီသွားပြီကွ''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

“ယောက်ျားပဲကွာ၊ အသောက်အစားအပျော်အပါး ကတော့ ရှိသင့်သလောက်ရှိကြတာပဲ၊ ဒါပေမယ့် အလွန်အကျွံနဲ့ မဆင်မခြင် မဖြစ်ဖို့ပဲ အရေးကြီးတယ်”

ကိုကိုမောင် ပြန်လာသောအခါ သူပြောသည့်အတိုင်း ပုလင်းပါလာခဲ့၍ အတော်ဖြစ်သွားကာ ကျွန်တော်တို့ဝိုင်းကလေး ဖြစ်သွားသည်။

“မင်းတို့ကော စာကျက်ကြလား”

“ဪ ကိုကိုမောင်ရာ၊ တက္ကသိုလ်မရောက်
နိုင်ပါဘူး”

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"အေး ဟုတ်တယ်၊ ဒီကောင် ညီသာ မိုက်ခဲ့တာ"

"အခုတော့ ကျွန်တော်တို့နဲ့တွေ့လို့ ညီက လိမ္မာသွားပါပြီ ကိုကိုမောင်"

"ကျေးရူးတင်တယ်ကွာ၊ ကဲ သောက်ကြ၊ သိပ်တော့ မမူးစေနဲ့၊ ပြီးရင် ထမင်းစားကြကွာ၊ ငါ အားလုံး စားလောက်အောင် ခေါက်ဆွဲကြော် ဆင်းဝယ်လိုက်ဦးမယ်"

ပြောပြောဆိုဆိုဖြင့် ကိုကိုမောင်က ထွက်သွားသည်။ သူ့ခန္ဓာကိုယ်ဝဝကြီးနှင့် မလိုက်အောင်ပင် ကိုကိုမောင်က ပေါ့ပါးသွက်လက်နေ၏။

"ငါ့ဦးလေးက အရမ်းကပ်စေးနဲတာကွ၊ ဒါ မင်းတို့ကို ခင်လွန်းလို့ ဒီလောက်ဖြစ်တာ"

"အဲဒါနောက်ထား၊ မင်းနဲ့ မဟူရာ ဘာဖြစ်ကြတာလဲ၊ ပနေ့က ကျောင်းကပြန်တဲ့အထိ အကောင်းကြီးပါ ညီ"

ကျွန်တော်က မသက်မသာနှင့် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ကျွန်တော့်ရင်သည် အယ်လ်ကိုဟောဝင်သွား၍ ပူသောအပူထက် အဆမတန်ပူနေ၏။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"ကျောင်းက အပြန် ကားပေါ်မှာ ဖြစ်တာကွ"

"အင်း လုပ်စမ်းပါဦး၊ ဘာတွေ ဖြစ်ခဲ့လဲ"

"ငါက ပြောစရာရှိလို့ တစ်နေရာရာမှာ တစ်ခုခုစားရအောင်လို့ ခေါ်တယ်၊ မဟူရာက ဒီနေ့နောက်ကျနေပြီ နောက်နေ့မှ ပြောဆိုတာနဲ့ ငါ သဘောတူလိုက်တယ်"

"အိုကေနေတာပဲကွ"

"ပြဿနာက ခုမှ စမှာကွ၊ ဒီလို ...."

ကျွန်တော်က ဖျော်ရည်များများရောထားသော အရက်ကို တစ်ငုံ ကောက်မော့လိုက်သည်။ ပြီးလျှင် ဝက်အူချောင်းကြော်တစ်ဖတ် ကောက်ဝါးလိုက်ပြန်၏။

"ပြောကွာ မြန်မြန်၊ ဘာဖြစ်သွားလဲ"

ဇော်မိုးက လောဆော်သည်။ အရှည်ကြီးနှင့်မျက်ဝန်းက ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ကာ နားစွင့်နေကြ၏။ ယောကျ်ားတန်မဲ့ နူးညံ့သော မျက်ဝန်းသည် အရက်ကိုတော့ အတော် သောက်နိုင်၏။ အရက်ဝင်သွားသောအခါ မျက်နှာတွေနီ မျက်လုံးတွေ စင်းနေသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



''ယင်ကောင်တစ်ကောင်ကြောင့် မတည်ဆောက်ရသေးတဲ့ ငါ့ချစ်ကမ္ဘာလေး ပြိုကွဲပျက်စီးသွားရတော့မှာလားကွာ''

ကျွန်တော်က ထိုသို့ အစချီကာ အဖြစ်အပျက်အလုံးစုံကို ခပ်ရှက်ရှက်နှင့်ပင် ပြောပြလိုက်လေသည်။

''ကျွတ် မင်းဟာလေ၊ အတန်တန်သတိပေးနေရက်နဲ့ ဖြစ်ရတယ်ကွာ''

''အေးလေ ညီရာ၊ အားလုံးအိုကေနေတဲ့ဥစ္စာ၊ မင်းအူကြောင်ကြောင် မလုပ်နဲ့လို့ မှာနေတဲ့ကြားက''

မျက်ဝန်းကတော့ ဘာမျှဝင်မပြော။ မေးစင်းနေသောသူ့မျက်လုံးများနှင့် စကားပြောသူများကို လိုက်ကြည့်နေ၏။

''ငါ ဒီလိုကောင်မျိုး မဟုတ်ဘူးကွ''

''အဲဒါ ငါတို့သိသားပဲ၊ မဟူရာလည်း သိတာပဲ၊ သိလို့ မင်းကို မီးစိမ်းပြတာပေါ့ ညီရ''

''ဒါပေမယ့် အခုကိစ္စက လက်ဆုပ်လက်ကိုင် ယင်ကောင်မပြနိုင်တာ မင်းအတွက် တော်တော်ဆိုးသွားတယ်ကွ''

''မင်း တော်တော်ခက်တာပဲ ညီ၊ မဟူရာ မဟုတ်ဘဲ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တခြားမိန်းကလေးသာဆို အဲဒီနေရာမှာပဲ မင်း ပါးကွဲမလား၊ အချုပ်ထဲတန်းရောက်မလား တစ်ခုခုပဲ''

ကျွန်တော် စိတ်ပျက်ပျက်နှင့် ဖန်ခွက်ကို ကောက်မော့လိုက်ပြန်သည်။

''ငါလည်း အဲ့ဒါကြောင့် မျက်နှာပူပြီး ကျောင်းမလာဘဲ နေလိုက်တာ၊ ငါ မဟူရာ့ကို ရင်မဆိုင်ရဲဘူးကွာ''

''ဟာ ဘာဆိုင်လို့လဲ၊ မင်း မှားတယ်ဆိုပေမယ့် တမင်လုပ်တဲ့အမှားမှ မဟုတ်တာ''

''ရှောင်နေရင် ပိုဆိုးမှာပေါ့ ညီ''

''ငါ ရှင်းပြတာ သူ လက်မခံဘဲ အကြီးအကျယ် စိတ်ဆိုးသွားတာကွ'

''ဒါတော့ ရုတ်တရက်ဆိုတော့ ဘယ်မိန်းကလေးမဆို ဒီကိစ္စကြီးကို စိတ်ဆိုးကြမှာပဲ၊ အဲ့ဒါကို ကိုယ်က သူ ကျေနပ်တဲ့ထိ တောင်းပန်၊ လိုက်ချော့ရမှာပေါ့''

''အဲဒီအတွက် ဒီနေ့ ငါ အားမွေးနေတာပါကွာ''

ကျွန်တော့်အသံက တကယ်ပင် သနားစရာကောင်းနေ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မုန်းကျွန်တော်ကိုယ်တိုင်သိနေသည်။ [illegible]

"မိတိုးနဲ့ ဝေဝေ့ကိုပါ စစ်ကူတောင်း ညည်ဦး [illegible]

[illegible] ပြေလိုသည်ခါနီးမှ ဒီအတိုင်းအရှုံးမပေးလိုက်နဲ့"

ခေါက်ဆွဲကြော်ထုတ်ဆွဲ၍ ကိုကိုမောင် ပြန်ရောက်လာ

သောအခါ ကျွန်တော်အတွေ့ပင်မှုံးနေပြီ ဖြစ်သည်။

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

နောက်တစ်နေ့ကျောင်းသွားဖို့ မဟူရာ့ကို ဘတ်စ်ကား မှတ်တိုင်တွင် အုံစောကြီးစောင့်နေခဲ့သော်လည်း တစ်နာရီကျော် သည်အထိ မဟူရာကား ပေါ်မလာခဲ့ပါ။

သို့နှင့် ...

ကျွန်တော့်ဖာသာ တစ်ယောက်တည်းပဲ ကျောင်းကို ထွက်လာခဲ့သည်။ ပထမဆုံး Class လွတ်သွား၏။

မဟူရာ တခြားလမ်းက ဆိုက်ကားစီး၍ ရှေ့တစ်မှတ် တိုင်ကျော်တွင် ကားသွားစီးခြင်းကိုတော့ ကျွန်တော် မသိ။ သူ့အတန်းဘက်သွားကြည့်မှ မဟူရာ့ကို ဝေဝေ၊ မိတိုးတို့နှင့်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ထိုင်နေတာ တွေ့ရသည်။ ကျွန်တော် ခိုးကြောင်ခိုးဝှက်လာတာ ကိုတော့ သူတို့ မမြင်။

ကျွန်တော်သည် တစ်နေ့လုံး အတန်းဖြောင့်အောင် မတက်နိုင်ခဲ့။ မဟူရာ အတန်းထဲကထွက်ပြီး Canteen သွားမှာ တာကိုလဲ ချောင်းရသေးသည်။ သို့သော် မဟူရာကတော့ ထိုင်ရာက မထ။

"ဗိုက်ဆာပြီကွာ"

အရှည်ကြီးက ပြောလာသည်။

"မဟူရာတို့အတန်း သွားခေါ်မယ်ကွာ"

ကျွန်တော်တို့လေးယောက် မဟူရာတို့အတန်းဘက် လာခဲ့ကြသည်။ အတန်းထဲမှာ ဆရာ စာသင် မနေပါ။

ကျွန်တော်တို့ကိုမြင်တော့ ဝေဝေက လက်ကာပြသည်။ ပြီးမှ အတန်းပြင်ထွက်လာ၏။

"Canteen ကို ခေါ်လို့ မရဘူး၊ မနေ့ကလဲ ဘာဖြစ် တာလဲ မေးလို့မရဘူး၊ ကိုညီတို့ ဘာဖြစ်ထားကြတာလဲ"

ဝေဝေ့စကားမဆုံးခင် မိတိုးကပါ ထွက်လာသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မျှော်ရာကတော့ လှည့်၍မျှပင် မကြည့်။

"တမင်မလုပ်တဲ့အမှားတစ်ခု ကိုယ် ကျူးလွန်မိသွားတယ်"

ကျွန်တော့်စကားကြောင့် ဝေဝေနှင့် မိတိုးက မျက်လုံးလေးတွေ ဝိုင်းသွားကြသည်။

"သူတို့ကိုပဲ မေးကြည့်ပါတော့ ကိုယ် ပြော မထွက်ဘူး"

ကျွန်တော်က ပြောပြီး ကော်ရစ်တာ လက်ရမ်းဘက် လှည့်နေလိုက်သည်။ အားလုံးခေါင်းချင်းဆိုင်ကာ တွတ်ထိုးကြတော့၏။

"အဲဒီ ကိုညီဟာလေ"

"တကယ်ပါပဲဟယ်၊ ကဲ"

"ဖျန်း ဖျန်း"

"အ"

ဝေဝေနှင့် မိတိုးက ကျောပေးထားသော ကျွန်တော့်ကျောပြင်ကို ဖျန်းခနဲ ဝိုင်းရိုက်ကြသည်။

"သူ့ကိုဖြင့် မဟာဏက ဒီလောက်အမှတ်ပေးတာ"

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


"အေးလေ၊ ဟိုက ဘယ်ယောကျ်ားမှ ဂရုစိုက်တာ မဟုတ်ဘူး၊ ကိုညီ့ကို မဟူရာက တကယ်အလေးအနက်ထား တာ"

သူတို့ပြောမှ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သတ်သေချင် စိတ်ပေါက်သွားတော့သည်။

"ကယ်ကြပါဦးဗျာ"

"ဖြစ်ပြီ၊ ဖွဲမလျှော့နဲ့၊ ဖြည်းဖြည်းချင်းတောင်းပန်၊ စိတ် ရှည်ရှည်ချော့"

"မဟူရာက ကိုညီ့အပေါ် အလေးအနက်ထားလို့ စိတ် တအားဆိုးတာပေါ့၊ မဟုတ်ရင် သူ ဘယ်ဂရုစိုက်မလဲ"

ကျွန်တော် အားတက်သွားရပြန်သည်။ ဘယ်လောက် ကြာကြာ ကျွန်တော် ချော့မည်။ တောင်းပန်မည်။ မဟူရာ ကျေနပ်သည်အထိ ရှင်းပြမည်။ ကျွန်တော် မဟူရာ့ကို သိပ်ချစ် ပါသည်။

"ဝေဝေတို့လည်း ဝိုင်းပြောပေးမှာပါ"

"အားကိုးပါရစေ၊ ဒီတစ်ခါ အဆာပြေရင် ရှော့ိသနပ်

www.burmeseclassic.com
Scanned by CamScanner

ခါးတုံးကောင်းကောင်းဝယ်ခဲ့ပါ့မယ်''

''သာဘ်ထိုးတာလား''

''မဟုတ်ရပါဘူးဗျာ၊ စေတနာကို တုန့်ပြန်တာပါ''

''အခုတော့ ခဏနေဦး၊ ဝေဝေတို့ အရင်ပြောမယ်၊ မျက်ရိပ်ပြတဲ့အချိန် ကိုညီဖြိုဟသာဝင်ရှင်း''

''ဟုတ်တယ်၊ အခု မဟူရာ တော်တော်စိတ်ဆိုးနေပုံရသေးတယ်၊ ဘာမှ အတင်းအကျပ် သွားမပြောနဲ့''

လောလောဆယ်တော့ ကျေးဇူးရှင်တွေစကားကိုပဲ ကျွန်တော် နားထောင်ရပါမည်။

ကျွန်တော်သည် မဟူရာ့အား အရိပ်လိုစောင့်ကြည့်နေခဲ့ရ၏။

မာနကြီး၍ လှပသော မိန်းမချောလေးမှာ၏ ဒေါသနှင့် အမုန်းသည်ကား ကြောက်စရာကောင်းလောက်အောင်ပင် ပြင်းထန်လှပေ၏။

ကျွန်တော်တွင် မဟူရာနှင့်အတူ ကျောင်းသွား ကျောင်းပြန်ခွင့် ပါမစ်ကလေး ပျောက်ဆုံးနေခဲ့သည်မှာလည်း ကြာပြီ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်တွင် မိန်းမလှအမုန်းကို ဖြိုခွင်းနိုင်သည့် လက်နက်က ရှာမတွေ့သေး။

ကျွန်တော်သည် မည်သူ့အပေါ်ကိုမှ အမှားမလုပ်မိခဲ့ဖူး၍လား မသိ။ တစ်ခါမျှလဲ မတောင်းပန်ဖူးခဲ့ပါ။

"ကိုယ်ပြောတာ နားထောင်ပါဦး မဟူရာရယ်၊ မင်းထင်သလို မဟုတ်ပါဘူး၊ ကိုယ် အဲ့ဒီလောက် အောက်တန်းမကျဘူး၊ ယုံပါကွာ"

ယခု မိန်းကလေးတစ်ယောက်ကို ကျွန်တော် တကယ်မမှားဘဲ တောင်းပန်နေရ၏။

ဒါဆို မတောင်းပန်ဘဲနေလိုက်ပေါ့။

ဒီလိုလည်း မဟုတ်ပြန်။

ကျွန်တော် မဟူရာ့ကို ချစ်သည်လေ။

ကျွန်တော့်မှာ နေ့စဉ် အာပေါက်မတတ်၊ ခြေတိုမတတ် လိုက်ချော့၊ လိုက်တောင်းပန်နေရသည်။

"ခဏလောက် စကားပြောရအောင်ပါ မဟူရာ"

"သွား"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မဟူရာက တစ်ခွန်းတည်း ကုန်းအော်သည်။ ကျွန်တော် တကယ်ပင် လန့်သွား၏။

ဖွဲနဘဲဖြင့် ချည်းကပ်ဖို့ ကြိုးစားနေသော ကျွန်တော့်အား မဟူရာက လုံးဝ အနားအကပ် မခံပါ။

ဒီကြားထဲ ဇာနည်ဆိုသော ငနဲက တစ်မျှောင့်။ မဟူရာ့အနား တဝဲဝဲရစ်ဝဲကပ်လျက်ရှိသည်။

"နွားကွဲရင် ကျားဆွဲတတ်တယ်တဲ့ မဟူရာ"

ကျွန်တော်က မဟူရာ့ကို ခြိမ်းခြောက်သည်။

သို့သော် .....

မဟူရာကား အပုန်းကောင်းလှသလို အမုန်းလည်း ကောင်းလှပေသည်။ မျက်စိဒေါက်ထောက်၍စောင့်ကြည့်နေသည့်ကြားက ဘယ်အချိန်ကျောင်းသွား၍ ဘယ်အချိန်ပြန်မှန်း လုံးဝ မသိရ။

"ခက်တာပဲ၊ ကျွန်မတို့ ဝိုင်းပြောလည်း မရပါလား၊ တော်တော် အသည်းမာတဲ့ မဟူရာ"

ဝေဝေနှင့်မိတိုးကပါ စိတ်ပျက်သံဖြင့် ပြောလာ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"ဓာတ်မြေကြီး ၅၂၈ ဒဏ်ရာကြောင့် ကျော်နိုင်း ထွက်ခဲ့တာ၊ အခု ၁၅၀၀ နှလုံးသားဒဏ်ရာကြောင့် နောက်ထပ် အဝေးကို ပြေးရတော့မှာပေါ့ဗျာ"

ကျွန်တော့်ရဲ့ ဒီစကားတွေက အတော်ထိရောက်သွားပုံ ရသည်။ မဟူရာ့နားကို သူ့သူငယ်ချင်းများမှ တစ်ဆင့်ပြန်ရောက်သွားသည်။ တစ်နေ့တွင် မဟူရာ့အတန်းရှေ့ ကျွန်တော် ရောက်သွားသောအခါ မိတိုးနှင့်ဝေဝေက မျက်ရိပ်ပြကာ အပြင်ထွက်ခဲ့ကြသည်။ နေ့လယ်ထမင်းစားချိန်ဖြစ်သဖြင့် အတန်းထဲ ဘယ်သူမျှ ရှိမနေပါ။

ဝေဝေတို့ အရှည်ကြီးတို့ Canteen ထွက်သွားကြသောအခါ ကျွန်တော်က မဟူရာ့ဘေး ဝင်ထိုင်နေခဲ့၏။

"မဟူရာ"

ဘာလိုလိုနှင့် မဟူရာနဲ့မျက်နှာချင်းဆိုင် စကားမပြောရမတွေ့ရသည်မှာ လေးငါးပတ်တော့ ရှိပြီ။ မနက်ဖြန် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ဦးမည်။ မကြာခင်လည်း စာမေးပွဲဖြေရတော့မည်။ စာမေးပွဲမဖြေခင် မဟူရာနှင့် ချစ်သူဖြစ်ဖို့ အခွင့်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



အရေးမှာ ဝေးရလေပြီ။

"မဟူရာရယ်၊ ကိုယ့်ကို ဒီထက် အာနေခက်အောင် မလုပ်ပါနဲ့တော့၊ ကိုယ့်ရဲ့ မဆင်ခြင်မှုကြောင့် မှားခဲ့ပေမယ့် အဲ့ဒီ အမှားက စေတနာမပါတဲ့ အမှားပါ"

ကျွန်တော် ပြောတာကို နားထောင်ရင်း မဟူရာ့နှုတ်ခမ်းနှစ်လွှာက မသိမသာ ရှုလာသည်။ မကြာခင် မျက်စောင်းထိုးတော့မည်။ ဒီအခါ ကျွန်တော့်အတွက် မီးနီနှင့် မီးစိမ်းကြားက မီးဝါလေးအဆင့် ရောက်လာမည်။

"ထပါ မဟူရာ၊ ကိုယ့်တို့ တစ်ခုခုသွားစားကြရအောင်ပါ၊ ကိုယ့်သိကွာ၊ ကိုယ့်အကျင့်ကို ယုံရင် သွားရအောင်ပါ၊ လာ၊ ထနော်"

ဟော မဟူရာ့မျက်စောင်းလေး ကျွန်တော့်ဆီ ဒိုင်းခနဲ ရောက်လာသည်။ ကျွန်တော် ပျော်ပြီပေါ့။

"ကိုယ် ဆွဲထူပေးရဦးမှာလား မဟူရာ"

"နေပါ"

ကျွန်တော့်စကားအဆုံးမှာတော့ မဟူရာ စကားပြန်ပြော

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


လာသည်။

ဒီအခွင့်အရေးကို ကျွန်တော် လက်လွှတ်ခံ၍ မဖြစ်။

"ကိုယ်က တကယ့်ကို နမော်နမဲ့ နိုင်လွန်းတာပါ မဟူရာရယ်၊ နောက်ကို အဲလို မဖြစ်အောင် ကိုယ် ဆင်ခြင်ပါ့မယ်"

ကျွန်တော့်မှာ အဲဒီနေ့က တစ်နာရီနီးပါး တတွတ်တွတ် တောင်းပန်ခဲ့ရ၏။ ဒါတောင် ကင်တင်းလိုက်ဖို့ခေါ်တာ ချက်ချင်း မရခဲ့ပါ။

အဲဒီအချိန်ကစ၍ ဖြစ်ပြီးခဲ့သော ကိစ္စကို ကျွန်တော် လုံးဝ အစမဖော်တော့သလို မဟူရာကလည်း စကားမဟတော့။

ကျွန်တော်နှင့် မဟူရာတို့၏ အခြေအနေပုံမှန်ပြန်ဖြစ် အောင် ကြိုးစား၍ ရသွားပေပြီ။

သည့်နောက် ....

ယင်ကောင်တွေကို ကျွန်တော် မချစ်တောင် မမုန်းဖို့ တော့ သတိထားရသည်။ မကြည့်မိအောင်လည်း သတိထားရ သည်။ မဖမ်းမိ၊ မရိုက်မိအောင်လည်း ဆင်ခြင်ရသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


တစ်ခါမှာတော့ မဟူရာနှင့်ကျွန်တော် ဘတ်စ်ကားစီးရင်း ထိုင်နေစဉ် ယင်ကောင်တစ်ကောင်က ကျွန်တော့်လက်ဖမိုးမှ လက်မောင်းတစ်လျှောက် လွန်ထိုးသလို တရွရွလျှောက်ကာလမ်းသလားနေ၏။ ကျွန်တော့်စိတ်ထဲ ဖျင်းခနဲဖြစ်ကာ ချက်ချင်းမျက်နှာလွှဲလိုက်သည်။ စိတ်ကို မနည်းထိန်းခဲ့ရသည်။ ရိုက်ဖို့ဖမ်းဖို့မဆိုထားဘိ၊ ကြည့်ပင် မကြည့်တော့။

ထိုအခါ ....

ကျွန်တော် လုံးဝ ထင်မှတ်မထားသော အပြုအမူကို မဟူရာက ပြုလုပ်လိုက်လေသည်။

ကျွန်တော့်လက်တစ်လျှောက် လူးလားခေါက်တုန့်လျှောက်နားနေသော ယင်ကောင်ကို သူမ လက်ညှိုးလေးနှင့်လိုက်တို့ကာ ပျံသန်းစေရန် မောင်းပေးနေ၏။

"မဟူရာက အကောင်တွေကို မသတ်ဘူး၊ ခြင်လဲမရိုက်ဘူး၊ ကြမ်းပိုးလဲ မသတ်ဘူး၊ ပုရွက်ဆိတ်ကိုက်လဲ မခြေမွှဘူး၊ အဟင်း"

ဟုတ်မှာပါလေ။ ဒါ့ကြောင့်လည်း မဟူရာ့ပုံစံလေးက

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



နှုတ်ခမ်းသိမ်မွေ့ကာ အေးဆေးတည်ငြိမ်နေတာ။

ရာသီဥတုသည် မှန်တိုင်းထန်ရာမှ ပြန်လည်ငြိမ်သက်ကာ သာယာလာ၏။

ဒီလိုနှင့် တတိယနှစ်စာမေးပွဲဖြေမည့်နေ့ကို ရောက်လာသည်။

မူလကတော့ ....

စာမေးပွဲနောက်ဆုံးရက်သည် မဟူရာ့ထံမှ ကျွန်တော် ချစ်အဖြေတောင်းမည့်နေ့ဟု ရည်ရွယ်ထားသော်လည်း မမျှော်လင့်ဘဲ ဖောက်ပြန်သွားသော ရာသီဥတုကြောင့် ရက်ရွှေ့လိုက်ရသည်။

ယခုတော့ ....

စာမေးပွဲနောက်ဆုံးနေ့သည် ချစ်အဖြေတောင်းသည့်နေ့ မဟုတ်တော့ဘဲ ချစ်စကားစပြောသည့်နေ့ ဖြစ်ခဲ့ပါသည်။

ကျွန်တော် မဟူရာ့ကို ချစ်တယ်ပ ဖွင့်ပြောလိုက်တော့၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

ကျောင်းပိတ်ရက်များတွင် ကျွန်တော်တို့အားလုံး အတွေ့ရ နည်းသွားကြလေသည်။

ကျွန်တော်နှင့်မဟူရာသည် အိမ်နားနီးသော်လည်း သိပ်မတွေ့ဖြစ်ကြပါ။ မဟူရာ့ကို သတိရလွမ်းတစိုက်ဖြစ်သော်လည်း ပိုင်ပိုင်နိုင်နိုင်ချစ်သူဘဝ မရောက်သေးသောကြောင့် မကြာခဏလည်း တွေ့ခွင့်မတောင်းရဲပေ။

နေနှင့်ဦးပေါ့ကွာဟု စိတ်ထဲကနေ ကျုံးဝါးရင်းဖြင့် ကျိတ်မှိတ် အောင့်အီးနေခဲ့ရသည်။

မအောင့်အီးနိုင်လွန်းတဲ့နေ့ မဟူရာ့ အိမ်ကို တစ်ခုခု

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



အကြောင်းရှာကာ သွားတွေ့ခဲ့သည်။

မဟူရာ့မေမေသည် ကျွန်တော် သွားလည်သည့်အခါ ရွှေဘိုသနပ်ခါးနှင့် အညာထန်းလျက်များ စားရခဲ့ကြောင်း ပြောတတ်၏။

"လူကြုံရောက်လာရင် ကျွန်တော်မှာလိုက်တာတွေ ပါလာမှာ အန်တီ၊ အဲဒီအခါမှ စားတော့နော်"

ဆန်စက်၊ ဆီစက်သူဌေးသား၊ အညာသားလူရိုးလူအေး ကျွန်တော့်အား အန်တီသည် ချစ်ခင်ဟန်ပြုပါ၏။

အန်တီလစ်လျှင်လစ်သလို ကျွန်တော်က မဟူရာ့အား

"ကိုယ် တကယ် မယုံတူး၊ ကိုယ် ယုံအောင် မြန်မြန်ပြန် ချစ်ပါလားကွယ်"

"အံမယ်၊ အညာသား ကိုလူလည်ကြီး၊ မယုံနေပေါ့"

မဟူရာ မလှုပ်တလှုပ်ပြောနေသောကြောင့် ကျွန်တော့် အသည်းထဲရင်ထဲ ကလိကလိဖြစ်နေရသည်။

နေနှင့်ဦးပေါ့ မဟူရာရယ်။

ကျွန်တော် ထိုသို့ မကြာခဏကြိမ်းမောင်းကာ...

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ကိုသာ မဟူရာသိပါက ဘယ်လောက်ကြွက်သီးထလိုက်လေမလဲ မသိ။

''အဖြေပေးလိုက်ပါလား မဟူရာ၊ ကိုယ် ဘယ်သူ့မှ ပြန်မပြောပါဘူး၊ တကယ်ပါ''

ကျွန်တော့်စကားကြောင့် မဟူရာက ရယ်သည်။ ပြီးမှ

''ကျောင်းဖွင့်တဲ့နေ့''

ဟု ခပ်တိုးတိုး ပြောခဲ့လေသည်။

ထိုနေ့က ကျွန်တော် မြောက်ကြွ မြောက်ကြွဖြင့် ပြန်လာခဲ့သည်။ ဘဝင်လေဟပ်သောအခါ ဘယ်လိုနေသည် မသိသော်လည်း ခုတော့ ကျွန်တော့်ဘဝင်ကို မှန်တိုင်းတိုက်ခံခဲ့ရသည်။

မေလကျောင်းဖွင့်ရက်သို့ ရောက်လာတော့ တက္ကသိုလ်ကြီးသည် ကျွန်တော့်မျက်စိထဲ ပိုလှနေသလား အောက်မေ့ရ၏။

ကျောင်းမရောက်ခင် ဘတ်စ်ကားပေါ်ကတည်းက

''ဒီနေ့တော့ ဘယ်မှ ပြေးမလွတ်ပါဘူး''

ဟု မဟူရာ့နားနားတိုးတိုးကပ်ပြောသောအခါ မဟူရာက ရယ်နေရင်းမှ သူ့အောက်နှုတ်ခမ်းလေးကို ဖိကိုက်သည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ပြီးလျှင် သူ့လက်ကလေးတစ်ဖက်က ကျွန်တော့်တံတောင်ကွေးကို လာကိုင်သည်။

"ဒါဆို ရပြီလား ကဲ"

D J ခေတ်ကြီးထဲတွင် ကျွန်တော် ဒီလောက် မအပါ။ မဟူရာပေးသည့် ချစ်အဖြေကို ကျွန်တော်ရပြီပေါ့။

"ဝေး ဟေး"

"ဟာ ကိုညီနော်၊ မအော်နဲ့လေ၊ မဟူရာ ရှက်တယ်"

ကျွန်တော် သတိထား၍ ဘရိတ်အုပ်လိုက်ရသည်။ ကျောင်းထဲရောက်တော့ လက်ချင်းတွဲ၍ ဝင်လာသော ကျွန်တော်နှင့် မဟူရာကို သူငယ်ချင်းများအားလုံးက သံဘောပေါက်ကြပါလိမ့်မည်။

"ကျောင်းထဲမှာ မျက်စိနောက်စရာ အတွဲတစ်တွဲ တိုးပြန်ပြီ"

အရှည်ကြီးက မကြားတကြားပြောသည်။ ဘာပြောပြော ကျွန်တော်ကတော့ ပျော်နေသည်။

ကျွန်တော် မဟူရာ့လက်ကို ပိုင်နိုင်စွာဆွဲ၍ မော်ကြွား

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


နိုင်ပြီ။ Canteen တွင် ထိုင်ကြသောအခါ မပြောင်းလဲသော ဇာနည်သည် မပြောင်းလဲသော အပြုအမူအတိုင်း မဟူရာတို့ စားတဲ့အတွက်သာ ပိုက်ဆံကွက်ရှင်းမြဲဖြစ်၏။

"မလိုတော့ဘူးလေ သူငယ်ချင်းရဲ့၊ အခု မဟူရာက ကိုယ့်ချစ်သူဖြစ်နေပြီ၊ ကိုယ့်ချစ်သူစားတာ ကိုယ်ပဲရှင်းမှာပေါ့၊ စိတ်မရှိပါနဲ့"

ကျွန်တော့်စကားကြောင့် ဇာနည့်အပြုံးသည် ခပ်မဲ့မဲ့ဖြစ်သွား၏။ သို့သော် ....

ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို လက်ဆွဲနှုတ်ဆက်ကာ 'ဂုဏ်ယူပါတယ်'တွေ ဘာတွေ လုပ် မလာပါ။ ဇာနည်သည် အချိန်တန်တော့လည်း သူ့ဟာသူ နောက်ဆုတ်သွားပါလိမ့်မည်။ ဒီလိုပဲ ကျွန်တော် တွေးထင်ထား၏။

ကျွန်တော်တို့အားလုံး ငယ်ကြသေးသည်ဟု ဆိုနိုင်သော်လည်း မကြာခင်ကျောင်းပြီး ဘွဲ့ရကြတော့မည်ဖြစ်၍ မငယ်ကြတော့ဟုလည်း ဆိုနိုင်ပါသည်။

ဒီတစ်နှစ်သည် ကျွန်တော်တို့နောက်ဆုံးနှစ်ကျောင်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သားများအတွက် ကျောင်းတော်ကြီးကို နှုတ်ဆက်သည့်နှစ်ဟု ဆိုနိုင်ပါသည်။

''ကိုယ် စိတ်ကူးပေါက်ပြီး၊ ဇာတိမြေကနေ ထွက်လာခဲ့တာ အရမ်းမှန်သွားတယ်နော်''

''ဘာဖြစ်လို့''

''မဟူရာနဲ့ တွေ့လို့ပေါ့၊ ထွက်လာတာ နောက်တောင်ကျသွားတယ်၊ တကယ်အံ့ဩဖို့ကောင်းတဲ့ ရေစက်ပဲနော်''

''အင်း''

''ကိုယ့်ကို ပြန်ချစ်တဲ့အတွက် ကျေးဇူးတင်ပါတယ် မဟူရာရယ်၊ အဲ့ဒီကျေးဇူးကို တစ်သက်လုံးမသေမချင်းဆပ်ပါ့မယ်''

''အားနာစရာရှင်''

''အားမနာပါနဲ့မဟူရာ၊ ကိုယ့်လုပ်စာကိုလည်း တစ်သက်လုံးစားရမှာပါ၊ သိလား''

''ဟင်း ဟင်း ဟင်း ဟင်း''

မဟူရာ့ရယ်သံလေးက ကျွန်တော့် နှလုံးသားထဲကို တစိမ့်စိမ့် တညိမ့်ညိမ့်စီးဝင်သည်။ သာယာလိုက်သည့် ရယ်သံ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

လေး။

"အညာမှာ မိန်းမနဲ့ကလေးတွေ ဘာတွေတော့ မကျန်ခဲ့ပါဘူးနော်"

"ဘယ်ကလာကျန်ခဲ့ရမှာလဲ မဟူရာရဲ့၊ ဆယ်တန်းအောင် ကတည်းက ကိုယ့်မှာ ရည်းစားထားချိန်တောင် မရခဲ့ဘူး"

"ဘာဖြစ်လို့"

"ဆိုးတေနေတာလေ"

"ခု လိမ္မာပြီလား"

"အင်း၊ မိန်းမယူတော့မှာမို့ လိမ္မာနေပြီ"

"ဟွန်း၊ စကားပြောတာ သိပ်တင်စီးတာပဲ၊ နောက်ဆို ကိုညီ့ဖေဖေကို မကောင်းမမြင်နဲ့တော့နော်"

"ယောက္ခမကြီးကို စိုးရိမ်တယ်လား၊ အား နာတယ် မဟူရာရဲ့"

မဟူရာက ကျွန်တော့်လက်ကို သေးသေးလေးဆိတ်သည်။ ဘယ်လိုနာအောင်ဆိတ်တတ်သည့် လက်ကလေးမှန်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



လည်း မသိ။

မဟူရာ့လက်ကလေးကို ကျွန်တော်ဆွဲယူလိုက်သည်။ လက်ဖနောင့်တစ်လျှောက် စိမ်းမြနေသော အကြောစိမ်းလေးများကို တွေ့နေရသည်။

ဒီလိုနှင့် ....

ပြက္ခဒိန်စာရွက်များက နောက်ဆုံးနှစ်စာသင်ရက်များကို ခဏလေးနှင့် တဖြုတ်ဖြုတ်ဝါးမျိုပစ်လိုက်၏။

မည်သို့ပင်ဖြစ်စေ ကျောင်းတက်ရက်များ မြန်မြန်ကုန်သွားတော့လည်း ကျွန်တော် ဝမ်းမနည်းပါ။

အဘယ်ကြောင့်ဆိုသော် မဟူရာနှင့်မြန်မြန်နီးနိုင်သောကြောင့်ပင်။

ကျွန်တော်နှင့်မဟူရာတို့၏ လျှောက်လှမ်းရမည့်ဘဝခရီးကို မည်သူမျှ ဟန့်တားကန့်ကွက်မည့်သူ မရှိနိုင်ပါ။

စာမေးပွဲကြီးက ကျွန်တော်တို့ကို စောင့်နေစရာမလိုပါ။ ကျွန်တော်တို့ကသာ စာမေးပွဲကြီးရှိရာကို လာနေကြခြင်းဖြစ်၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"မင်း စာမေးပွဲနောက်ဆုံးနှစ်ဖြေမှပဲ ငါ့ရုံးက အရေးပေါ်ခရီးထွက်ဖို့ လိုလာတယ်ကွာ"

"ဟာ ကိုကိုမောင်ကလဲ၊ ရပါတယ်၊ သွားမှာသာ သွားစမ်းပါ၊ ဒါ စတိတ်ကျောင်း မဟုတ်ပါဘူး၊ ကိုယ့်ဘာဝကိုယ် လျှောက်နိုင်တဲ့ အရွယ်ပါဗျ"

ကျွန်တော့်ကို ကလေးများမှတ်နေလားမသိ။ ကိုကိုမောင်က စိတ်ပူစွာပြောသည်။ မသွားမဖြစ်တော့လည်း သွားရတော့သည်ပင်။

[illegible] အခက်အခဲမျှ ရှိမနေပါ။

www.burmeseclassic.com

Scanned by CamScanner

"မင်း စာမေးပွဲနောက်ဆုံးနှစ်ဖြေမှပဲ ငါ့ရုံးက အရေးပေါ်ခရီးထွက်ဖို့ လိုလာတယ်ကွာ"

"ဟာ ကိုကိုမောင်ကလဲ၊ ရပါတယ်၊ သွားမှာသာ သွားစမ်းပါ၊ ဒါ စတိတ်ကျောင်း မဟုတ်ပါဘူး၊ ကိုယ့်ဘ၀ကိုယ်လျှောက်နိုင်တဲ့ အရွယ်ပါဗျ"

ကျွန်တော့်ကို ကလေးများမှတ်နေလားမသိ။ ကိုကိုမောင်က စိတ်ပူစွာပြောသည်။ မသွားမဖြစ်တော့လည်း သွားရတော့သည်ပင်။

ကျွန်တော့်အတွက် မည်သည့်အခက်အခဲမျှ ရှိမနေပါ။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကျွန်တော့်လိုပဲ ကျောင်းသား ကျောင်းသူအတော်များများလည်း အားလုံး ပေါ့ပေါ့ပါးပါးပင်။

သို့နှင့် ....

နောက်ဆုံးနှစ်၏ နောက်ဆုံးနေ့စာမေးပွဲကို ရောက်လာသည်။ ကျွန်တော်တို့က ပရက်တီကယ်ရှိသည်မို့ မဟူရာတို့ထက် တစ်ရက်ပို ဖြေခဲ့ရလေသည်။

''ကောင်မလေးတွေ၊ Canteen ကပဲ စောင့်နေကြနော်''

ဇော်မိုးက လူကြီးလုပ်ကာ မှာသည်။

ကျွန်တော်တို့တစ်တွေ လွယ်အိတ်တွေ အပြင်မှာထား၍ စာမေးပွဲခန်းထဲဝင်သည်။

နောက်ထပ် နှစ်နာရီကျော်လျှင် ကျွန်တော်တို့အားလုံး ဒီတစ်သက်အတွက် ကျောင်းစာမေးပွဲဆိုတာပြီးပြီ။ မပြီးသူတချို့ တလေတော့ ကျန်ချင်လည်း ကျန်ပါမည်။

စာမေးပွဲခန်းထဲက ထွက်တော့ မတွေ့တာကြာပြီဖြစ်သော စိတ်ပေါင်းဆွေပေါင်း ဇာနည်ကို မမျှော်လင့်ဘဲ တွေ့

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

ရသည်။ သူ့မေဂျာလဲ ပရက်တိကယ်ရှိသည်ပဲ။

"Canteen မှာ ဟစ်ခုခုစားရအောင် ညီညီ"

"ဟာ ရတယ် ဇာနည်၊ ကိုယ့်ကို မဟူရာစောင့်နေမှာ"

"ကျွန်တော် မဟူရာ့ကို တွေ့ပါတယ်"

ကျွန်တော်မမေးဘဲ ဘာတွေလာပြောနေမှန်းမသိ။ တော်တော်အာရုံနှောက်စရာကောင်းအောင်လုပ်သည့်လူ။

"သွားမယ် ဇာနည်၊ ကျေးဇူးပဲ"

ဘာကိုတင်မှန်းမသိဘဲ ကျေးဇူးစကား ပြောလိုက်သည်။ ကျွန်တော်တို့အားလုံး Canteen မှာ လူစုံတော့ နဂိုတိုင်ပင်ထားသည့်အတိုင်း ကစားကွင်း၊ Happy World နှင့် ဘုရားသို့ သွားကြသည်။ အားလုံးမောကြတော့မှ ကျွန်တော်က ....

"ကဲ ကိုယ့်အိမ်မှာ လွတ်လွတ်လပ်လပ် သီချင်းဆိုကြ၊ စားကြ သောက်ကြရအောင်၊ ပြန်မယ်"

စားစရာသောက်စရာအစုံအလင်ဖြင့် ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

"တို့တွေနောက်ပိုင်းတွေ့ကြဖို့ သိပ်မလွယ်တော့ဘူးကွ၊

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



အကြောင်းရှိမှသာ တွေ့ဖြစ်ကြတော့မှာ''

''တစ်ယောက်တစ်လှည့် မင်္ဂလာမြန်မြန်ဆောင်ကြ ကွာ၊ ဒါမှ ခဏခဏတွေ့ကြရမှာ''

''ညီနဲ့ မဟူရာ စျေးဦးဖောက်''

''အေး ဟုတ်တယ်၊ ကောင်းတယ်နော် မဟူရာ''

''အံမယ် ကိုညီနော် ဟွန်း၊ သိပ်မဆောင်ချင်ရှာဘူး ထင်တယ်''

''ဆောင်ချင်တာပေါ့ မဟူရာရယ်''

''သွားကွာ၊ ဘာမှန်းကို မသိဘူး''

''ဟော့ ဟော့ မင်းသားက မင်းသမီးနားကို တိုးပါ''

ကျွန်တော်တို့တစ်တွေ ဆူညံနေကြပါသည်။ ကိုကို မောင်ရှိလျှင်လည်း ပျော်မှာပါပဲ။ ''မင်း ကောင်မလေး ခေါ်လာ ပြီးလေကွာ''ဟု မကြာခဏပြောဖူးသည်။

ကျွန်တော်က အကြောင်းမတိုက်ဆိုင်၍ မခေါ်ဖြစ်ခဲ့သလို ယောကျ်ားလေးတွေချည်းနေသောအိမ်မို့ မဟူရာ့ကို ခေါ်ရမှာ အားနာနေသောကြောင့်ပင်။ ကျွန်တော် တို့တစ်တွေစားကြ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


သောက်ကြ စကားပြောကြ၊ သီချင်းဆိုကြနှင့် မိုးမမြင်လေမမြင် ပျော်နေကြသည်။ ထိုအထဲတွင် ကျွန်တော့် အသံသည် အကျယ်လောင်ဆုံးဖြစ်ပေလိမ့်မည်။

"မိတိုးက ပြန်နှင့်ရမှာကွ၊ သူ့အဒေါ်ဆေးရုံတက်နေတာကို ညနေပိုင်း ခဏစောင့်ပေးရမှာ"

လက်ဖက်သုပ်တစ်ဇွန်းခပ်စားရင်း မျက်ဝန်းကပြောသည်။

"မင်း လိုက်ပို့ပေးမှာ မဟုတ်လား မျက်ဝန်း"

"အေး"

သို့နှင့် မျက်ဝန်းနှင့် မိတိုးက အရင်ပြန်နှင့်ကြသည်။

"ဒီည ငါတို့သုံးယောက် မင်းအိမ်မှာပဲ အိပ်ကြမယ်ညီ"

"အေး ကောင်းတယ်၊ ဟော့ကောင် မျက်ဝန်း၊ မိတိုးကိုပို့ပြီးရင် မင်း ပြန်လာခဲ့"

"အေးပါ"

"ငါတို့ပြန်တာနဲ့ နင်တို့ သိပ်သောက်မနေကြနဲ့ဦးနော်"

www.burmeseclassic.com
Scanned by CamScanner

ဝေဝေက ကြိုတင်သတိပေးသည်။ မဟူရာက ....

"ကိုညီနော် ကဲမနေနဲ့"

ဟု တိုးတိုးကပ်ပြော၏။

"ငါနဲ့ အရှည်ကြီး တစ်ပုလင်းပဲ သွားဝယ်ပ့ါမယ်"

ပြောပြောဆိုဆို ဇော်မိုးနှင့်အရှည်ကြီးကပါ ထွက်သွားကြပြန်သည်။ ကျွန်တော်၊ မဟူရာနှင့် ဝေဝေတို့ သုံးယောက်သား ကျန်ခဲ့ကြသည်။

"စားကြ၊ ဟိုကောင်တွေမလာခင် မဟူရာနဲ့ဝေဝေ ကုန်အောင်သာ စားကြ"

ကျွန်တော်တို့ သုံးယောက်သား စကားပြောရင်း စားကြသောက်ကြသည်။

"အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်သာနေနော်"

ပြောပြီး ကျွန်တော်က ရေအိမ်ဝင်ချင်သောကြောင့် အိမ်နောက်သို့ ဝင်လာခဲ့သည်။

မဟူရာနှင့်ဝေဝေက လက်ဖက်သုပ်ပန်းကန်ထဲက ပုဇွန်ခြောက်ကို အလုအယက်ရှာဖွေရင်း ကျန်ခဲ့သည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


"မဟူရာ"

"ဘာလဲ ဝေဝေ"

"ငါတို့ ညီညီ့လွယ်အိတ်ကို ရှာကြည့်ရအောင်"

လက်သုတ်ပဝါကို လှမ်းဆွဲယူရင်း စားပွဲခုံစွန်းတွင် တင်ထားသော လွယ်အိတ်ကိုမြင်၍ ဝေဝေက စပ်စပ်ဆော့ဆော့ ပြောသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မဟူရာရဲ့ နင် တော်တော် ရည်းစား ပါး မဝတာဘဲ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ကိုယ့်ရည်းစားလွယ်အိတ်တို့၊ ဘာတို့ ဆိုတာ ကိုယ်က ပိုင်ပိုင်နိုင်နိုင် နှိုက်ပြုစစ်ဆေးကြည့်ရတယ်"

ဝေဝေက ပြောပြောဆိုဆို မြန်ဆန်စွာပင် ညီညီ့ လွယ်အိတ်ကိုယူကာ မဟူရာ့ကို ပေးလေ၏။

"နှိုက်ကြည့်ဟာ"

မဟူရာတို့နှစ်ယောက် ဘာရယ်မဟုတ် ညီညီ့လွယ်အိတ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကို နှိုက်ရှာကြလေသည်။ ရင်တော့ အခုန်သားပင်။

''ဟယ်''

''အို''

ညိုညိုလွယ်အိတ်ထဲမှ နှိုက်မိ၍ ထွက်လာသောအရာ ဝတ္ထုတွေကြောင့် မိန်းကလေးနှစ်ယောက်မျက်နှာသည် ဖျန်းခနဲ ရဲတွတ်သွားကြ၏။

ညိုညိုလွယ်အိတ်ထဲမှ ထွက်လာသည်ကား သူတို့ ဘယ်လိုမှ ထင်မှတ်မထားသော အရာများ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

ကျွန်တော် အိမ်နောက်မှ ပြန်ထွက်လာသောအခါ ကြက်သေသေလျက်ရှိကြသော မဟူရာနှင့်ဝေဝေ့ကို တွေ့ရလေသည်။

မဟူရာ့လက်တစ်ဖက်တွင် ကျွန်တော့်လွယ်အိတ်ကို ကိုင်ထားပြီး ကျန်တစ်ဖက်တွင်မူ အထုပ်ကလေးများ။

"ဟင်"

ကျွန်တော် သေချာကြည့်လိုက်တော့ ပုတ်သင်ညိုသုံးလေးကောင်ကို တွေ့ရလေသည်။

ဒါတွေ ဒီပစ္စည်းတွေ ဘာလို့ ကျွန်တော့် လွယ်အိတ်ထဲ ရှိနေရပါသနည်း။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


''လူယုတ်မာ''

''ဘာ''

မဟူရာက ဘာမှမေးမြန်းခြင်းမရှိဘဲ ကျွန်တော့်ကို ထိုသို့ ပြောပြီး လွယ်အိတ်ကိုရော၊ အထုတ်ကလေးများကိုပါ ကျွန်တော့်ထံ ပစ်ပေါက်လိုက်၏။

ပြီးလျှင် ....

လေ၏ လျင်မြန်ခြင်းမျိုးဖြင့် အိမ်တံခါးဖွင့်ကာ ဝုန်းဒိုင်း ကျဲ ဆင်းသွားလေတော့သည်။

''မဟူရာ၊ မဟူရာ''

ဝေဝေကပါ အော်ခေါ်ရင်း ပြေးလိုက်သွားသည်။ ကျွန်တော်ကတော့ ကြက်သေသေလျက်။ နားထဲတွင် မဟူရာ၏ လူယုတ်မာဆိုသော စကားကို အထပ်ထပ်အခါခါပြန်ကြားယောင်နေမိသည်။

''တောက်''

ရှက်နာနာခြင်းကြောင့် ကျွန်တော် တောက်တစ်ချက်ကို ကျယ်လောင်စွာခတ်မိသည်။ ကျွန်တော်သည် မဟူရာထင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သလိုမျိုး တစ်ခါမှ မကြံစည်ဖူးခဲ့ပါ။ ဒီပစ္စည်းတွေကလည်း ကျွန်တော့်ပစ္စည်းတွေ လုံးဝ မဟုတ်။

ကျွန်တော် အံကို တင်းတင်းကျိတ်ထားမိသည်။

အရှည်ကြီးနှင့် ဇော်မိုး ပြန်ရောက်လာသောအခါ မှုက်ယွင်းနေသော ကျွန်တော့်မျက်နှာနှင့် အမှုအရာများကြောင့် အံ့သြနေကြသည်။

''ဟော့ကောင် ညီ၊ ဝေဝေနဲ့ မဟုရာရော''

''ပြန်သွားကြပြီ''

''ဟ၊ ဘာဖြစ်တာလဲကွ၊ ငါတို့လာအောင်တောင် မစောင့်ရအောင်၊ ဘယ်လိုဖြစ်ရပြန်တာလဲ''

ကျွန်တော်က ဇော်မိုးမေးတာကို မဖြေဘဲ၊ သူတို့ကို ပြန်မေးလိုက်သည်။

''ဒါတွေ ငါ့လွယ်အိတ်ထဲကို မင်းတို့ ထည့်ထားကြတာလား၊ ဘာလို့ ဒါမျိုး နောက်ရတာလဲ''

ကျွန်တော်က ပုတ်သင်ညိုအထုပ်ကလေးများကို သူတို့ ရှေ့ယောက်ထံ ပစ်ပေါက်ပေးလိုက်၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


''ကြံကြီးစည်ရာကွာ''

''စိတ်ကူးကို မရှိဘူး''

သူတို့နောက်ပြောင်ထားသော မဟုတ်ကြောင်း ပြောကြသည်။

သူတို့ ပြောတာကို ကျွန်တော်ယုံသည်။ သူတို့အားလုံး ကျွန်တော့်ကို အကျိုးယုတ်သည်အထိတော့ မနောက်။

ပြီးတော့ ကျွန်တော့်အပေါင်းအသင်းများထဲမှာ နာဝါသနာပါသူ လုံးဝ မရှိပါ။

''ဒါတွေ မဟုတ်ရာတို့ တွေ့သွားတယ်ဆိုပါတော့''

''ပြဿနာအကြီးစားပဲကွ''

''မင့် ဦးလေးအတွက် ဝယ်ပေးရင်း မင်း မေ့သွားတာများလား ညီ''

ဇော်မိုးက ထင်ကြေးပေးပြန်သည်။

ကျွန်တော် ခေါင်းကိုသာ ခါရမ်းလိုက်မိ၏။

''မေးလို့သာ မေးရတာပါကွာ၊ မင်း ဦးလေးလဲ ဒီလို ...စားမျိုး မဟုတ်ပါဘူး၊ ဆောရီး ညီ''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com

ဖြစ်ပုံက ကျွန်တော်တို့ လူပျိုနှစ်ယောက်တည်းနေသော အိမ်။ ကိုကိုမောင် မရှိတော့ ကျွန်တော် တစ်ယောက်တည်း။ တကယ့်ကို အထင်လွဲစရာဖြစ်သည်။ ကျွန်တော်က ကျွန်တော် နေတဲ့အိမ်ရောက်ဖူးစေချင်တာရော၊ လွတ်လွတ်လပ်လပ် ပျော်စေချင်တာကြောင့် ပထမအကြိမ်အိမ် ခေါ်ခဲ့မိသည်။ တိုက်ဆိုင်စွာ ပြဿနာဖြစ်၏။

ဒီကိစ္စက ကျွန်တော် လုံးဝ မဟုတ်တာ သေချာသော်လည်း မဟုတ်ဘူးဟု ရှင်းပြရမှာကပင် ကျွန်တော့်အတွက် သိက္ခာကျလှပြီ။

ကျွန်တော့်ချစ်သူကိုလည်း ရှင်းပြမှ ယုံမှာ မလိုလားပါ။ ခု ရှင်းပြလို့ရပါပြီတဲ့ ဒီကြားထဲ သူ့ မယုံမကြည်မျက်လုံးများနှင့် ကြည့်လာပါက ကျွန်တော် ခံစားနိုင်မည် မဟုတ်။

မဟူရာ စိတ်နာချင်လည်းနာပါ၊ မုန်းချင်လည်းမုန်းပါ အထင်သေးချင်လည်းသေးပါ။

ကျွန်တော်မဟုတ်သောကိစ္စကိုတော့ မဟုတ်ဘဲနဲ့မရှင်း ပြနိုင်ပါ။ ထို့အပြင် အဲဒီအထုပ်တွေ ကျွန်တော့်လွယ်အိတ်ထဲ

www.burmeseclassic.com
Scanned by CamScanner

ဘယ်ကဘယ်လိုခြေထောက်ပေါက်ပြီး ရောက်နေခဲ့မှန်းလည်း ကျွန်တော် မသိ။ စဉ်းစားလို့လည်း မရ။ A.I.D.S သင်တန်းတွေ ဘာတွေလည်း ကျွန်တော် မတက်ခဲ့မိပါ။

ထို့ကြောင့် ဒီပစ္စည်းတွေ ရလာ စရာအကြောင်းလည်း မရှိ။

''မင်းဘက်မှာ ငါတို့ရှိပါတယ် ညီ''

''အေး၊ ငါတို့ပါ ဝိုင်းရှင်းပြပြောမယ်ကွာ၊ မင်းမဟုတ် ကြောင်း''

''ဘယ်က ရောက်နေမှန်းမှ မသိတာ၊ ဘာရှင်းပြမှာ လဲ''

ထိုညက တကယ့်ကို ကျွန်တော် မူးအောင်သောက် လိုက်ပါသည်။ မနက်ကျ ခေါင်းတွေကိုက်နေ၏။ ကျွန်တော့်ကို ဆေးတွေဘာတွေဝယ်တိုက်ပြီး ဟိုကောင်တွေ ပြန်သွားကြသည်။ နေ့လယ်လောက်ကျတော့ ကိုကိုမောင် ပြန်ရောက်လာ၏။

''မင်း အိုကေတယ် မဟုတ်လား ညီ''

ကိုကိုမောင်က စာမေးပွဲကို မေးခြင်းဖြစ်သည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''ကျွန်တော် မနက်ဖြန်ရွှေဘိုပြန်မယ် ကိုကိုမောင်''

ကျွန်တော်က ကိုကိုမောင့်အမေးကို မဖြေဘဲ ကျွန်တော် ပြောချင်ရာကို ပြောလိုက်သည်။

''ဟာ နေစမ်းပါဦးကွ၊ မြန်လှပါလား''

''စာမေးပွဲတွေ အောင်အောင်ဖြေပြီးပြီလေ၊ ကျွန်တော့် တာဝန်ကျေပြီပေါ့''

ပြောင်းလဲသွားသော အခြေအနေကို နားမလည်ရှာသော ကိုကိုမောင်ကတော့ ကျွန်တော့်ကို အံ့သြနေ၏။

''ပြန်ချင်လဲ ပြန်ကွာ၊ မင်းအဖေကိုလည်း ဂရုစိုက်ဦး''

ကျွန်တော့်ဆုံးဖြတ်ချက်သည် ခုနေတော့ ဘယ်အရာကမှ ပြောင်းလဲလို့ရမည် မဟုတ်။ မဟူရာကလွဲလျှင်ပေါ့။

သို့သော် ....

မဟူရာ့မျက်ဝန်းတွေကို ကျွန်တော် ကြောက်ပါ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

ကျေးရူးဆပ်ဖို့မလိုဟု ကျွန်တော့်ဖာသာယူဆ၍ စွန့်ခွာခဲ့သော မွေးရပ်မြေကို ကျွန်တော် ပြန်ရောက်ခဲ့ရပြန်ပါပြီ။

အညာမြေ၏ ဖုန်နံ့တသင်းသင်းကို ရှူရှိုက်ရင်း၊ တမာပွင့်တွေကိုငေးရင်း၊ ကျင်လည်ခဲ့ ့သော မူးမြစ်ရိုး၊ မဟာနန္ဒာကန်တော်၊ လည်ပတ်ခဲ့ဖူးသော သီးကုံး၊ ဆိတ်ခွန်၊ ကန်တစ်ရာ၊ သီပုတ္တရာရွာဝန်းကျင်များနှင့် ထန်းတောများသည် အသည်းကွဲသမား ကျွန်တော့်ကို ပြောင်လှောင်နေကြ၏။

၅၂၈ ဆိုသော မေတ္တာသောကမီးကြောင့် ကျွန်တော် ရမ်ကုန်မြေကို လေလွင့်ခဲ့ရသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ယခုတစ်ခါ ၁၅၀၀ ဆိုသော ကိလေသာအုပ္ပမီးကြောင့် ရန်ကုန်ကနေ ဇာတိကို ပြန်ပြေးခဲ့ရပြန်ပါသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"သား ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ ဖေဖေ့ကိုပြော၊ သားဆန္ဒမှန်သမျှ ဖေဖေလိုက်လျောမှာပဲ"

ဖေဖေ့အသံနှင့် ဖေဖေ့စကားကြောင့် ကျွန်တော် မျက်ရည်ကျသည်။ ကျွန်တော် ဖေဖေ့ကို ဖက်ငိုမိပြီ။

ကျွန်တော့်ငိုသည်က ဖေဖေ့ကို သနားသောကြောင့်လား၊ နှလုံးသားခံစားချက်ကြောင်းလား၊ ဒါမှ မဟုတ်၊ နှစ်ခု စလုံးပေါင်း၍ ငိုမိတာလည်း ဖြစ်နိုင်သည်။

ကျွန်တော့်ကို ချော့မြူပွတ်သပ်ရင်း ဖေဖေကိုယ်တိုင်ပါ မျက်ရည်လည်ရှာ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

''ကျွန်တော် ဖေဖေ့စကားကိုပဲ နားထောင်မယ်''

ကျွန်တော်သည် ဘယ်တုန်းကမျှ မိဘကို နင်ပဲသေ ပြန်မပြောခဲ့ဖူးပါ။ သို့သော် ဟိုတုန်းက ဖေဖေ့စကားကိုတော့ လုံးဝ မနားမထောင်ခဲ့။ အခုတော့ ဖေဖေ့ကို စိတ်ချမ်းသာ စေရမည်။

''ဒါဆို သားကို ဖေဖေ မိန်းမပေးစားမယ်''

''ယူမယ်''

ဖေဖေသည် ပြောင်းလဲသွားသော ကျွန်တော့်ကြောင့် အပျော်ကြီးပျော်နေရှာသည်။ ဖေဖေ့မိန်းမလေးသည် ကျွန်တော် ထင်ထားသလိုမျိုး မဟုတ်။

ဖေဖေ့ကို ဂရုစိုက်သည်။ ကျွန်တော့်အောက်အငယ်တွေ ကို ဂရုစိုက်သည်။ စားကောင်းသောက်ဖွယ်များကို ချက်ကျွေး သည်။ အိမ်ကို ပြောင်လက်သန့်ရှင်းစေသည်။ ငွေကို အပိုသုံး တာမျိုး လုံးဝ မရှိ။

ကျွန်တော်မြင်သမျှ အပြစ်ပြောစရာ မရှိ။ ဟိုးအရင်က ကျွန်တော် မကြည့်၍ မမြင်ခဲ့ခြင်းသာ ဖြစ်သည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"ငါ့သား နားနားနေနေ နေပါဦး၊ အလုပ်လုပ်ဖို့ အရေးတကြီးမလိုသေးတဲ့အတွက် ဖြည်းဖြည်း စဉ်းစားကြတာပေါ့"

ဖေဖေ မနားခိုင်းလည်း ခု လောလောဆယ်မှာတော့ ကျွန်တော် ဘာမှ လုပ်နိုင်ဦးမည် မဟုတ်။ ရန်ကုန်မှ ပြန်ရောက်လာပြီးနောက် ကျွန်တော့်တွင် အသည်းနှလုံးရော၊ ခွန်အားပါ ပြန်ပါမလာခဲ့တော့။

အရာရာကို မေ့ထားချင်သော်လည်း ထိုအရာများက အိပ်မက် မဟုတ်ခဲ့၍ မေ့ဖို့တော့ လွယ်မည် မထင်။ ကျွန်တော်သည် မဟူရာ့ကို ပေါ့ပေါ့တန်တန် ချစ်ခဲ့ခြင်းလည်း မဟုတ်။

အခုတော့ ....

ကံကြမ္မာသည် ကျွန်တော့်အပေါ် ဘယ်အညှိုးနှင့်များ ရက်စက်ခဲ့လေသလဲ မသိ။

ကျွန်တော်နှင့် မဟူရာတို့၏ ချစ်ခရီးသည် ဘာမှ မကြာလိုက်။ ချစ်ခရီးက မကြာသော်လည်း မဟူရာ့ကို ကျွန်တော် ရင်နင့်အောင် ချစ်တာကတော့ သေချာသည်။

"သတ္တဝါတွေကို ကြင်နာပါ၊ ယင်ကောင်တွေကို ဖမ်းပြီး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ဘာလို့သတ်နေမှာလဲ ကိုညီရဲ့၊ ဟောဒီလို အသားလေးတို့ပြီး မောင်းထုတ်လိုက်လည်း ရသားပဲ''

အခါများစွာ ပြောခဲ့ဖူးသော မဟူရာ့စကားသံတို့ကို ကြားယောင်ရင်း ကျွန်တော့်ကိုယ်ပေါ် လာနားသည့် ယင်ကောင်ဘိုကို ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုခဲ့တော့ပါ။ မဟူရာပြောသလို လက်ညှိုးလေးမြှင့်အသာတို့ကာ မောင်းနှင်တတ်ခဲ့ပြီ။

ယင်ကောင်ပေါ်သော အညာဖြစ်၍ ယင်ကောင်မြင်တိုင်းသာ မဟူရာ့ကို သတိရမည်ဆိုပါက တစ်ရက်၊ တစ်နာရီ၊ တစ်စက္ကန့်မျှပင် မေ့စရာအကြောင်း မရှိ။

ဩော် .... မဟူရာရယ်။

ခက်တော့ အခက်သားလားကွယ်....။

''မဟူရာ့က ကိုညီ့ကို တော်တော်ချစ်တာ၊ မဟုတ်ရင် သူက အရမ်းမာနကြီးတာ''

မိတိုးနှင့်ဝေဝေက ကျွန်တော့်ကို ထိုကဲ့သို့ မကြာခဏ ပြောဖူးသည်။ ဒီစကားတွေကြားတော့ မဟူရာ့ကို ကျွန်တော် ကျေးဇူးတင်ရင်း ပိုလို့ ချစ်မိခဲ့ရသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"မဟူရာကိုယ်တိုင် ဝေဝေတို့လို ခဏခဏ ပြောရင် ကောင်းသားဗျ"

ထိုသို့ပင် ကျွန်တော် ပြန်နောက်ခဲ့သေးသည်။

ကျွန်တော်ကလည်း မဟူရာ့ကို ချစ်သည်၊ မဟူရာက လည်း ကျွန်တော့်ကို ချစ်သည်။

ကျွန်တော် ချစ်သောမဟူရာ့ကို ထိခိုက်နစ်နာစေဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့။ သို့ဖြစ်ပါလျက် မဟူရာသည် ကျွန်တော့်အချစ်နှင့် ကျွန်တော့်သိက္ခာကို မယုံမကြည်ဖြင့် စော်ကားခဲ့ဖို့တော့ မကောင်း။

ရက်စက်တယ် မဟူရာရယ် ....။

ဖြေရှင်းမရတဲ့ ပုစ္ဆာတစ်ပုဒ်ကို အချိန်ကုန်ခံ၍ တွက် လို့ရချင်ရမည်မှန်သော်လည်း ကျွန်တော့်အဖြစ်က ပုစ္ဆာတစ်ပုဒ် မဟုတ်သည့်အတွက် ခက်သည်။

"ဦးကြီး၊ ညီ ပြန်ရောက်နေပြီဆို"

"အေးကွ၊ လာကွလေ ထိုင်ကြဦး။ မင်းတို့ သူငယ်ချင်း အခန်းထဲမှာ အိပ်နေသလား မသိဘူး။ ခရီးပန်းလာတယ်

www.burmeseclassic.com

Scanned by CamScanner

ထင်တယ်''

ကျွန်တော် ရောက်နေတယ်ဆိုတာသိ၍ တစ်မြို့တည်း နေ၊ တစ်ရပ်ကွက်တည်းသား ငယ်သူငယ်ချင်းများ ရောက်လာကြသည်။

နိုင်ဇော်အောင်၊ သိန်းလွင်နှင့် ဝင်းမောင်တို့ဖြစ်သည်။ ဟိုအရင်က ကျွန်တော်နှင့် တေဖော်တေဖက်၊ ဆိုးဖော်ဆိုးဖက် သူငယ်ချင်းတွေ ဖြစ်ကြသော်လည်း သူတို့က ကျွန်တော့် လောက်တော့ မမိုက်။ စာမေးပွဲကို တစ်နှစ် တစ်တန်းတော့ အောင်ကြသေးသည်။

ယခု ဘွဲ့ရပြီး အလုပ်ကိုယ်စီနှင့်ဖြစ်နေကြပြီ။ နိုင်ဇော် အောင်ဆိုလျှင် မိန်းမရ၍ ကလေးပင်ရနေပြီဖြစ်၏။

''ဟော့ကောင် ညီ၊ မင်း လိမ္မာနေပြီဆို''

သိန်းလွင်က အသံဝါကြီးနှင့် တစ်လုံးတစ်ခဲကြီးမေး သည်။

ဝင်းမောင်က .....

''ရန်ကုန်ဂိုက်တွေ ဘာတွေဖြစ်လာတော့ မင်း အရမ်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



သားနားသွားတယ် ညီ''

''အေးပါကွာ၊ အေးပါ၊ မင်းတို့ စားချင်သောက်ချင်တာ ငါ ဝယ်ကျွေးပါ့မယ်၊ စားချင်တဲ့ဆိုင်သာ ပြောကြပါ''

''ငါတို့မြို့က ဆိုင်တွေအားလုံး စားဖူး၊ သောက်ဖူးတာပဲ၊ ရန်ကုန်ပြန်လက်ဆောင်ပဲ ရချင်တာကွ''

''အေးလေ၊ ရန်ကုန်က နာမည်ကြီးရွှေပုဇွန်ကိတ်လေးဘာလေးများ မပါဘူးလား ညီရ''

''ငါက စာမေးပွဲဖြေပြီးပြီးချင်း ချက်ချင်းထပြန်လာတာဆိုတော့ ဘာမှကို မဝယ်ခဲ့နိုင်တာ သူငယ်ချင်းတို့ရေ''

''မင်းက ဘာလို့ ချက်ချင်းပြန်လာရတာလဲ၊ သေချာလည်ပတ်၊ ဝယ်ခြမ်းပြီးမှ ပြန်လာပါလားဟ''

''ငါ အဖေ့ကို အိပ်မက်မက်ပြီး စိုးရိမ်တာနဲ့ချက်ချင်းထပြန်လာတာ''

''ဩော်''

ကျွန်တော်က ပြီးပြီးရောသဘောနှင့်ပါးစပ်ထဲတွေ့ရာ ဖွာ လျှောက်ပြောနေမိသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"မြို့ထောင့်စေတီဘုရားပွဲတောင် စတော့မယ်ကွ၊ မင်းပြန်လာတာအတော်ပဲ ညီ၊ ဘုရားပွဲအမီပဲ"

သူငယ်ချင်းတွေက တက်ကြွစွာပြောနေကြသည်။ ကျွန်တော့်စိတ်ထဲဟွင်တော့ ဘုရားပွဲသည်လည်း ယခင်ကလို ထူးခြားစွာ မဆွဲဆောင်နိုင်တော့ပါ။

ကျွန်တော့်စိတ်သည် စက္ကူတစ်ရွက်ကို လုံးခြေထားသလို ကြေမွနာကျင်နေသည်။

ကျွန်တော့်အချစ်ရေးသည် ယခုလို ပုံစံမျိုးဖြင့် အဆုံးသတ်ရတော့မည်လား။ ကျွန်ုပ်ယောက်သည် မိန်းမတစ်ယောက်ကို လွယ်လွယ်ချစ်တတ်သူမျိုး မဟုတ်။ ထို့ကြောင့် လွယ်လွယ်ဖြင့် မေ့နိုင်သူလည်း မဟုတ်။ တခြားသူများထက် ကျွန်တော့်အချစ်ကံက ဆိုးနေရှာ့သလား။

"မင်းကို ကြည့်ရတာ ရန်ကုန်က ပြန်လာမှတစ်မျိုးပဲ ညီ၊ လိမ္မာလာပေမယ့် တက်ကြွလန်းဆန်းမှုတွေ မရှိဘူး"

နိုင်ဇော်အောင်က ခပ်တွေတွေနှင့် ငိုင်နေသော ကျွန်တော့်ပုံစံကိုကြည့်ပြီး ပြောသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"အေး နိုင်ဇော်အောင်ပြောတာ ဟုတ်တယ်၊ မင်း ဘာဖြစ်လာတာလဲ ညီ၊ ရန်ကုန်မြေက မင်းကို ဘောလုံးတစ်လုံးလို ခပ်နာနာကန် လွှတ်လိုက်သလား"

"ဟုတ်တယ်၊ ဒီကောင် ညီ အထိနာခဲ့တာတော့ သေချာပြီ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

သိပ်ချစ်ကြသည့် ချစ်သူရည်းစားတွေဖြစ်ကြမှတော့ ယခုလို နှစ်ဦးသားဝေးနေကြသည့်အချိန်တွင် သူတင် အထိနာတာ မဟုတ်။ မဟူရာ့ကိုယ်တိုင်လည်း အထိနာခဲ့ရပါသည်။

အထိနာရှာသာမက လွမ်းနာပင် ကျနေရပြီ။ တစ်ခါမှ မချစ်ဖူးခဲ့သော မဟူရာ့နှလုံးသားသည် နေလောင်ပန်းတစ်ပွင့်လို ညှိုးနွမ်းနေပြီး အသည်းကလဲ ဟက်တက်လား၊ ဒေါင်လိုက်လားမသိ ကွဲနေသည်။

ညီညီ့ကို အလွန်အမင်းသတိရစေရန် မဟူရာ့ကို ခြောက်လှန့်နေသောအရာမှာ တော်သလင်းနေအောက်မှ ယင်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကောင်များသာ ဖြစ်၏။ ယခုအချိန်တွင် မဟူရာ့ဒေါသအားလုံး ထိုယင်ကောင်များအပေါ် ပုံကျလျက် တွေ့ရာသချိုင်းတားမဆိုင်း ဆိုသလိုပင် ရိုက်ချလေ့ရှိသည်။ မဟူရာ ဘယ်တုန်းက အကောင် ဘလောင်လေးတွေကို သတ်ခဲ့ဖူးလို့လဲ။

အလွမ်းကို အနာနဲ့ဖြေတဲ့။ ဟုတ်သည်။

ညီညီ့ကို မဟူရာလွမ်းနေသော်လည်း စိတ်ထဲက နာ သည်။ ပြီးတော့ ဝေဝေ့ရှေ့မှာ မဟူရာ့အရှက်တွေ အလဲလဲ အပြိုပြိုကွဲခဲ့ရသည်။ ဘယ်သူငယ်ချင်းကိုမှ ရဲရဲမကြည့်ဝံ့ဘဲ သိမ် ငယ်နေမိ၏။

"ညီညီက နင်ထင်သလိုမျိုးကြီး ဟုတ်မှာ မဟုတ်ပါဘူး မဟူရာရယ်၊ အကြောင်းတစ်ခုတော့ ရှိမှာပါ"

မိတိုးက ပြေရာပြေကြောင်း ထိန်းထိန်းသိမ်းသိမ်းပြော သည်။ ဝေဝေကတော့ နှုတ်ဆိတ်နေ၏။ မဟူရာကိုယ်တိုင် ကတော့ မာနနှင့်အလွမ်းရောယှက်ကာ တလက်လက်တောက်ပ နေသော မျက်ဝန်းတို့ဖြင့် ပြန်လည်ချေပခဲ့သည်။

"အကြောင်းတစ်ခုရှိမယ် ဟုတ်လား။ ဘာအကြောင်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



လဲ၊ အဲ့ဒီအကြောင်းကို သူ ရှင်းပြနိုင်ရင် ရှင်းပြလေ၊ ဘာလို့ ရှောင်ပြေးသွားတာလဲ၊ ဟုတ်ခနဲ့လို့ မဟုတ်လား ဟင်''

ဂျက်မြင်ကိုယ်တွေ့ထဲတွင်ပါသော ဝေဝေသည် ဘာမျှ ဝင်ပြောခြင်းမရှိဘဲ ငြိမ်သက်ကာ စဉ်းစားမြဲစဉ်းစားနေလေ သည်။ သူ့စိတ်ထဲ ညီညွှတ်ကို ဒီဇော်လူစားမဟုတ်မှန်း ယုံတာတော့ ယုံသည်။ သို့သော် ဝေဝေလည်း ရှင်းမပြတတ်။

ထိုမှားယွင်းနေသော အကြောင်းကို ဝေဝေလည်း လက် ဆုပ်လက်ကိုင်သက်သေပြနိုင်သည် မဟုတ်။

''ဘာပဲဖြစ်ဖြစ်ပါယ်၊ နင်တို့နှစ်ယောက်က အပျော်တွဲ ခဲ့ကြတာမှ မဟုတ်ဘဲ၊ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်မှာ စိုးလို့ပါ''

မိတိုးကတော့ အဖြစ်အပျက်ကို လက်လျှော့ပြီး လက်ခံ ချင်ပုံ မရ။

''ငါ မျက်ဝန်းတို့ကို သေချာအောင် တွေ့ပြီး မေးဦး မယ်၊ ဒီကိစ္စ ဒီအတိုင်း မကျေနပ်နိုင်ဘူး''

''နင့်စေတနာကို ကျေးဇူးတင်တယ် မိတိုး၊ ဒါပေမယ့်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အပင်ပန်းမခံပါနဲ့တော့ဟာ၊ ငါ ဒီကိစ္စကို မေ့လို့ရမှာ မဟုတ်ဘူး၊ ပြီးတော့ သူကိုယ်တိုင်ရှင်းပြရင်တောင် ယုံဖို့ခက်နေတဲ့ကိစ္စမှာ ရှောင်ပြေးသွားတဲ့အတွက် ကြားလူဆိုဘာ လိုပါဦးမလား၊ တော်ပါပြီဟာ၊ ငါ အခုကိစ္စထက် ကိုညီ အဲလို ရှောင်ထွက်သွားတာကို ပိုပြီး အသည်းနာတယ် သိလား''

မဟူရာက သူ့ချစ်သူညီညီကို မျက်ရည်တစ်စက်မကျဘဲ ပြတ်သားပြနေခြင်းက ဝေဝေတို့အတွက် အံ့သြစရာမရှိပါ။ အဘယ့်ကြောင့်ဆိုသော် မာနကြီးသော မိန်းမတို့၏ မျက်ရည်ကမြင်ရခဲလှ၏။

''ငါကလေ ပိုင်းဝိုင်းလည်နေတဲ့ယောက်ျားတွေကို တစ်ယောက်မှ ရင်ခုန်စိတ်မလှုပ်ရှားခဲ့ဘူး၊ အပျော်လည်း မတွဲခဲ့ဘူး၊ မပျော်လည်း မတွဲခဲ့ဘူး၊ ကိုညီကို စိတ်ဝင်စားခဲ့တုန်းကလည်း ဟန်မဆောင်ခဲ့ဘူး၊ ငါ့ခံယူချက်က သူလဲလူပျို၊ ကိုယ်လဲအပျိုဆိုရင် ကြိုက်ချင်ကြိုက်မှာပဲ ချစ်ချင်ချစ်မှာပဲ။

ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါချစ်တာ ပွင့်လင်းပေမယ့် သူထင်သလိုမျိုး မဟုတ်ဘူး''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



''အေးပါဟယ်၊ ညီညီကလဲ နင်ထင်သလိုမျိုးမဟုတ်လောက်ပါဘူး မဟူရာရယ်''

''ဒါဆို ဘာလို့ မရှင်းရဲဘဲ ပြေးရတာလဲ''

နောက်ဆုံးတော့ ဂျာအေးသူ့အမေရိုက်နှင့်ဒီဘူတာပဲ ပြန်ဆိုက်နေသည်။

''နောက်ဆို ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောပါနဲ့တော့ဟာ၊ ငါ မကြားချင်တော့ဘူး''

သို့နှင့်ပဲ စကားဝိုင်းကို မရေမရာမတင်မကျဖြင့် အိလယ်လယ်အဆုံးသတ်ခဲ့ရသည်ချည်းပင်။

ဝေဝေနှင့်မိတိုးကိုယ်တိုင်လည်း နှုတ်မဆက်၊ လက်မပြဘဲ ထွက်ခွာသွားသော ညီညီ့ကို တကယ်ပဲ အံ့ဩမိရသည်။ အကျိုးအကြောင်းတစ်ခုခုတော့ ရှင်းပြသင့်သည် မဟုတ်ပါလား။

''ဟဲ့ နင်တို့ ကိုညီနဲ့ အဆက်အသွယ်ရလား''

မဟူရာ့ကွယ်ရာတွင် ဝေဝေက အရှည်ကြီးတို့ကို ညီညီ့သတင်းမေးသည်။

''သစ်စိမ်းချိုး ချိုးသွားတဲ့ကောင်ကို ပစ်ထားလိုက်စမ်း

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com


ပါ၊ မေးမနေနဲ့"

"ဟယ် အရေးထဲ နင်ကတစ်မျိုး အရှည်ကြီးရယ်၊ နည်းနည်းပါးပါး စုံစမ်းပါဦး၊ မေးမြန်းပါဦး"

"သူဦးလေးအိမ် ငါတို့ရောက်ခဲ့ပြီးပါပြီ၊ အကြောင်းစုံလည်း ပြောပြပြီးပါပြီ၊ ဒီကောင် ရှက်ရမ်းရမ်းပြီး ရွှေဘိုပြန်ပြေးသွားတာ"-

"ရှက်ရအောင် သူက ဟုတ်နေလို့လား"

"မဟုတ်လို့ပေါ့ဟာ၊ နင်တို့ အဲဒီလိုတွေ ပြောနေတာ ဟိုက ကြားရင် ဒေါကန်ဦးမယ်၊ သူ့ကို မယုံဘဲ အထင်သေးလို့တဲ့"

"ဒါဆို မဟုတ်ရာ ယုံအောင် ရှင်းပြလေ"

"ဒါတော့ သူ့ Feel နဲ့ သူပေါ့ဟ"

"အဲဒါတွေ သူ့ပစ္စည်း မဟုတ်တာတော့ သေချာတယ် မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ မဟုတ်တာသေချာပေမယ့် ဘယ်ကဘယ်လို ခြေထောက်ပေါက်ပြီး ရောက်လာလဲဆိုတာ သူ့လဲ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မသိဘူးတဲ့၊ အဲဒါ ငါတို့လည်း မသိဘူး''

''အဲဒါ တကယ့်ပြဿနာပဲလေ၊ သူ မရှင်းပြလေ မဟူရာက တင်းလေပေါ့''

''ရှင်းပြနိုင်လဲ မရှင်းပြဘူးတဲ့''

''ဘာဖြစ်လို့လဲ''

''သူ့သိက္ခာနဲ့ အကျင့်ကို ရှင်းပြမ ယုံမှာ သူ မလိုချင်ဘူးတဲ့လေ''

''ဟင်း ခက်လိုက်တာနော်၊ ဘယ်သူ့ကိုမှ ပြောလို့ မနိုင်ပါလား''

''ကိုညီကလည်းဟယ်၊ အကျိုးအကြောင်းလေးတော့ သူငယ်ချင်းတွေကို ပြောပြတိုင်ပင်သင့်တယ်''

''ဒါကတော့ ယောကျ်ားမာနဆိုတာ ရှိသေးတယ်လေ''

''အမလေး ဇော်မိုးရယ်၊ ချစ်သူချင်းမှာ ယောကျ်ားမာနတွေ၊ မိန်းမမာနတွေထားနေစရာလားဟဲ့''

ဝေဝေနှင့်မိတိုးက မာနနှင့်တင်းခံနေသော မဟူရာ့ကိုလည်း သနားသည်။ မဟုတ်တာမလုပ်ဟု ယုံကြည်ထားသော

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ညီညီ့အတွက်လည်း စိတ်မကောင်းဖြစ်ရနေရသည်။

သူတို့အားလုံး ငယ်ပေါင်းကြီးဖော်ကြီးတွေမဟုတ်ကြသော်လည်း တစ်ယောက်အကျိုးကိုတစ်ယောက် လိုလားကာ တစ်ယောက်စိတ်ဆင်းရဲတာကို တစ်ယောက် မမြင်ချင်ကြပါ။

"ဟူး စာမေးပွဲပြီးလို့ မင်္ဂလာပွဲလေးတက်ရပြီး ဝါးရတော့မယ်မှတ်တာ ခုတော့"

"နင်ကတစ်မျိုး အရှုပ်ကြီးရယ်၊ စိတ်ညစ်ရတဲ့အထဲ တကတည်း"

"ကဲ ကဲ စိတ်ညစ်မနေကြနဲ့၊ ဒီပြဿနာကို ငါ ကိုယ်တော်မြတ်ဖြေရှင်းပေးတော်မူမယ်"

ထိုနေ့က ဇော်မိုးစကားကြောင့် သူငယ်ချင်းများအားလုံးအကြည့်က ဇော်မိုးထံ စုပြုံရောက်ရှိသွားကြလေသည်။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"ဟော့ကောင် ညီ၊ မင်းကို ငါတို့ဖုန်းဆက်နေတာ အခါတစ်ရာလောက်ရှိပြီ၊ ဘစ်ခါမှကို မတွေ့ဖူး၊ ဘယ်တွေသွားပြီး ဘာတွေလုပ်နေတာလဲ"

ရွှေဘိုကို ကျွန်တော် ပြန်ရောက်ကတည်းက အိမ်ကပ်ရသည်မရှိဘဲ သူငယ်ချင်းတွေ လာခေါ်လိုက်ပါသွားလိုက်၊ ဟိုရွာသည်ရွာအမျိုးတွေဆီ သွားလည်လိုက်နှင့် နလုံးသားဝေဒနာကို ကုစားနေခဲ့သည်။

"ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ရုတ်တရက်ပြန်သွားတာကတော့ မင်းလွန်တယ် ညီ၊ ငါတို့သူငယ်ချင်းအားလုံး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဟာ မင်းအတွက် အပေါ်ယံခင်တာ မဟုတ်ဘူးကွ''

ဇော်မိုးက ဖုန်းထဲမှနေ ကျွန်တော့်ကို မကျေမချမ်း ပြောသည်။ သူတို့ တော်တော်ဒေါသထွက်နေကြမည်ကို ကျွန်တော် နားလည်ပါသည်။ ကျွန်တော် စိတ်မကောင်းလည်း ဖြစ်မိရ၏။

''ငါ တောင်းပန်ပါတယ်ကွာ၊ သွေးပူနေတုန်းဆိုတော့ လူတိုင်း ဒီလိုပါပဲ၊ တည်ငြိမ်သွားရင် ငါ ပြန်လာမှာပါ၊ ငါ့မှာ လုပ်စရာတွေရှိနေသေးတယ်''

''မဟူရာကတော့ .....''

''အေးပါကွာ၊ ဘာမှမပြောနဲ့တော့၊ ငါ နားလည်တယ်''

ကျွန်တော်က ဇော်မိုးစကားကို ဆုံးအောင် နားမထောင်ဘဲ၊ ဖြတ်ပြောလိုက်သည်။

''အရှည်ကြီးနဲ့ မျက်ဝန်းလဲပါတယ်၊ ဝေဝေတို့ မိတိုးတို့ နဲ့လည်း ငါတို့ တွေ့ဖြစ်ကြတယ်''

''ငါ အားလုံးကို သတိရပါတယ်ကွာ''

''ဟေ့ကောင်၊ အဖြစ်မင်းတစ်ခုခုကိတော့ စဉ်းစားကွာ၊

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ငါတို့သိရင် ဝိုင်းပြီး ရှင်းပြလို့ရတာပေါ့''

''ငါ့မှာ ဘာအဖြစ်မှန်မှ မရှိဘူး''

''မဟုတ်ဘူးလေ၊ ဟိုအထုပ်တွေကိစ္စက တကယ်ပဲ မင်းပစ္စည်းတွေလား''

''ဟေ့ကောင် ဇော်မိုး၊ မင်း မင်းကပါ ငါ့ကို မယုံသင်္ကာနဲ့ သိက္ခာချနေတာလား''

ကျွန်တော် ဖုန်းထဲကနေ ဇော်မိုးကို တအားအော်ပြစ်လိုက်၏။ အပြင်မှာ မျက်နှာချင်းဆိုင်သာဆို ဇော်မိုးကို ကျွန်တော် ဆွဲထိုးမိမည်လား မသိ။

''စိတ်မဆိုးပါနဲ့ သူငယ်ချင်းရယ်၊ တာဝန်အရ မေးရတာပါ အဟီး''

''...............''

ကျွန်တော်က စိတ်ကိုလျှော့ချလိုက်ကာ ဇော်မိုးကို ခပ်တိုးတိုးနှင့် ပက်ပက်စက်စက် ဆဲလိုက်၏။

''ဟေ့ကောင် ညီ၊ မင်းက ပျော့ညံ့လှပါလား၊ကွာ၊ လွယ်လွယ်နဲ့ အရှုံးပေးတော့မှာလား''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


အရှည်ကြီးက လှမ်းအော်သည်။ ဖုန်းကို စပီကာ ဖွင့်ထားလိုက်ပြီး တစ်ယောက်တစ်ပေါက်အော်ပြောနေကြသည်။

"ဒီမှာ ညီ၊ မင်းတို့နှစ်ယောက် နောင်ရေး စိတ်မချအေးမရမချင်း ဇော်မိုးနဲ့အရှည်ကြီးက အသေဖြောင့်မှာ မဟုတ်ဘူးတဲ့ကွ"

စကားနည်းသော မျက်ဝန်းက တစ်ခါတစ်ခါ ယခုလိုပဲ ပိဿလေးနံ့ဘေးပြစ် ပြောတတ်သည်။

"မုန်တိုင်းပြီးရင်တော့ လေငြိမ်မှာပါ၊ အဲဒီအချိန်ထိတော့ ခဏစောင့်ရမှာပေါ့"

"မုန်တိုင်းတော့ ငြိမ်သွားပါရဲ့၊ အရာရာ အလဲလဲအပြိုပြိုနဲ့ ကျန်ခဲ့ရင်ရော"

"ဒါကတော့ကွာ၊ အသစ်တစ်ဖန်ပြန်လည်ဆောက်ရမှာပေါ့၊ မူလအတိုင်း ပြန်ကောင်းမကောင်း ဆိုတာကိုတော့ ကံတရားပဲ"

"ဒီအတိုင်းကြီးတော့ မင်းနဲ့မဟူရာကို အဆုံးသတ်မသွားစေချင်တာ ငါတို့အားလုံးရဲ့စေတနာပဲ၊ မာနကို အတန်အသင့်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တော့ လျှော့စေချင်တယ်''

''အေးကွာ၊ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေကို လက်ခံနိုင်ဖို့ ငါ ကြိုးစားမယ်၊ မဟူရာ့ကို ငါ ချစ်တဲ့အတွက်ရော၊ ယောကျ်ား လေးဖြစ်နေတဲ့အတွက်ပါ မဟူရာ့ကို ချော့မော့ဖို့ ရန်ကုန်ကို အဆင်သင့်တဲ့နေ့ ငါ ပြန်လာပါ့မယ်''

''ဘာလဲ၊ အခါကောင်း ရက်ကောင်းရွေးဦးမှာလား''

''ချစ်မိမှတော့ကွာ၊ ရွေးသင့်တယ်ထင်ရင် ရွေးရမှာပဲ လေ''

''အလာကောင်းပေမယ့် အခါနှောင်းတာမျိုး ဖြစ်မှာ စိုးလို့ကွ''

''မဟူရာက အဲလောက် အပြောင်းအလဲ မမြန်ပါဘူး''

''မဟူရာနဲ့ ပတ်သက်တဲ့သတင်းအချက်အလက်တွေ မင်းဆီကို ငါတို့ မှန်မှန်ပို့ပေးမယ်''

''လောလောဆယ်တော့ ငါဘာမှ မကြားချင်သေးဘူး ကွာ၊ ဒါပဲ နောက်မှ''

ကျွန်တော့်စိတ် ခပ်ထွေထွေဖြင့် ထိုနေ့က ဖုန်းချလိုက်

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



၏။

လျှင်မြန်စွာ ဖြစ်သွားခဲ့သော အဖြစ်အပျက်အခြေအနေကို ခေါင်းအေးအေးနှင့် ကျွန်တော် စဉ်းစားချင်ပါသေးသည်။

''သား နေကောင်းရဲ့လား ညီညီ''

ရွှေဘိုအိမ်ပြန်ရောက်ကတည်းက မျက်နှာမသာယာသော ကျွန်တော့်ကို ဖေဖေက မေးသည်။

''ကောင်းပါတယ် ဖေဖေ''

''ငါ့သား ရန်ကုန်မှာ ရည်းစားလေး ဘာလေးမရခဲ့ဘူးလားကွ''

ဖေဖေ့အမေးစကားကြောင့် ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်း ရုတ်တရက်စဉ်းစားမရဘဲ ခဏတော့ ယောက်ယက်ခတ်သွားသည်။ ပြီးမှ

''ဒါတွေ ပြောမနေချင်ပါဘူး ဖေဖေရာ၊ ကျွန်တော့်အချစ်ရေးက သူများတွေထက် မာယာများပုံရတယ် အဟဲ''

မချိသွားဖြဲရယ်ပြရင်း ဖေဖေ့စကားကို လမ်းလွှဲခဲ့လိုက်၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျွန်တော်သည် သူငယ်ချင်းများနှင့် လည်ပတ်နေတာ မဟုတ်ဘဲ တစ်ယောက်တည်းရှိနေသည့်အခါများတွင် ရွှေဘိုမြို့၏ အထင်ကရဖြစ်သော မဟာနန္ဒာကန်၊ မူးမြစ်ဘေး၊ ဘိလူးမ ပြွန်ထိပ်မှ မန်ကျည်းပင်ကြီးတို့အောက်တွင် သွားထိုင်နေတတ်သည်။

မဟာနန္ဒာကန်ဝန်းကျင်တွင် လေကလေးတဖြူးဖြူး တိုက်ခတ်နေ၏။

သစ်ကိုင်းသစ်ခက်တို့ လေတိုး၍ မြည်သံသည် ကျွန်တော့်နားထဲ မဟူရာ၏ သာယာသော ဆွဲလည်းသံလေးအဖြစ် ကြားယောင်မိသည်။

ခပ်ဝေးဝေးမှ မှုန်ပျပျသာမြင်နေရသည့် အရာဝတ္ထုတို့၏ အရိပ်တွေကို မဟူရာ့အသွင်ပုံစံဖြင့် ကျွန်တော့်အာရုံမှာ မြင်နေရ၏။

ဩော် မဟူရာရယ်။

မင်းဟာ ကိုယ့်နှလုံးသားကို အကြိမ်ကြိမ်နင်းခြေခဲ့ တယ်။ ဒါပေမယ့် ကိုယ့်နှလုံးသားက ပန်းတစ်ပွင့် မဟုတ်တဲ့

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တွက် ကြေမွ မသွားခဲ့ပါဘူး။

ပြီးတော့ ...

မင်း နင်းခြေခဲ့တာကလည်း အချစ်တွေနဲ့ဆိုတော့ ကိုယ့်နှလုံးသားမှာ မင်းနင်းခဲ့တဲ့ အချစ်ခြေရာတွေဟာ အထပ်ထပ် ကျန်ရစ်ခဲ့တယ်လေ။

လေတစ်ချက်အဝှေ့မှာ အညာရဲ့ ဖုန်သင်းနံ့ကို ကျွန်တော် တစ်ချက်ရှူမိလိုက်သည်။

တော်သလင်းမိုးက ရွာလေဦးမည်လား မသိ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

''သူက ဘယ်လိုအကြောင်းပြချက်တွေနဲ့ နှင့်အိမ်ကို ဝင်ထွက်လာတာလဲ မဟူရာ''

မဟူရာတို့သူငယ်ချင်းတွေ အင်းယားကန်ဘောင်မှာ ဘူးသီးကြော်စားရင်း ဇာနည်အကြောင်းပြောနေကြခြင်းဖြစ်သည်။

''ပထမတစ်ခါက လမ်းကြုံလို့တဲ့၊ နောက်တစ်ခါက စာမေးပွဲအောင်စာရင်း ဘယ်တော့ကပ်မယ်ကြားလဲတဲ့၊ နောက် မဟာဆက်တက်ခွင့်ရရင် တက်မှာလားတဲ့၊ ရောက်တတ်ရာရာ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"နှင့်မိဘတွေ ဘာပြောလဲ"

"ဘာပြောရမှာလဲ၊ မေမေက လက်ဆောင်ပေးတာ စိတ်ဆိုးစရာ မဟုတ်ပေမယ့် အန်တီ့မှာ သမီးပျိုရှိတဲ့အတွက် ဒီလိုပေးရင် ပိုးကြေးပန်းကြေးပေးတာလို့ထင်တယ် ပြန်ယူသွားပါ ဆိုပြီး လက်မခံဘူးပေါ့"

"အဲဒီဇာနည်က ပျော့ပျော့နဲ့ တကယ်နံတဲ့ကြောင်ချေး ပဲ၊ နှင် လျှော့မတွက်နဲ့ မဟူရာ"

"အင်း ဒါ့ကြောင့် မေမေ့ကို ငါ အကျိုးအကြောင်းပြော ပြထားရတယ်၊ နောက် လာရင်လည်း ထွက်ညှော်ခံမနေပါဘူး၊ ဟိုတစ်နေ့ကတော့ ငါ သူ့ကို အပြတ်ပြောလိုက်တယ်"

"ဆိုပါဦး"

မဟူရာ့စကားကို အားလုံးက နားစွင့်နေကြသည်။

"သူနဲ့ ပတ်သက်ပြီး ငါ့ သဘောထားက ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်တဲ့အကြောင်းပေါ့၊ ပြီးတော့ ငါ့မှာ ချစ်သူ ရှိတဲ့အကြောင်း"

"သူက ဘာပြန်ပြောလဲ"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ငါ့ ချစ်သူက ဟိုတောသားမဟုတ်လားတဲ့၊ အခု မဟူရာနဲ့ အဆင်မပြေတော့ဘူး မဟုတ်လားတဲ့"

"နေပါဦး၊ နင်နဲ့ကိုညီ အဆင်မပြေတာကို သူက ဘယ်လိုလုပ် သိတာတဲ့လဲ"

မိတိုးစကားကြောင့် မဟူရာအပါအဝင် ကျန်လူများပါ ကြောင်အမ်းသွားကြသည်။ ဒီအချက်က အတော့်ကို စဉ်းစားစရာကောင်းနေ၏။

"ကိုညီနဲ့ အဆင်မပြေတာနဲ့ပဲ သူ့ကို ကြိုက်ရတော့မလား"

"နောက်ဆို ဖာနည်လာရင် ထွက်ကွေ့စရာအကြောင်း မရှိပါဘူး၊ ပက်ပင်းဆုံရင်တော့ အလိမ္မာနဲ့ ရှောင်ထွက်ရမှာပဲ"

"နွားကွဲရင် ကျားဆွဲတတ်တယ်ဆိုတာ ဒါပြောတာနေမှာ"

"မျက်ဝန်း၊ နင်ဟာလေ၊ စကားမပြော မပြောနဲ့ ပြောလိုက်ရင်လည်း တစ်တစ်ခွခွကြီးပဲ"

ဝေဝေက မျက်ဝန်းကို မျက်စောင်းထိုးရင်း ပြောသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မဟူရာကတော့ တွေးကာ ငေးသွား၏။

"ဟုတ်ပြီ၊ ငါ အခု စဉ်းစားမိပြီ"

အရှည်ကြီးက စကားဝိုင်းနှင့် ဘာမှ မဆိုင်သောစကားကို ကောက်ခါငင်ကာ ရုတ်တရက်ပြောချလိုက်သည်။

"ဘာလဲ အရှည်ကြီး"

"စာမေးပွဲနောက်ဆုံးနေ့က ဒီကောင် ဇာနည်၊ ညီနဲ့ ငါတို့စာမေးပွဲခန်းရှေ့က ကော်ရစ်ဒါမှာ ရစ်ဝဲရစ်ဝဲလုပ်နေတာ ခုမှ မသင်္ကာလာသလိုပဲ"

"အေးဟ၊ ဟုတ်ပြီ ဟုတ်ပြီ မဟူရာ၊ နင် ပြန်စဉ်းစားကြည့်စမ်း၊ အဲဒီနေ့က Canteen မှာ ဇာနည်လာပြောသွားတဲ့ စကားတွေက ဘာကို ဆိုလိုတာလဲ မသိဘူး"

ဝေဝေ့အပြောကြောင့် စာမေးပွဲဖြေပြီး နောက်တစ်နေ့ ကျောင်းထဲမှာ ဇာနည်နှင့် တွေ့ခဲ့တာကို မဟူရာ ပြန်အမှတ်ရလာသည်။

"ဘာတွေပြောသွားတာလဲ ဝေဝေနဲ့မဟူရာ၊ သေချာ ပြန်စဉ်းစားကြည့်စမ်း"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မဟူရာကတော့ တွေးကာ ငေးသွား၏။

"ဟုတ်ပြီ၊ ငါ အခု စဉ်းစားမိပြီ"

အရှည်ကြီးက စကားဝိုင်းနှင့် ဘာမှ မဆိုင်သောစကားကို ကောက်ခါငင်ကာ ရုတ်တရက်ပြောချလိုက်သည်။

"ဘာလဲ အရှည်ကြီး"

"စာမေးပွဲနောက်ဆုံးနေ့က ဒီကောင် ဖာနည်၊ ညီနဲ့ ငါတို့စာမေးပွဲခန်းရှေ့က ကော်ရစ်ဒါမှာ ရစ်ဝဲရစ်ဝဲလုပ်နေတာ ခုမှ မသင်္ကာလာသလိုပဲ"

"အေးဟ၊ ဟုတ်ပြီ ဟုတ်ပြီ မဟူရာ၊ နင် ပြန်စဉ်းစားကြည့်စမ်း၊ အဲဒီနေ့က Canteen မှာ ဖာနည်လာပြောသွားတဲ့ စကားတွေက ဘာကို ဆိုလိုတာလဲ မသိဘူး"

ဝေဝေ့အပြောကြောင့် စာမေးပွဲဖြေပြီး နောက်တစ်နေ့ ကျောင်းထဲမှာ ဖာနည်နှင့် တွေ့ခဲ့တာကို မဟူရာ ပြန်အမှတ်ရလာသည်။

"ဘာတွေပြောသွားတာလဲ ဝေဝေနဲ့မဟူရာ၊ သေချာ ပြန်စဉ်းစားကြည့်စမ်း"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"နေဦး၊ ဇာနည်ပြောသွားတာကို ငါမှတ်မိသလောက် ပြောရရင် မဟူရာတဲ့၊ ယောကျ်ားဆိုတဲ့အမျိုးက ယုံရတာ မဟုတ်ဖူးတဲ့၊ ကိုယ်က ယောကျ်ားချင်းဆိုတော့ မြွေမြွေချင်း ခြေမြင်တယ်တဲ့၊ သွားသတိ လာသတိနော် မဟူရာတဲ့"

ထိုကဲ့သို့ မဟူရာတို့နားမလည်နိုင်သော စကားမျိုးတွေကို အဆက်မစပ်မရှိ လာပြောခဲ့ခြင်းဖြစ်သည်။

"ဒါဆို ဒါ ဟိုကောင် ဇာနည့်လက်ချက်ပဲဖြစ်ရမယ်"

"ဟုတ်တယ်၊ အဲ့ဒီနေ့က ဒီကောင် တရစ်ဝဲဝဲလုပ်နေတာပဲ"

"ဇာနည့် Hand Phone နံပါတ် ပေးဟာ၊ ဒီကောင့်ကို ရှာပြီးမေးမယ်"

အရှည်ကြီး၊ ဇော်မိုးနဲ့ မျက်ဝန်းတို့က ဒေါသူပုန်ထကာ တရှူးရှူးတဒိုင်းဒိုင်းဖြစ်ကုန်ကြသည်။

"နင် စဉ်းစားကြည့် မဟူရာ၊ အဲ့ဒီနေ့က ဇာနည် လာပြောတာတွေက ဘလိုင်းကြီးဟ"

ဒါကို မဟူရာလည်း ခုမှ စဉ်းစားမိသည်။

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



"ဒါကြောင့် ညီညီက ဒီလိုလူစား မဟုတ်ပါဘူးဆို" မဟူရာ့ကို အားလုံးက ဝိုင်းရှင်းပြကြသည်။

"အဲဒီတုန်းက ဂျတ်တရက်ဆိုတော့ မဟူရာလည်း ဘာမှ မစဉ်းစားဘဲ စိတ်ဆိုးမိသွားတာနေမှာပေါ့"

အဲဒီတုန်းက အဖြစ်အပျက်တွေက လျှင်မြန်တိုက်ဆိုင်လွန်းအားကြီး၍ တကယ်ပဲ မဟူရာပေါက်ကွဲခဲ့ရသည်။ တကယ်တမ်း သေချာစဉ်းစားကြည့်တော့ သွေးဆုံးသွယ်သောမဟူရာသည် ညီညီကို အလွန်ချစ်၍သာ ခုလို စိတ်ဆိုးရခြင်းပင်။

သို့သော် .....

ယောကျ်ားတစ်ယောက်ကို အထိနိုက်အနာကျင်ဆုံးစကားဖြင့် စော်ကားပြောဆိုခဲ့မိပြီးပြီ။

"ညီညီ သိပ်စိတ်ထိခိုက်သွားမှာပဲ"

မဟူရာ့ကိုပဲ အားလုံးက အပြစ်ရှိသူလို့ ထင်နေကြပြီလား။

"ဒါဆိုလည်း နည်းနည်းပါးပါးတော့ သူ ရှင်းပြသင့်တာပေါ့။ ခုတော့ သူ့စိတ်ချည်းပဲ၊ ဒီကိစ္စကြီးက မိန်းကလေးဖြစ်

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တဲ့ ငါ့ဘက်ကရော မှုက်စိနဲ့တပ်အပ် သူ့လွယ်အိတ်ထဲက တွေ့တာ စိတ်မဆိုးသင့်ဘူးလား''

''ညီညီကဟယ် ရှင်းပြရအောင်ကလည်း သက်သေမရှိ သူ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုလည်း နင်က မယုံသလို ဖြစ်သွားတာဆိုတော့ ခံစားသွားတာနေမှာပေါ့''

''ကဲပါ၊ အဓိကကတော့ ဒီကိစ္စကြောင့် ဒီလိုဖြစ်ရတယ်၊ ဒီကိစ္စ မဟုတ်ဘူးဆိုရင် ပြေလည်တယ်ပေါ့''

''ဒါတော့ဟာ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာပဲ''

''ဇာနည့်ကိုတွေ့မယ်၊ ကောင်းကောင်းမေးလို့ ကောင်းကောင်းဖြေရင်ဖြေ၊ မဖြေလို့ကတော့ သွားသုံးချောင်းလောက်ကျွတ်သွားအောင် လက်သီးစာကျွေးပစ်လိုက်မယ်''

''နေပါစေတော့ဟာ၊ ဘာမှ သွားမေးမနေပါနဲ့တော့ ရှက်စရာကောင်းတယ်''

''မရဘူး၊ ရှင်းရမယ်၊ ဒါ ငါတို့သူငယ်ချင်းညီညီရဲ့ ယောက်ျားသိက္ခာအတွက် ရှင်းရမယ်၊ ဒီကိစ္စရှင်းသွားရင် ညီညီ

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ကိုယ်တိုင်က သူ မဟုတ်ကြောင်းလာပြောရင် နှင် ကျေနပ်မယ် မဟုတ်လား မဟူရာ''

မဟူရာသည် ဘာစကားမှ ပြန်မပြောဘဲ ခေါင်းငုံ့ကာ ငြိမ်နေသည်။

မဟူရာ့မျက်ဝန်းတွင် မျက်ရည်များဝဲနေသည်ကိုတော့ ဘယ်သူကမှ မသိ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

သူငယ်ချင်းတွေကျေးဇူးကြောင့် ကျွန်တော် စဉ်းစားမရ သောကိစ္စတစ်ခု အဖြေပေါ်ရှင်းလင်းသွားခဲ့ရသည်။

သူတို့ပြောပုံအရဆိုလျှင် ဇာနည်သည် မစားရသည့် အမဲ သဲနှင့်ပက်တာမျိုး၊ ပွဲလန့်တုန်းဖျာခင်းချင်တာမျိုး၊ ကပျက် ကယက်လုပ်တာမျိုး ဖြစ်နိုင်သည်။

''ငါတို့လက်သီးရဲ့အနံ့ ရသွားလို့လား မသိဘူး၊ တစ် ယောက်တစ်ခွန်းပဲ မေးရသေးတယ်၊ ဇာနည်ဆိုတဲ့ကြောင်ချေးက လျှောချသွားတာကွ''

အရှည်ကြီးတို့က ကျွန်တော့်ကို တဝါးဝါးတဟားဟား

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ဖြင့် ဖုန်းထဲကပြောပြကြသည်။

"ဒါတောင် ခံတန်တန် လုပ်ချင်သေးတယ်"

"ဇော်မိုးမျက်နှာထားမြင်မှ အရှက်ပြေဝန်ခံသွားတာ"

"ဘာတဲ့ ဇာနည်ပြောတာ၊ ပျင်းလို့စလိုက်တာပါတဲ့လေ"

ကျွန်တော်သည် အတွေးထဲ၌ ဇာနည်ဆိုသော သကောင့်သားအား ယင်ကောင်တစ်ကောင်ကဲ့သို့ လက်ညှိုးနှင့် လက်မ ကြားဖျစ်ညှစ်ပစ်လိုက်သည်။

"ဟော့ကောင် ညီ၊ မန္တလေးမှာ ဒကျော်ကော်တော်ကြီး ဘုရားပွဲ စနေပြီ၊ လောလောဆယ် ကျောင်းပြီးစ အလုပ်မရှိသေးတဲ့ ငါတို့အားလုံးအတွက် အဲ့ဒီဘုရားပွဲက ဆွဲဆောင်နေတယ်ကွ၊ ဒါ တကယ့် မဟာအခွင့်အရေးပဲ၊ မင်းအတွက် ပိုအရေးကြီးတယ်"

ဒါလောက်ဆို ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါပြီ။

"ငါနေတဲ့ရွှေဘိုနဲ့မန္တလေးက အိမ်ဦးနဲ့ကြမ်းပြင်ပါကွာ၊

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


မင်းတို့သာ ဘယ်အချိန်ရောက်မလဲ၊ ပြီးတော့ မုန်တိုင်းစဲဖို့ သင့်နေပြီဖြစ်တဲ့ ငါ့အချစ်ရေးအတွက် မင်းတို့ မိုးလေဝသ ကြေညာပေးကြပါဦး''

''မသာ၊ ထွက်ပြေးတုန်းကပြေးပြီး ခုမှ၊ အရပ်ကုပါ လူဝိုင်းပါ လာမလုပ်နဲ့၊ မန္တလေးလာမယ့်အထဲမှာ မဟူရာပါမှာ မဟုတ်ဘူးနော်''

''.............. ''

ကျွန်တော်က ဖုန်းထဲမှနေ၍ လှမ်းဆဲလိုက်သည်။

အညာနေသည် သီတင်းကျွတ်ပြီးသွားသော်လည်း ပူနွေးနွေး ဖြစ်နေဆဲပင်။

မန္တလေးသွားမည့်ခရီးအား ရွှေဘိုမှ သူငယ်ချင်းများဖြစ်ကြသော ဝင်းမောင်နှင့် သိန်းလွင်က နှစ်ခါမခေါ်ရဘဲ လိုက်ဖို့ ပြင်သည်။ အိမ်ထောင်ကျစ နိုင်ဇော်အောင်တစ်ယောက်ကသာ

''တော်သလင်းလမှာ ရွှေဘိုမြို့ထောင့်စေတီပွဲကို ကဲ ချင်တိုင်းကဲပြီးကာစပဲ ရှိသေးတယ်၊ အခု မန္တလေးကျောက်တော်ကြီးဘုရားပွဲသာ လိုက်လို့ကတော့ မိန်းမအိမ်ပေါ်က

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



ဖနောင့်နဲ့တင်ပါးကပ်ပြီး ဆင်းရလိမ့်မယ်''

ဟု ဆိုကာ မလိုက်ဖြစ်ကြောင်း ပြောသည်။

''နေကွာ၊ ငါတို့ လူပျိုတွေပဲ သွားမယ်''

သို့နှင့် ရန်ကုန်က ထွက်လာမည့် ဇော်မိုးတို့နှင့်ရက်ချိန်းကာ ကျွန်တော်တို့ မန္တလေးမှာ ဆုံကြမည်ဖြစ်သည်။

မန္တလေးသို့ မဟာ့ရာကို အပါခေါ်လာကြမှာ သေချာသိနေသောကြောင့် ကျွန်တော့်ရင်သည် ဘုရားပွဲက နတ်ဒိုးအတိုင်း မြိုင်ဆိုင်မြူးကြွနေ၏။

မဟာ့ရာကရော အဘယ်သို့ ရှိလေသနည်း။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

"မန္တလေးကျောက်တော်ကြီးဘုရားပွဲ၊ ဟုတ်လား"

"အေးပါဆို မဟုတ်ရာရယ်၊ အဲ့ဒါ မြန်မာတစ်နိုင်ငံလုံး အနယ်နယ်အရပ်ရပ်က လူတွေလာကြတဲ့ပွဲပဲ၊ အရမ်းစည်တာ"

"မေမေ လွှတ်မယ်မထင်ဘူးဟ"

"တစ်ခါတလေပဲဟာ၊ နောက်ဆို အလုပ်အကိုင်တွေနဲ့ ဖြစ်ကုန်ရင် ဒီလိုအခွင့်အရေးမျိုး ရှိတော့မှာ မဟုတ်ဘူး"

"လိုက်တော့ လိုက်ချင်သား"

"Field ဆင်းမှာလို့ ပြောလေ"

"ဘုရားပွဲသွားမှာကို မိဘ မလိမ်ချင်ပါဘူးဟယ်"

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



"ငါတို့က သူငယ်ချင်းတွေနဲ့ စုစုစည်းစည်းပျော်ချင်ကြလို့ပါဟယ်၊ အားလုံးသွားကြမှာကို နင်တစ်ယောက်ထဲ ကျန်ခဲ့မယ်ဆိုရင် ဘယ်လိုစိတ်ကောင်းနိုင်ကြပါ့မလဲ မဟူရာရယ်"

ဝေဝေ့လေသံနှင့်မျက်နှာပေးကြောင့် မဟူရာ အတော်အားနာသွားရသည်။ ပြီးမှ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချပြီးပုံနှင့်

"မေမေ့ကို အမှန်အတိုင်းပဲ ဖွင့်ပြောပြီး လိုက်နိုင်အောင်ကြိုးစားပါ့မယ်ဟာ"

"ဟေး"

"ဝေး"

မိတိုးနှင့်ဝေဝေက သံပြိုင်အော်လိုက်ကြသည်။

"ခချိန်လေးပဲ သူငယ်ချင်းတွေအားလုံး စုံစုံညီညီတွေ့နိုင်မှာလေ၊ နောက်ပိုင်း လုပ်ငန်းခွင်ဝင်၊ အိမ်ထောင်တွေကျကုန်ကြရင် တွေ့ဖို့ မလွယ်တော့ဘူး"

"အေးပါ၊ ဟုတ်ပါတယ်၊ ငါလည်း ပျော်ချင်ပါတယ်ဟယ်"

"စိတ်ချ မဟူရာ၊ နင် မန္တလေးရောက်ရင် ထင်ထား

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



တာထက် ပိုပျော်သွားလိမ့်မယ်''

ဒါကိုတော့ မဟူရာ သေချာမပြောနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် မဟူရာ့တွင် အလွမ်းခါတ်ခံက ရှိနေသည် မဟုတ်ပါလား။ ဒါကြောင့်လည်း စိတ်ပြေလက်ပျောက်သဘောလိုက်ချင်တာလည်း ပါပါသည်။

ဘာပဲဖြစ်ဖြစ် မဟူရာ မေမေနှင့်ဖေဖေ့ကို ခွင့်တောင်းလိုက်သည်။ ထင်ထားသောအထင်နှင့် လုံးဝဆန့်ကျင်ကာ အဆင်ပြေသွား၏။

''သမီးဘဝခရီးကို သမီးဖာသာ ဘာမဆို ရွေးချယ်ဆုံးဖြတ်ရမယ့်အရွယ်ရောက်နေပြီပဲ၊ ဒီခရီးလောက်ကို ခွင့်ပြုတာပေါ့ သမီးရဲ့''

''ဖေဖေ့သမီးက လိမ္မာပြီးသား၊ တစ်ခါတလေ လွတ်လွတ်လပ်လပ်သာပျော်၊ ကြားလားသမီး''

မဟူရာ တကယ်ပဲပျော်သွားရသည်။

ကြော် ဒီခရီးမှာ ညီညီသာပါရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ရုတ်တရက်ဝင်လာမိသော သတိတရအတွေးကြောင့် မဟူရာ့ခေါင်းကို ခါရမ်းလိုက်မိသည်။ မတွေးချင်ပါ။ တွေးမိရင် ညီညီ့ကို လွမ်းသည်။

မွေးနေ့လက်ဆောင်အဖြစ် ညီညီလုပ်ပေးထားသော ပိုစတာထဲမှ မဟူရာသည် အပြင်မှမဟူရာကို လှလှပပ ပြုံးပြနေပါ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

မန္တလေးသို့ ကျွန်တော်၊ ဝင်းမောင်နှင့် သိန်းလွင်တို့ ရောက်သောအခါ ဈေးအတန်အသင့်ရှိသော တည်းခိုခန်း၌တည်းကြသည်။

"အမျိုးတွေအိမ်တည်းရင် မလွတ်လပ်ဘူးကွ၊ ပြီးတော့ အားနာနေရဦးမယ်"

ဟုဆိုကာ အားလုံးက တည်းခိုခန်းမှာနေဖို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၏။

"မန္တလေးမှာ မျက်ဝန်းရဲ့အဘိုး၊ အဘွားအိမ် ရှိတယ်တဲ့ ငါတို့အားလုံး အဲဒီမှာပဲ တည်းကြမှာ၊ အပေါ်တစ်ထပ်လုံး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



အားနေတာတဲ့''

အရှည်ကြီးပြောပြထား၍ ဒါကို ကျွန်တော်သိပြီးဖြစ်သည်။ ပြီးလျှင် .....

''မန္တလေးရောက်ရင် မင်းတည်းတဲ့နေရာကို ဒါတို့လာခဲ့မယ်၊ မင်း မလာနဲ့''

ဟုလည်း ကျွန်တော့်ကို မှာထားသည်။

''အမိန့်တွေကလည်း ပေးလိုက်ပြောကောင်းလွှာ၊ မင်းဟို ကောင်တွေ နေ့ချင့်ဦးမပါ၊ မဟုတ်ရာခွင် ပြေလည်သွားပြီးမှ သိမယ်''

ဟု ကျွန်တော်က ကြိမ်းဝါးမိသည်။

''ကျေးဇူးကန်းမဲ့ကောင်၊ ဒင်းထိုက်နဲ့ဒင်းခံနေပေရော့ဆိုပြီး ပစ်ထားလိုက်ရင် အကောင်းသား''

ပြောထားသည့်အတိုင်း ကျွန်တော်တည်းခိုရာကို ဖေမိုး ရောက်လာသည်။

''ဟော့ကောင် ညီ၊ ညနေ ခြောက်နာရီမှာ တောင်ဘက်ကျုံးရိုး၊ ၇၈ လမ်းတဲ့တဲ့က သစ်ပင်ကစောင့်နေ၊ ငါတို့

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



ကျိုးပတ်လည် လမ်းလျှောက်မယ်ဆိုပြီး ထွက်လာခဲ့မယ်''

ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ။

တို့ကြောင့် .....

ဘစ်နေကုန် ဖင်တကြွကြွနှင့် ဂဏှာမငြိမ်ဖြစ်နေသော ကျွန်တော့်ကို ဝင်းမောင်နှင့် သိန်းလွင်က ''မျက်စိနောက်လိုက်တာကွာ''ဟု ဆိုကာ ဈေးချိုသူများငမ်းရန် ထွက်သွားကြ၏။

ကျွန်တော့်မှာတော့ ညနေ ၁တ်ရန်အတွက် အ၀တ်အစားကိုပင် ဘယ်ဟာမှ စိတ်တိုင်းမကျ ဖြစ်နေရသည်။

ငုတ်စိငုတ်စိထွက်နေသော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကို ရိတ်သည်။

''ဒီလိုဆိုတော့လဲ တယ်ချောခန့်လှတဲ့ ငါပါလား''

ကိုယ့်ဖာသာ စိတ်ထဲက ခပ်ပေါပေါချီးမွမ်းလိုက်သည်။ ညနေ ၅ နာရီထိုးတော့ အပြင်ထွက်ဖို့ ပြင်သည်။ ဝင်းမောင်နှင့် သိန်းလွင်က .....

''ထွက်လာတော့လဲ ဒါ ဒါပါပဲကွာ''

ဟု ထောပနာပြုလေ၏။

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



တစ်နေ့ကုန် ဖုန်နံ့သင်းသင်းနှင့် ပူစပ်စပ်မန္တလေးရာသီဥတုက ညနေ နေဝင်ပြီး မှောင်ရိပ်သမ်းစပြုလာသောအခါ နေ့ခင်းက သူ မဟုတ်သလို လေတဖြူးဖြူးနှင့် အေးမြမြဖြစ်နေသည်။

မန္တလေးညနှင့် ကျုံးမြို့ရိုးသည် မရိုးနိုင်အောင် အခါများစွာ ကျွန်တော့်အား ဖမ်းစားချုပ်ရှိသည်။ ထိုမျှသာယာသော မန္တလေး၏ ညအလှပါတကား။

ပြောထားသည့်အချိန်တော့ ရောက်နေပြီ။ ဟော ပြောရင်းဆိုရင်း ဟိုရှေ့က အုပ်စုဟာ အရှည်ကြီးတို့အုပ်စုမှ အုပ်စုအစစ်။

အရှည်ကြီး၏ ရှည်ကိုင်းသောအရပ်ကြီးက မှားစရာအကြောင်းမရှိသလို ကျွန်တော့်ချစ်သူ မဟူရာ၏ ဖြူဖြူဝင်းဝင်းတောက်တောက်ပပအလှသည်လည်း မမြင်နိုင်စရာ မရှိ။

ကျွန်တော် မှင်သက်နေဆဲ သူတို့အားလုံး အနားရောက်လာကြသည်။

ကျွန်တော်နှင့် မဟူရာ မျက်နှာချင်းဆိုင်ဆုံမိပြီး

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com


ကျွန်တော် ဒီအခြေအနေမှာ ထုံထိုင်းအပြနေ၍ မဖြစ်မှန်း ကျွန်တော့်ကိုယ် ကျွန်တော် သတိပေးရသည်။

''မဟုတ်ရာ''

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ငေးစိုက်ကြည့်နေမိကြ၏။

''ကဲ ငါတို့အားလုံး တတ်နိုင်တာကတော့ ဒီလောက်ပဲ၊ ကလေးတွေလည်း မဟုတ်ကြဘူး၊ ကျန်တာ မင်းတို့အပိုင်းပဲ'

မျက်ဝန်းက ခပ်အေးအေးပင် ဝင်ပြောသည်။

''ကိုညီ၊ တော်တော်ကြောင်တာပဲ''

''နောက်တစ်ခါ ဘာမှ ဝင်မပါတော့ဘူး''

မိတိုးနှင့်ဝေဝေက ကျွန်တော့်ကို မေတ္တာပို့သည်။

''ဘာမှ မပါလို့တော့ ဘယ်ဖြစ်မလဲ''

ဇော်မိုးက ဝင်နောက်သည်။ အရှည်ကြီးက

''ကဲ ကဲ ငါတို့ ဘုရားပွဲဘက် သွားကြရအောင်၊ သူတို့ ဖာသာနေခဲ့ကြပေတော့၊ ငါတို့လက်က ကျွတ် ပြွတ်''

''ဟင့်အင်း လိုက်မှာပဲ''

www.burmeseclassic.com
Scanned by CamScanner

www.burmeseclassic.com



မဟူရာက မိန်းမတို့သဘာဝအတိုင်း မူသည်။

''အေး လိုက်ချင်လည်း နောက်ကသာ လိုက်ခဲ့ကြပေတော့ .....''

''ကဲမနေနဲ့ မဟူရာ၊ ပြီးရင် နင်ပဲ မချစ်ဘဲနဲ့လည်း နေနိုင်တာ မဟုတ်ဘဲနဲ့''

''သွားကြမယ် ဟေ့၊ ဘော်ဒါတို့ရေ''

BURMESE CLASSIC .com

သူငယ်ချင်းများအားလုံးက မဟူရာ့စကားကို ဘယ်သူကမှ ဂရုမစိုက်ပါ။ စောင့်လည်း မစောင့်ဘဲ အုပ်စုလိုက် ထွက်သွားကြသည်။

သူတို့အားလုံး ထွက်သွားတော့ ကျွန်တော်က မဟူရာ့အနားတိုးသည်။ မဟူရာနှင့် နီးသည်ထက် နီးအောင် တိုးသည်။

''မဟူရာ''

''သွားပါ''

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com



မဟူရာ့ ရုတ္တူတူနူတ်ခမ်းလေးကို ကျွန်တော့် မချင့်မရဲ ငေးလိုက်မိသည်။

ငလာလောဆယ်တော့ ကျွန်တော် မဟူရာ့လက်ကလေး တစ်ဖက်ကိုသာ ဆွဲကိုင်လိုက်ပါ၏။

ကိုယ့်နှလုံးသားကို မင်းအချစ်တွေနဲ့ ခြေရာထင်အောင် ထပ်နှင်းပါဦးလား မဟူရာရယ်။

ပြီး

လင်းပဝဒီ

www.burmeseclassic.com

Scanned by CamScanner

www.burmeseclassic.com

# လင်းပဝဒီ

## နှလုံးသားကိုနှင်းတဲ့အချစ်ခြေရာ




www.burmeseclassic.com